www.burmeseclassic.com

# စဝါ ဒုင်းခ

## ဝိုးတဝါးပတ်ပျိုး




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# ဓဝင်း ဒုနှင်းခ

BURMESE CLASSIC .com

# ဝိုးတဝါးပတ်ယိုး

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၀၇၉၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၁၃၆၀၂၁၂

အကြိမ် – ပထမအကြိမ်၊
၂၀၁၂ ခုနှစ်၊ မတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ဒီနိုင်းခ
ဝိုးတဝါးပတ်ပျိုး/ ဒီနိုင်းခ၊ ရန်ကုန်။ ရွှေသမင်စာပေ၊
၂၀၁၂။
၂၂၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ဝိုးတဝါးပတ်ပျိုး






တကယ် လွမ်းတတ်ရင်

အလွမ်းဆိုတာ နေ့ပြန်တိုးလိုပဲ ...။

အဆုံးအစမဲ့ နှစ်ရှည်စိမ်ကိန်းတွေ

မျက်ရည်တွေ ရှုံးချိန်းယူရမယ့် ပွဲ ...။





www.burmeseclassic.com

www.burmeseclassic.com



မာနတရားရဲ့ အကျော်ကြားဆုံး ခံယူခွင့်စာအုပ်မှာ မင်းနာမည်နဲ့ မင်းစာရင်းက ထိပ်ဆုံးကပေါ့ နှင်းဆီ ..၊

တချို့ကို ဇက်ကြိုးတပ်၊ တချို့ကို ချုပ်ကြိုးတပ်၊ တချို့ကို ချည်တိုင်မှာ ချည်၊ တချို့က သောကကို ထမ်းပိုးတင်ပြီး မနိုင်မနင်း ဝန်နဲ့ ခရီးနှင်နေလိုက်ကြတာ ..။

တချို့ကတော့ မင်းရဲ့ချည်တိုင်မှာ တဝဲလည်လည်နဲ့ ကမ္ဘာပတ်သူလို တစ်ပတ်ပြီးတစ်ပတ် တစ်ရစ်ပြီးတစ်ရစ် ဝဋ်ကြွေးတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ချည်နှောင်မှန်းမသိ ချည်နှောင်ရင်းနဲ့ပေါ့ နှင်းဆီ..၊

တကယ်တော့ စာနာနားလည်ခြင်းမရှိတဲ့ နှလုံးသားနဲ့ မင်းက တောက်ပအောင် လှလိုက်တာ နှင်းဆီ ရယ် ..။





တချို့က ဆိုကြတယ် ...

မီးတောက်လေးနဲ့ ရဲရဲမြ သွေးစက်ကို ဆေးသွင်းထားတဲ့ နှင်းဆီ တဲ့ ..။

တချို့ကတော့ ...

ရွှေစင်နဲ့ သွန်းလုပ်ထားတဲ့ ထွင်းဖောက်အားကောင်းတဲ့ ကျည်တစ်တောက်တဲ့ ..။

ဘယ်လိုဖြစ်ဖြစ်ပါ.. အသည်းကွဲပြရုံနဲ့ မင်း ရာဇဝင်မှတ်စုမှာ အမှတ်မီတဲ့ အောင်ချက်အကောင်းဆုံး သူရဲကောင်းလို့ တီတီတာတာစကားနဲ့ ချုပ်ကြိုးတွေ တပ်၊ နှင့်အတွက် ရယ်စရာလူသားဆုဖလားတွေ ဘယ်လောက်များနေပြီလဲ နှင်းဆီ ..။

သိပ်အဆန်းတကြယ်တော့ မဟုတ်ပါဘူး နှင်းဆီ ..။

မမြင်ဖူးပေမယ့် ရင်စူးအောင်လှတဲ့ အလှတရားကြောင့် မြင်ရုံနှင့် နှင်းဆီချို လို့ တန်းပြောနိုင်တာ နှင့်အလှတရားက ကျော်ကြားခဲ့တာကိုး ..။

ပြီးတော့ နှင်းနဲ့ပတ်သက်တဲ့ နှင့်ရဲ့ ၁၅၀၀ ဇာတ်တော်မှာ လိုလိုလားလား အသည်းကွဲပြဖို့ တန်းစီစောင့်ဆိုင်းသူတွေက အများသားနော် ..၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း အသည်းကွဲတယ်ဆိုတာ အချစ်အသစ် တစ်ဖန် ရှင်သန်ခြင်းလို့ ဆိုမလား ..။

ဒါမှမဟုတ် သောကြာနတ်သမီးရဲ့မြားချက်လား .. ငါ သိချင်တယ် နှင်းဆီ ရေ ..။

ထပ်ပြီး မင်းအလှတရားကို ချီးမွမ်းရရင် အကွေရာတွေ အရည်ကျိုသောက်ပြီး စာအံသလို အံရရင် မင်းရှေ့မှာ စကားလုံးတွေ တောင် လိုပုံတော့မယ်။





○ မင်းအကြည့်က ဘယ်လိုမှ မထိ
နိုင်ရည် ရှိတယ် ..၊

○ မင်းအကြည့်ကြောင့်
ဘယ်လိုမှ မယိမ်း
ချော်လဲရောထိုင် ယိုင်နဲ့ခြင်း မရှိ။

○ ထူးခြားတယ်ထင်ရင်လည်း ထင် ..
အပူရှိလို့ အေးသွားရင်
ယုကြည့်ခမ်း ငါ့အသည်းကို
အသည်းမာလို့လား ...
မဟုတ်ဖူး ထင်တယ် ..၊
နှစ်ရှည်ထောင်သောင်း
အဆိပ်ပေါင်းတွေကြောင့်
ကြည့်ခမ်း ငါ့အသည်းကဲ မည်းပြာနေတယ်
အဲဒါကြောင့် ထင်တယ် ..။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲ .."

ကျွန်တော့်အမေးက ရှင်းပေမယ့် အမေးခံရသူက ဒါလေးတောင် မသိဘူးလားဆိုတဲ့အကြည့်နဲ့ ကျွန်တော့်ကို ပစ်ပေါက်ပါတယ်။

"အဲဒါ .. အဆိပ် ..."

"ဗျာ!..."

ထိုလူက မဗျာနဲ့ ဆက်ကြည့်လို့ အဓိပ္ပာယ်ရှိတဲ့အကြည့်နဲ့ ကြည့်သည်။

ကျွန်တော် စာအုပ်ကို ဆက်မဖတ်ဖြစ် ..။

"ဒီကောင်လည်း ဆူးငြိနေပြီလေ"





စာအုပ်ထဲက ဇာတ်လမ်းကို အသာထားပြီး အပြင်ကဇာတ်လမ်းကို စိတ်လိုလက်ရ ကြည့်မိသည်။

အဆိပ်သည် သွေးကြွစရာကောင်းအောင် လှနေပါသည်။ မလှဟာက လက်ရှိအခြေအနေပါ။

"မင်း .. ဘာဖြစ်လို့ တွဲခဲ့တာလဲ နှင်းဆီ"

နှင်းဆီ လို့ အမည်ရတဲ့ ကောင်မလေးက သူမလိုလှပတဲ့ ကားလေးကို မှီနွဲ့ကာ နေသည်။

"ပျင်းလို့ .."

"ဘာတဲ့ .. ပျင်းလို့ဟုတ်လား .. နှလုံးသားဆိုတာ အပျင်းပြေကစားစရာ မဟုတ်ဘူး နှင်းဆီ"

နှင်းဆီ က ဆူးတွေဝံ့ကြွားကြွားနှင့် ပြုံးသည်။

ပြီးတော့ ...

"မင်း ဘာလို့ ဒေါသတွေထွက်နေရတာလဲဟင်၊ မင်းကို တို့ပြောထားသားပဲ .. တို့ မင်းနဲ့တွဲနေတာ မိုးအရမ်းသည်းနေလို့ မိုးခိုတဲ့သဘောပါပဲလို့၊ အခု မိုးတိတ်လို့ မင်းဆီက ထွက်ခွာခဲ့တာပဲ၊ မင်းသဘောထားကြီးရမှာပေါ့၊ မိုးဆိုတာ အမြဲတမ်း ရွာနေသရွေ့ တို့လည်း အရိပ် တစ်ခုပြီးတစ်ခု အောက်ကို မိုးခိုရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း .. ကွာ ..."

ကျွန်တော် စာအုပ်ကို သိသိသာသာ ချမိပါတယ်။ ကျွန်တော်နှင့် အတူရှိနေတဲ့လူက သက်ပြင်းချရင်း ...

"ခဏနေရင် နောက်ထပ် မိုးခိုမယ့်အရိပ်သစ်တစ်ခု သူ့ရှေ့ရောက်လာတော့မယ်"

ကျွန်တော် ခေါင်းမညိတ်မိခင်မှာ သူမ မှီထားတဲ့ကားထက် ပိုလှတဲ့ ကားသစ်လေးတစ်စီးက သူမတို့အနားကို ရောက်လာပါတယ်။

ခုနကားက သူမလိုလှပေမယ့် အခုကားလေးက သူမအလှတရားတွက် ပိုမို ဂုဏ်တက်စေမယ့်သဘောပါ။

လမ်းခွဲတဲ့သူက လမ်းခွဲသွားပါပြီ ..၊

မိုးခိုမှီတဲ့ အရိပ်လေးကတော့ မိုးခိုသူရဲ့ နောက်ထပ် ခိုသူမရှိအောင် အရိပ်ကို ဖျက်ဆီးသွားသလိုပါပဲ။

"ဒါပါပဲလေ .. နှင်းဆီချို ရဲ့ပုံပြင်တွေကတော့ တစ်ပုဒ်ထက်တစ်ပုဒ် ဆန်းသစ်ပြီး ပြောမဆုံးအောင်ပဲ သူငယ်ချင်း၊ လူတိုင်း သူ့ပုံပြင်မှာ ဇာတ်ကောင်အဖြစ် ရှိချင်ခဲ့တာ ဆန်းတော့ အဆန်းသားကွ"





ကျွန်တော် ထိုသူ့စကားကြောင့် လေးလေးနက်နက် တုံ့ပြန်ပြောမိပါသည်။

"သူ့ဆူးနဲ့ ငြိမိရင် သွေးပျက်လောက်တဲ့ဒဏ်ရာကို ရမယ်မှန်း သိနေကြပေမယ့် အဲဒီဝေဒနာ အရသာကို ခံချင်နေကြတာ အံ့သြစရာပဲနော်"

ထိုသူက ရယ်ရင်း ...

"ခင်ဗျား ဆိုရင်ရော ..."

ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိလိုက်ပါသည်။ ကျွန်တော့်လိုပဲ ထိုသူကလည်း ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော .."

"ခင်ဗျား ..."

ကျွန်တော်နဲ့ ဟိုတစ်ခါတွေ့ခဲ့တဲ့ ထိုလူ ..။

"ဘယ်ကို လာတာလဲ"

ကျွန်တော် မေးဆတ်ပြတော့ ထိုလူက ကျွန်တော့် မေးဆတ်ပြရာကို ကြည့်သည်။

"ခင်ဗျား သူ့ကို စိတ်ဝင်စားနေပုံ ရတယ်"

ထိုလူရဲ့စကားကြောင့် ကျွန်တော် ခေါင်းညိတ်ပြတော့ ထိုလူ ပါးစပ်အဟောင်းသားနဲ့ ကြည့်သည်။





"ဘယ်လို!..."

"ကျွန်တော် စိတ်ဝင်စားတာက သူ ကျွန်တော့်ဆီမှာ မိုးခိုဖို့ မဟုတ်ပါဘူး .. ကျွန်တော်က နေခြောက်လှန်းတာပဲ ဝါသနာပါတယ်"

ထိုသူက ပြုံးသည်။

"ဒါကြောင့် ခင်ဗျား သူ့အကြောင်း သိုးစစ်လုပ်ဖို့ လိုက်လေ့လာနေတာပေါ့"

"မဟုတ်ပါဘူး .. အကြောင်းတိုက်ဆိုင်ရင်း လေ့လာသလို ဖြစ်သွားတာ"

ကျွန်တော်တို့နှစ်ယောက် ကြည့်နေစဉ်မှာ နှင်းဆီချို တို့ သုံးယောက် ကော်ရစ်တာမှာ မီးရင်း စကားတွေ ပြောနေကြရာမှ နှင်းဆီချို က ဖြတ်လျှောက်သွားတဲ့ ကျောင်းသားတစ်ယောက်ကို...

"ဟေ့ ... ခဏ .."

ကျောင်းသားက သူ့ကိုခေါ်တာ မထင်ဘဲ ဟိုကြည့်ဒီကြည့် လှမ်းကြည့်နေပါသေးတယ်။

"ဩော် .. မင်းကို ခေါ်တာပါဆို .."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!..."

ကျောင်းသားက သိန်းဆု ဆယ်ဆုကို တစ်ပြိုင်နက်တည်း ပေါက်သွားသလို ဝမ်းသာသွားပုံ ရပါတယ်။

"ဟို .. ဘာများ ခိုင်းမလို့လဲ"

စရိုက်ကြမ်းတဲ့ ဆံရာမရှေ့ကို ရောက်သွားတဲ့ ကျောင်းသားလိုလို ..

ဒီနေ့ ဘောနပ်တိုးမယ့်နေ့ရက်မှာမှ မန်နေဂျာရှေ့ စာရင်းအမှားတွေ တင်ပြမိလို့ ဘောနပ်စ် မရမှာစိုးမိတဲ့ ဝန်ထမ်းလိုလိုနဲ့ လက်တွေ ပွတ်နေတာကြောင့် နှင်းဆီ က မျက်မှောင်ကြုတ်မိရင်း...

"ဘာတွေ ပေနေလို့လဲ"

"ဘာ ... ဘာမှ မပေပါဘူး"

နှင်းဆီ ပြုံးသည်။

တော်တော် အထက်စီးဆန်တဲ့ အပြုံးပေါ့ ..၊

"ရှင့်မှာ ကားပါလား .."

"ဗျာ!..."

"ဩော် .. ရှင် ကားနဲ့ ကျောင်းတတ်တာ မှတ်လားလို့"





"ဟုတ်ကဲ့ .."

"အဲဒါဆိုရင် ကျွန်မဗိုက်စာလို့ ရွှေပုစွန်က မုန့်တစ်ခုခု သွားဝယ်ပေးပါ။ ဗိုက်ဆံ စိုက်ထားလိုက်ပေါ့၊ ဒါနဲ့ ရှင် အားရော အားရဲ့လား .."

"ဟာ .. အားပါတယ်"

"ဒါဆို သွားတော့"

ထိုလူက အောင်မြင်ကျော်ကြား အစွမ်းရရှိတဲ့ သိုင်းကွက်ကို ခေထင်မှတ်ဘဲ ရသွားသလို လှစ်ခနဲ လှည့်ထွက်မလိုလုပ်တော့ ...

"ခဏလေး .."

"ဗျာ .."

"ရှင် ဒီနေ့ ကျောင်းကအပြန် အိမ်လိုက်ပို့ပေးနိုင်မလား"

"ဗျာ!... ဟာ .. ရတာပေါ့"

"အိုကေ"

ဝမ်းသာလုံးဆို့ပြီး ခလုတ်မတိုက်မိရုံ ပြေးထွက်သွားပါသည်။ ကောင်မလေးတစ်ယောက်က လှမ်းပြောပါတယ်။

"ဟဲ့ ... ဒီကောင်က ဘယ်သူလဲ"

နှင်းဆီ က နှုတ်ခေါင်းရှုံ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေက ရွှေဆိုင်ဖွင့်ထားတာ၊ သူ့အမေကတော့ ပြောတာပဲ သူ့သားက စာကလွဲရင် ဘာမှစိတ်မဝင်စားဖူးတဲ့၊ အေးနော် .. သူ့အမေစကားအတိုင်း စာကလွဲလို့ အားလုံးကို စိတ်ဝင်စားပုံ ရှိတယ်"

ရယ်သံတွေကို ကျွန်တော်တို့နှစ်ယောက်လုံး အတိုင်းသား ကြားမိပါသည်။

ထိုလူက ကျွန်တော့်ဘက် လှည့်ရင်း ...

"လာဗျာ ... လက်ဖက်ရည်သွားသောက်ရအောင်"

"ဗိုက်လဲ ဆာတယ်ဗျ"

"ဆိုင်ကျမှ လက်ဖက်ရည်နဲ့ နှင်းဆီချို ကို တွဲမြည်းပေါ့ဗျာ"

ကျွန်တော် ရယ်မိပါသည်။





နှင်းဆီရနံ့တွေ ကန်တင်းတစ်ခုလုံးကို အပိုင် စိုးမိုးထားပါပြီ။ မိုးသီ က ခပ်တိုးတိုး ပြောပါသည်။

"အချို့ .. နင့်ရနံ့ကြောင့် ကန်တင်းတစ်ခုလုံး ကျောက်ရုပ်ဖြစ်ကုန်ပြီ"

နှင်းဆီ ဝေ့မကြည့်ပေမယ့် သိပါတယ်။

ပြီးတော့ သူ့အလှကို သူ ယုံသည်။

သူမကိုကြည့်နေတဲ့ ပုရိသယောကျ်ားတွေရဲ့အကြည့်က တပ်မက်ခြင်း အဆီအငွေ့တွေ ပါသလို ရဟန်းစကားနဲ့ပြောရရင် မာတုဂါမလေးတွေရဲ့ အကြည့်က တချို့က အားကျသလို တချို့က သူတို့ရဲ့ တွဲဖော်တွဲဖက်တွေရဲ့ အာရုံကို သိမ်းကျုံးယူထားတဲ့ သူမကို အမြင်ကတ်တဲ့အကြည့်လည်း ပါချင်ပါမှာပေါ့ ..။



www.burmeseclassic.com

www.burmeseclassic.com



နန်းယု ကတော့ ကန်တင်းထဲမှ စားပွဲလွတ်မရှိအောင် များပြားလှတဲ့ စားသုံးသူတွေကို စိတ်ပျက်လက်ပျက်ကြည့်ပြီး ...

"ဒီနေ့မှပဲ သိန်းဆုတွေ ဒါဇင်လိုက်ပေါက်ကြလို့လား မသိဘူး .. ဝိုင်းကို ပြည့်နေတာပဲ"

မိုးသီ က စသည်။

"ဘာဝိုင်းလဲ .. ကိုးမီးဝိုင်းလား"

"ကိုးမီး ... မဟုတ်ဘူး ဆယ့်တစ်မီး"

မိုးသီ က အရွှမ်းဝင်ဖောက်တော့ နန်းယု မျက်စောင်းထိုးပြီး မိုးသီ က အခွင့်ကောင်းချောင်းနေတဲ့ တိုက်စစ်မှူးလို ...

"ဟဲ့ ... ဟိုဝိုင်းမှာ တစ်ယောက်တည်းထိုင်ပြီး စာအုပ်ဖတ်နေတဲ့ သကောင့်သားဝိုင်းမှာ ဝင်ထိုင်ကြရအောင်"

"အေး ... ဟုတ်တယ်ဟ .. မြန်မြန်"

သုံးယောက်သား ခပ်သွက်သွက် စာအုပ်ဖတ်နေတဲ့ ကျောင်းသားရဲ့ဝိုင်းမှာ ဝင်ထိုင်ပြီးမှ မိုးသီ က ကျောင်းသားကို ခွင့်တောင်းသည်။

"ထိုင်မယ်နော်"

လူရွယ်က စာအုပ်ကို စိတ်ဝင်တစားဖတ်နေရင်း လှည့်၍ပင်





မကြည့်ဘဲ ခေါင်းညိတ်ပြရုံ ညိတ်ပြတော့ နှင်းဆီ မျက်မှောင်ကြုတ်သွားသလို ဖြစ်သွားတာကြောင့် နန်းယု နှင့် မိုးသီ က ကျိတ်ပြုံးသည်။

အထက်တန်းကျောင်းကတည်းက တွဲလာသူမို့ နှင်းဆီ ဘာကြောင့် မျက်မှောင်ကြုတ်သွားသလဲဆိုတာ နန်းယု တို့ သိတာပေါ့..။

သူမကို မကြည့်ဘဲနဲ့ ခေါင်းညိတ်ပြရုံ ညိတ်ပြတဲ့ ဒီယောကျ်ား ဘာသဘောလဲ ..၊ ဘာအထာလဲပေါ့ ..။

နှင်းဆီ ခပ်ရေးရေး ပြုံးမိသည်။

ဘယ်လောက် ခံနိုင်ရည်ရှိမှာလဲ .. တစ်မိနစ်လား .. နှစ်မိနစ်လား .. နှင်းဆီ အပြုံးကို မိုးသီ က ရိပ်မိကာ နှင်းဆီ က စ,သည် လက်ညှိုးတစ်ချောင်း ထောင်ပြသည်။

ပြီး နှစ်ချောင်း .. နောက်ပြီး ငါးချောင်း ..။

သဘောက ဒီလူ ဘယ်လောက် ခံနိုင်ရည် ရှိမလဲ။ တစ်မိနစ်လား .. နှစ်မိနစ်လား .. ငါးမိနစ်လားဆိုတဲ့ သဘော ..။

နှင်းဆီ က အသံတိတ်သဘောနှင့် အမြဲတမ်း လောင်းနေကြအတိုင်း လက်သုံးချောင်း ထောင်ပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ .. အခုချိန်ထိတော့ သူမ သုံးမိနစ်အတွင်း အနိုင်ယူခဲ့တာပါပဲ။

မိုးသီက ဆက်ပြီး မေးဆတ်သည်။ ဘာကြေးလဲပေါ့ ..။

နှင်းဆီ က စားပွဲကို လက်ညှိုးနှင့်ဝေ့ပြီး ရမ်းပြသည်။ တစ်ဝိုင်းကြေးဆိုတဲ့သဘော။ မိုးသီ က ပွဲစပြီဖြစ်ကြောင်း လက်မထောင်ပြပါသည်။

သူမတို့ စားစရာရှိတာကို အသီးသီး မှာကြပါသည်။ လူရှယ်က လုံးဝ လှည့်မကြည့်ပေ ..။ နာရီကြည့်တော့ တစ်မိနစ် စွန်းနေပါပြီ။

မိုးသီ က ပြုံးစေ့စေ့ ..၊ နောက်ဆုံးတော့ သောတအာရုံနှင့် ဆွဲဆောင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"ရဲနီကျော်ဒင် .. သူ ဒီကိုလာမယ်တဲ့"

"ဟင်!... တကယ် .."

နန်းယု က ရုတ်တရက်မို့ ကြောင်သွားပါတယ်။ မိုးသီ က နာရီ တကြည့်ကြည့်နှင့် သူမကို ပြောသည်။

"နှင် ဆုံးဖြတ်ပြီးပြီလား"

သူမ ခေါင်းညိတ်သည်။

"အဖြေက ..."





"အေးဆေးပေါ့ဟာ"

"ဟဲ့ ... မအေးဆေးနဲ့"

မိုးသီ စကားကြောင့် နာရီကြည့်တော့ သုံးမိနစ်တိတိ။ သူမ ..ပြီပေါ့ .. သူမ နှုတ်ခမ်းကိုက်မိပါတယ်။

သူမပုံစံကြောင့် မိုးသီ က ပြောင်စပ်စပ်နှင့် သူမကို ခေါ်ပါသည်။

"အချို .."

"ဗျာ ..."

လူရှယ်ရဲ့ ထူးသံကြောင့် အားလုံး ကြောင်သွားပါသည်။ လူရှယ် ..လည်း ပါဝါမျက်မှန်လေးကို ပင့်တင်ပြီး မိုးသီ ကို ကြည့်ပါသည်။ ..သီ က ...

"ရှင့်ကို မခေါ်ပါဘူး"

"ခင်ဗျား ခေါ်လိုက်ပါတယ်"

"ဟာ!... ရှင့်ကို မခေါ်ပါဘူး၊ ကျွန်မသူငယ်ချင်း နှင်းဆီချို ကို ..ချို လို့ ခေါ်တာပါ"

"ကျွန်တော့်ကိုလည်း သူငယ်ချင်းတွေက အချို လို့ ခေါ်တာပဲ၊ ..ရီးဗျာ .."



www.burmeseclassic.com

www.burmeseclassic.com



တွဲဖက်ပြရင်း ...

"ကျွန်တော် ဒီဆိုင်မှာ အလုပ်ဝင်တာ နှစ်ရက်ပဲ ရှိသေးတယ် အစ်ကို၊ အရင်က မေ့ခေးဆရာဝန်ကြီးအိမ်မှာ အလုပ် လုပ်တာပါ"

"ဘာလို့ ဆက်မလုပ်တော့တာလဲ"

"ဆရာဝန်ကြီး အိမ်သာတက်နေတာကို မသိဘဲ ရေချိုးခန်း တံခါး မှားပိတ်ပြီး အပြင်ထွက်သွားမိလို့"

"တော်သေးတာပေါ့ကွာ .. မေ့ခေးဆရာဝန်မို့လို့ အမဲဖျက်တဲ့ လူဆို မင်း သွားပြီ"

နန်းယု က လှမ်းမေးပါတယ်။

"နင့်နာမည်က ဘယ်လိုခေါ်လဲ"

"သတ္တ"

"ဘာကြီး .."

"ဘကြီး မဟုတ်ပါဘူး အခေါ်ရယ်"

"ဘာ!..."

"ဟို .. အစ်မလေးရယ် ကျွန်တော့်နာမည်က သတ္တ လို့ ပြောတာပါ၊ ကြားဖူးလား .. သတ္တလေသက ဤကမ္ဘာဝယ် ကျွန်တော့် အစ်ကိုက သတ္တိ၊ အငယ်ဆုံးညီက သက်တန့်"





"ဒါဆို နင့်အဖေက သတ္တုဖြစ်မယ်"

မိုးသီ က ခပ်ရွှဲရွှဲပြောတော့ ကောင်လေးက ရယ်ရင်း ...

"ဟင်!... အစ်မ ဘယ်လိုသိလဲ၊ ကျွန်တော့်အမေ နာမည်ရော သိလား .."

"ဟင့်အင်း"

"ဒေါ်သိပ်တတ်တဲ့"

"အိုး ... မိုင် ... ဂေါ့ .."

မိုးသီ က ကိုယ့်နဖူး ကိုယ်ရိုက်ရင်း ညည်းတော့ အချို ထမင်း သီးမတတ် ရယ်ပါတော့သည်။

"ဟော့ကောင် သတ္တ .. မင်းကိုယ်မင်း ဧည့်ခံကျွေးမွေးရေးက မျှား ထင်သလား၊ ဒီကောင်တွေ လူကျပြီဆိုရင် လျှာကြောက ရှည်ပြီ လာစမ်း .. မြန်မြန်"

"ဟုတ်ကဲ့ .. လာပြီ ဦးလေး"

သတ္တ ထွက်သွားတော့ လူငယ်တစ်ယောက် ဝင်လာပြီး အချို ဆိုတဲ့လူကို ဖန်းပုတ်ကာ ဝင်ထိုင်ပါသည်။

"ဘာတွေဖတ်ရင်း ဘာတွေ စားနေတာလဲ ကိုချို"

အချို က စာအုပ်ဖတ်နေရင်း ထမင်းစားနေရာက ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာ .. ဘာ ... ဘာမှမသိ ဆိုတဲ့ စာအုပ်ဖတ်ပြီး ဘာဟာင်းမှန်း မသိတဲ့ဟင်းနဲ့ မြည်းနေတာ၊ မင်း ဘာစားဦးမလဲ"

ဟိုလူကလည်း မျက်နှာခပ်ပြောင်ပြောင်ထင်ပါရဲ့၊ နှင်းဆီ တို့ ကို ပြုံးစစနဲ့ကြည့်ပြီး ...

"ဘယ်က ကောင်မလေးတွေနဲ့ မင်း ဘာတွေလုပ်နေတာလဲ"

"ဘာစကားပြောတာလဲ"

မိုးသီ က အားကျမခံ ဒေါနှင့်မောနှင့် တုံ့ပြန်တော့ ...

"ဘယ်လိုထင်လို့လဲဟင် .. ဘုကြည့်တော့မကြည့်ပါနဲ့ ဒေါ်ဘုမ ရယ် .."

"သေလိုက်ပါလား"

မိုးသီ က ထုံးစံအတိုင်း ဘာပြောရမှန်းမသိတော့ အခုလိုပဲ တုံ့ပြန်လိုက်ရပါတယ်။

"ကိုယ့်ဘာသာ ကိုယ် နေစမ်းပါဟယ်၊ ရှုပ်ရှုပ်ယှက်ယှက်"

နှင်းဆီ ရဲ့ အဲဒီစကားသံကြောင့် ကိုချို ဆိုတဲ့လူက ပထမဦးဆုံး အကြိမ် ထမင်းစားနေရာမှ မျက်ဝန်းပင့်ကြည့်ပါတယ်။ နှင်းဆီ က လည်း ပြန်ကြည့်မိပါသည်။

ကိုချိုက ခပ်အေးအေးပြုံးရင်း ကိုယ့်ထမင်း ကိုယ်ပြန်စားနေ





လိုက်ပါတယ်။

နှင်းဆီ စိတ်ကို တင်းခနဲ ဖြစ်စေသည်။

"ရှင် ဘာပြုံးတာလဲ"

ကိုချို ထပ်မံ ပြုံးမိရင်း နှင်းဆီ ကို မေးမိပါသည်။

"ဘာလို့ မေးတာလဲ"

နှင်းဆီ ဘာပြောရမှန်းမသိအောင် ဖြစ်သွားရပါသည်။ ကိုယ်က အဲဒီအပြုံးတစ်ခုကို မကျေနပ်လို့ မေးမိတာလား ..။

"ကျွန်တော်ပြုံးတာ ကျွန်တော့် လွတ်လပ်ခွင့်ဘောင်ထဲက ပြုံး တာလေ၊ ကျွန်တော် ပြုံးချင်ရင် ပြုံးမယ် .. ကျွန်တော် ငိုချင်ရင် ငိုမိမယ် .. ခင်ဗျားအတွက် ထိခိုက်သွားလား"

ကိုချို ဘေးကလူက ပြုံးစေ့စေ့နဲ့ ကြည့်နေသလို မိုးသီ တို့က လည်း ကျွန်မနဲ့ ကိုချို ဆိုတဲ့လူရဲ့ စကားအပြောအဆို အကဲစမ်းမှု အတွက် စိတ်ဝင်စားနေပုံ ရပါသည်။

ကျွန်မ စကားဆက်မပြောချင်တော့တာနဲ့ စိတ်ပျက်ပျက်နှင့် ကျွတ်ခနဲ စုတ်သပ်ရင်း ...

"တော်ပြီရှင်"

"ကျွန်တော် ဘာကျေးရသေးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသီ တို့ဆီက တချီးချီးရယ်သံတွေ ခပ်တိုးတိုး လွင့်ပျံ့လာတော့ ကျွန်မ ဒေါသထွက်မိကာ ...

"တောက် .. ဘယ်လိုလူနဲ့ လာတွေ့မှန်း မသိဘူး၊ မိုးသီ ရှင်းပြီးလိုက်ခဲ့တော့"

"ဟဲ့ .. နှင်ရှူးတာလေ၊ ဟဲ့ .. သြော် ..."

နှင်းဆီ မိုးသီ ရဲ့စကားမဆုံးခင် ထွက်လာတော့ ကိုချို ဘေးကလူက နှင်းဆီ ထွက်သွားရာကိုကြည့်ပြီး ...

"ဘယ်လိုဟာလေးမှန်း မသိဘူး"

နန်းယု က ပိုက်ဆံကို စားပွဲပေါ် ချထားပြီး ကိုချို ကို အရယ်အပြုံးနှင့် နှုတ်ဆက်ပါသည်။

"သွားပါဦးမယ်၊ ဘာကြီး ... အဲလေ ... ဘကြီး"

"ခဏလေး .."

မိုးသီ တို့ ခြေလှမ်းပြင်ပြီးမှ ကိုချို က လှမ်းတားတော့ သူမတို့ ကြောင်တောင်တောင်နှင့် ကိုချို ကို ကြည့်တော့ ကိုချို က အခုလို ပြောလိုက်ပါသည်။

"ဟိုဆရာတော်ကိုများ သိမလားလို့"

"ဘယ်ဆရာတော်လဲ"





မိုးသီ လွတ်ခနဲ ပြောမိတော့ ...

"ဘားမဲ့ဆရာတော်လေ"

မိုးသီ တို့ အောင့်သက်သက် ဖြစ်သွားပါသည်။ ကိုချို ဘေးက ပုဂ္ဂိုလ်ကလည်း အပြည်းလေး ထပ်ပေးပြန်ပါသည်။

"ဘာပဲလိုလို ရန်ကုန်လမ်းညွှန်ကို သတိရနော်"

မိုးသီ တို့ အောင့်သက်သက်နှင့် အခုလိုပြောပြီး ပြန်လှည့်လာခဲ့ပါသည်။

"ဘာကောင်တွေမှန်း မသိဘူး၊ သွားမယ် လာ ... နန်းယု"

ရယ်သံတွေကို မိုးသီ တို့ ကြားနေရပါသည်။

သူမတို့ ထွက်သွားတော့ အောင်ကောင်း က ရယ်စလက်အပြုံးကို ဆွဲဆန့်ခေါ်ရင်း ...

"ဘာတွေဖြစ်ကြတာလဲ"

"တော်ပါတော့ကွာ .. အဲဒီ ဘာထဲကကို မထွက်နိုင်တာ"

"ဘာ သံယောဇဉ်ပေါ့ကွာ"

"တော်ပါကွာ .."

"မတော်နဲ့ ကိုချို .. မင်းနဲ့ ဘာလိုလိုဖြစ်ကြတဲ့ ကောင်မလေးကို သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပြောတဲ့ နှင်းဆီချို ဆိုတာလား"

"အမ်!... မင်းက ဘယ်လိုသိလဲ"

ကိုချို စားသောက်ပြီးတဲ့ ပန်းကန်ကို တွန်းရွှေ့ပြီး သတ္တ ကို ပိုက်ဆံရှင်းဖို့ လက်ယှက်ခေါ်သည်။ ပြီးတော့ အောင်ကောင်း ဘက် လှည့်ရင်း အခုလို ပြောပါသည်။

"ဘာမှန်းမသိအောင် လှနိုင်လွန်းတဲ့သူကို စတွေ့ကတည်းက မင်းတို့ ဘာတွေညာတွေ ပြောနေကြတဲ့ သတင်းကြီးတဲ့ မင်းသမီး လေးဆိုတာ ငါ သိတာပေါ့ကွာ"

"တော်ပါပေတယ် ကိုနှင်းမောင်ရယ်"





ဘယ်လိုပဲ အရှက်တွေကြွေပြီ
ငါက စိတ်ချရမယ် ပထင်ဘူး
သိပ်ကို စူးတဲ့ ဆူး စူးဖူးမှ
ထပ်အစူးခံရမှာ ကြောက်တယ်

(အဆိပ်ရာဇဝင်မှ ...)



www.burmeseclassic.com

www.burmeseclassic.com



၁၁ တန်းထဲဝင်တော့ အောင်ကောင်း ရဲ့ ဖောက်သည်ချမှု ကြောင့် အေးကျော် နဲ့ သူရ က တဟားဟား ..။

ဆရာ မဝင်သေးတော့ အခန်းထဲမှာ ဝင်ကြထွက်ကြ စကား ပြောလိုက်ကြနှင့် ကြက်ပျံမကျ တဟေးဟေးတဟားဟားနှင့် စည်ကားနေပါသည်။

"မင်းတို့ခေတ်လမ်းကလည်း ဘာခေတ်လမ်းမှန်း မသိဘူး"

သူရ စကားကြောင့် ရယ်ကြပြန်ပါသည်။ အေးကျော် က မေးပါသည်။

"မင်းက ဒီနှစ်မှ နယ်ကပြောင်းလာတာဆိုတော့ နှင်းဆီချို ရဲ့ အကြောင်းကို ဘယ်သိပါ့မလဲ"





"သူက လုံလုံခြုံခြုံနေတာကို ..."

"ဟော့ကောင် .. ငါက သူရ အကြောင်းကို ပြောတာ"

ကိုချို က ခပ်အေးအေးပင် ..။

"အေးလေ ... ငါ ပြောတာလဲ သူ့ရဲ့အကြောင်းကို ပြောတာ..."

အေးကျော် မျက်လုံးကြီး ပြူးပြီး ...

"ဟောကောင် မင်းက ဘယ်အကြောင်းကို ပြောတာလဲ"

"မင်းကရော ဘယ်အကြောင်းကို ပြောတာလဲ"

ဟိုနှစ်ကောင် တခွီးခွီး ...

"ငါက သူရ သတင်းကြီးတဲ့အကြောင်းကို ပြောတာ"

"အေးလေ ငါလည်း ဒါကိုပဲ ပြောတာပဲဟာ"

"မင်းနော် .. ကိုချို .."

ကိုချို က ခပ်အေးအေးပဲ ပြုံးနေပါသည်။

ကိုချို ရဲ့ အခုလို အပြုံးကြောင့် အေးကျော် က အမြင်ကပ်ကပ်နှင့် အခုလို ပြောပါသည်။

"ပုံစံကြည့်လိုက်ရင်တော့ ခပ်အေးအေးလေးနဲ့ ဝတ်ပုံစားပုံက လည်း ကြည့် .. အမြဲတမ်း အကျီအရောင်ဖျော့ဖျော့၊ ပုဆိုးက



www.burmeseclassic.com

www.burmeseclassic.com



အရောင်မှိုင်းမှိုင်း၊ ရှိုးရာလွယ်အိတ်၊ မျက်မှန်အကြည်ပါးပါးလေးဘပ် စာသမားပေသမားလို"

"ငါက ပန်းပဲမှာ မလုပ်ဖူးပါဘူး"

"ဟော့ကောင် .."

ကိုချို က ခပ်အေးအေးပြောတော့ ...

အေးကျော် ရဲ့ နဂိုကမှ ပြူးလာတဲ့မျက်လုံးတွေက ပိုပြူးလာပါသည်။

"ဟော့ကောင် အေးပြူး ... စကားကို လိုရင်းပြောကွာ"

သူရ က အေးကျော် မကျေနပ်မှန်း သိလို့ ထပ်စနေပြန်ပါသည်။

"အခေါ်မခံချင်ရင် မင်း မျက်လုံး မပြူးနဲ့ပေါ့"

"ပြူးတာ မဟုတ်ဘူးကွ"

"ပြူးတာမဟုတ်ရင် ဘာလဲ"

"ဖူးတာ .. ပန်းကလေးတွေလို ဖူးတာ"

အောင်ကောင်း က မရှိမဲ့ရှိမဲ့ မုတ်ဆိတ်တစ်ပင်ကို သူ့ရည်းစားရဲ့ပါးလို ပွတ်သပ်ကျီစယ်ရင်း ...

"မင်းမျက်လုံးက ဖူးတာ မဟုတ်လောက်ဘူး၊ ဖူးတဲ့အဆင့်က





ကျော်ပြီး 'အာ'တဲ့အဆင့် ရောက်နေပြီ"

အောင်ကောင်း စကားကြောင့် အေးကျော် အသံမထွက်ဘဲ ဆဲပါတော့သည်။

"ကဲ .. ငါ့စကားဆုံးအောင် နားထောင်ဦး၊ ဒီကောင် မပွင့်တပွင့် ပြုံးအေးအေး မခို့တရို့ .."

"ကဲ ... တော်ပါတော့ ကိုအေးကျော် ရယ်၊ ခွီးထဲမှပဲ .."

အခုလို ဆဲတော့ အေးကျော် ခေါင်းကုတ်ကာ စပ်ဖြဲဖြဲနဲ့ ...

"အေးပါကွာ .. မျက်လုံးထဲမှာ ကွင်းကွင်းကွက်ကွက် ပြောပြ ကာ၊ ဒီကောင် ခပ်အေးအေးလေး ပြုံးတုံ့ပြုံးတုံ့နဲ့ တရားဟောသလို လေအေးအေးနဲ့ပြောတော့ နှင်းဆီချို ဆိုတဲ့ ဟိုဟာမလေးက ဒေါသ ထွက်ရမလို မထွက်ရမလိုလို ဖြစ်တာပေါ့ကွာ"

အောင်ကောင်း က လက်ဖျောက်တစ်ချက်တီးကာ မှန်ကြောင်း ထောက်ခံပါသည်။

"အဲဒါတော့ သေချာတယ် အေးကျော်"

သူရ က ကိုချို ကို ကြည့်ရင်း ...

"မင်း .. နှင်းဆီချို ကို စိတ်မဝင်စားဖူးလား ကိုချို"

ကိုချို က ပြုံးစေ့စေ့နှင့် ခေါင်းခါပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးကျော် က အားမလိုအားမရဖြစ်ကာ ...

"ဟာကွာ .. တစ်ကျောင်းလုံးက စိတ်ဝင်စားနေတာကို"

"တစ်ကျောင်းလုံး စိတ်ဝင်စားနေတာနဲ့ ငါက စိတ်ဝင်စားရမှာလား အေးကျော်၊ ငါ ဒူးရင်းသီးကြိုက်ပြီးတော့ မင်းကျတော့ အနံ့တောင် ခံလို့မရဘူး ဆို .."

"ဘာဆိုင်လဲကွ .. အဲဒါက ဒူးရင်းသီး"

ကိုချို က အေးကျော် ကိုကြည့်ပြီး အခုလို ပြောသည်။

"ဒူးရင်းသီးမှာ မြင်ရတဲ့ဆူးပါပြီ၊ အနံ့တွေ ထုံအီနေအောင် မွှေးတယ် အေးကျော်၊ မင်းတို့ပြောတဲ့ နှင်းဆီချို က မမြင်ရတဲ့ဆူးတွေပါပြီး ထုံအီနေအောင် သတင်းကြီးတယ်၊ ဒါပဲကွာတယ်"

အေးကျော် က မကျေနပ်၍ ...

"မင်းက ဒူးရင်းသီးတော့ ကြိုက်ပြီး .."

ကိုချို အပြုံးငွေ့ငွေ့နှင့် အခုလို ပြောသည်။

"ဒူးရင်းသီးကောင် လူတိုင်းစားလို့ မရအောင် ကန့်သတ်ထားတယ်၊ အပူကန်မယ် .. အသက်ကြီးသူတွေနဲ့ မတည့်ဘူး။ အဲဒီသဘောပေါ့၊ ကြည့်စားရတယ် အေးကျော်"

အောင်ကောင်း က အဝေးကိုငေးရင်း တရားရတဲ့လေသံနှင့်





အခုလို တွေးဆဆ ပြောပါသည်။

"သြော် ... နှင်းဆီချို ကိုလည်း ကြည့်စားရမယ်၊ ဟာ!... မဟုတ်ပါဘူး .. ကြည့်ကြိုက်ရမယ်ပေါ့၊ အနိစ္စ ဒုက္ခ"

အောင်ကောင်း စကားကြောင့် သုံးယောက်သား ဝိုင်းရယ်ကြပါသည်။

"ဒါနဲ့ မင်း အခန်းလိုချင်လို့ဆို ကိုချို"

"အေးကွာ .. ငါ အမြန်လိုချင်တယ် သူရ၊ အခု ဦးလေးအိမ်မှာ နေရတာ အဆင်မပြေချင်ဘူးကွ"

"ငါနေတဲ့အဆောင်မှာ နေပါလား၊ ရှုပ်ပါတယ် ငါ့အခန်းမှာ ငါနဲ့ အတူနေပါလား ကိုချို၊ ဘာအပူအပင်မှ မရှိဘူး၊ အေးဆေးပဲ"

"ဆူညံမှုရှိလား"

"သြော် .. ဘာဆိုဘာမှမရှိတာ၊ ဘယ်လောက် မရှိသလဲဆိုရင် ခုတင် မရှိဘူး၊ သောက်ဖို့ ရေဘူးတောင် မရှိဘူး၊ ထမင်းအိုးတောင် မရှိဘူး၊ မကောင်းတတ်လို့ ထမင်းစားပန်းကန် နှစ်ချပ်၊ ခွက်နှစ်လုံး၊ ဇွန်း နှစ်ချောင်း၊ ရေသန့်ဘူးခွံအလွတ် တစ်ဘူး၊ ပလတ်စတစ်ရေခွက် တစ်ခွက်ပဲ ရှိတယ်၊ ဘာမှ လက်ဆုပ်လက်ကိုင် မထားဘူး၊ တရားသဘောနဲ့နေတဲ့ သူရ ပါကွ"



www.burmeseclassic.com

www.burmeseclassic.com



"အခန်းကျယ်လား"

"ကျယ်တာမှ သိပ်ကိုကျယ်တာ ကိုချို၊ ၁၃၀၀ ပြည့် ရေနံမြေသပိတ်က ရေနံမြေအလုပ်သမားတွေ အလေးပြုရမယ့် အိပ်ခန်းပါကွာ၊ အိမ်ခန်းမဟုတ်ဘူးနော် အိပ်ခန်း ...၊ အိပ်ရုံသက်သက်ပဲ"

"ညှော်စာရင်းတွေ ဘာတွေ ခဏခဏ လာစစ်လား"

ကိုချို့ စကားကြောင့် ဟိုကောင်တွေက ဝိုင်းရယ်ကြပါသည်။

ကိုချို က ဟိုကြည့်ဒီကြည့်နှင့် နားမလည်အောင် ဖြစ်နေတာမို့ အေးကျော် က ရှင်းပြရပါသည်။

"ဒီကောင်က နေ့လယ်ဆို ကျောင်းတက်၊ ပြီးရင် ငါ့အိမ်မဟုတ်ရင် အောင်ကောင်း အိမ်မှာ ထမင်းစားတာ၊ တစ်ခါတလေ ငါတို့နဲ့ အိပ်၊ မအိပ်ဖြစ်ရင် စံရွှေအောင် တို့အဆောင်မှာ ကျိတ်ဝိုင်းသွား၊ ပြန် သွားရင် ည နှစ်နာရီကျော်နေပြီ၊ အဲဒီအချိန်ဆို ညှော်စာရင်းစစ်ပြီး သွားပြီလေ၊ ရာအိမ်မှူး ဆယ်အိမ်မှူးမပြောနဲ့ အဆောင်ပိုင်ရှင်ကတောင် ဒီကောင့်ကို မမှတ်မိဘူး၊ ဒီကောင်လေး ခပ်အေးအေးသမားတဲ့"

ကိုချို သူရ ကို ကြည့်ပြီး ရယ်မိပါသည်။





သူရ က စပ်ဖြဲဖြဲနဲ့ ...

"မကောင်းတတ်လို့ကွာ.. ငါက နေ့ခင်းဘက် မနေမယ့်အတူတူ ငါ့အခန်းကျဉ်းကျဉ်းလေးကို နေ့ခင်းပိုင်းနေတဲ့လူကို ထပ်ငှားချင်တာ"

နောက်ဆုံးတော့ သူရ နှင့်အတူနေဖို့ ဆုံးဖြတ်ချက် ချလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘာသောက်မလဲ"

ကျွန်တော်က လက်ဖက်ရည် ကျဆိမ့်တစ်ခွက် မှာလိုက်ပါသည်။

"မင်းပြောတဲ့ သတ္တ ဆိုတဲ့ လောကီသားလေးက ဒီချာတိတ်လား ကိုချို"

သူရ အမေးကြောင့် ကျွန်တော် ခေါင်းညိတ်မိပါသည်။ ကိုချိုက ဖတ်လက်စာအုပ်ကို စာရွက်တစ်ရွက်နှင့်ညှပ်ပြီး စားပွဲပေါ်တင်ပါသည်။

"နေရထိုင်ရတာ အဆင်ပြေတယ်မဟုတ်လား ကိုချို"

ကိုချို က မနေ့ကပြောင်းလာခြင်း ဖြစ်တာကြောင့် အခန်းအဆင်ပြေလား မေးခြင်းဖြစ်ပါသည်။





"ပြေပါတယ် .. ငါလည်း မင်းလို နေတတ်ပါတယ် သူရ ရယ်၊ ဘာမှ လက်ဆုပ်လက်ကိုင် မထားဘူး"

ကိုချို့ အပြောကြောင့် သူရ က သဘောကျစွာ ရယ်ပါသည်။ သတ္တ က လက်ဖက်ရည်နှစ်ခွက် လာချပေးပါသည်။

"သတ္တလောက ဤကမ္ဘာ အဆင်ပြေရဲ့လား"

ကျွန်တော် အခုလို နှုတ်ဆက်တော့ သတ္တ က ထုံးစံအတိုင်း ခေါင်းကုတ်ရင်း ...

"မနေ့က ကျောင်းသားတစ်ယောက်ကို တောင်းပန်လိုက်ရသေးတယ်"

"မင်းကတော့ ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲ .."

"ဟို .. သူက စက်သေနတ်တွေ အဲဒီမှာ ပြဿနာတတ်တော့တာပဲ"

"ဘာလဲ .. သူက ဘာသာရေးသမားမို့လား"

"မဟုတ်ဘူး အစ်ကို၊ အဲဒီကျောင်းသားက ကျွန်တော်နဲ့ မရင်းမနှီး ရှိတယ်"

"တရင်းတနှီးပါကွာ"

သူရ က စကားပြင်ပေးတော့ သတ္တ က သူ့အဆိုကို နှုတ်ဝ



www.burmeseclassic.com

www.burmeseclassic.com



မပျက်မခံ ..၊

"အဲလောက်ကြီး မရင်းနှီးလို့ မရင်းမနှီးလို့ပြောတာ အစ်ကို"

"ထားပါတော့ .."

"ဘာကိုလဲဟင်"

သူရ ခေါင်းကုတ်မိသည်။ ကျွန်တော် သူရ ကိုကြည့်ပြီး ရယ်မိသည်။ သတ္တ က ဆက်ပြောပါသည်။

"သူက တစ်ခါက ပြောဖူးတယ်၊ အဆောင် သူနေတဲ့ခေါင်းရင်းနေရာက ပေါက်နေတယ်တဲ့၊ အဲဒီအပေါက်ကနေ ကြွက်တွေသောင်းကျန်းတယ်တဲ့၊ ကျွန်တော်လည်း အဲဒါ မှတ်မိတော့ သုံးထပ်သားလို့ ပြောတော့ အခန်းကာတဲ့ သုံးထပ်သားပဲထင်လို့ ဟိုနေ့က လက်သမား ဆရာဇီက ဆောင်သားတဲ့ သုံးထပ်သားအပိုင်းလေး ပေးမိပါလေရော .. မနည်း တောင်းပန်လိုက်ရတာဗျာ"

သတ္တ စကားကြောင့် နှစ်ယောက်သား ရယ်မိကြပါသည်။ သူရက မျက်ရည်ထွက်မတတ်ရယ်ရင်း ...

"ဖြစ်တော့ဖြစ်ရမယ်၊ အေးလေ ... သူကလည်း သုံးထပ်သားလို့ မှာတာကို မင်းမိန်းမရလို့ ကလေးမွေးရင် ကလေးနှစ်ယောက်ယူ .."





"ဘာဖြစ်လို့လဲ အစ်ကို"

"ဩော် .. အစ်ကိုကြီးကို နမောင်လို့ နာမည်ပေးပြီး အငယ်ကို နမဲ့လို့ ပေး .."

သတ္တ က တွေးဆဆနှင့် ပြောသည်။

"ကျွန်တော်နဲ့ကြိုက်နေတာ တရုတ်မ အစ်ကိုရ၊ ဒုက္ခပဲ အစ်ကိုပေးတဲ့နာမည် ပေးလို့ရမှာ မဟုတ်ဘူး"

သူရ က ခပ်တည်တည်နှင့် ...

"ဒါက လွယ်ပါတယ် .. မင်းယူမှာ နှစ်ရုတ်မ ဆိုတော့"

"တရုတ်မပါ အစ်ကိုရာ"

"အေးပါ စကားလောကြီးသွားလို့၊ မွေးလာတဲ့ကလေးဆိုရင် သူတို့လူမျိုးရဲ့နာမည် ပါအောင် အခုလို ပေးလိုက်"

သတ္တ မျက်နှာကြီး မီးမပျက်တဲ့ နှစ်ရှာ့နှစ်ဆယ် မီးအားအပြည့်ရတဲ့ စီးပွားရေးသမားလို အခုလို ပြောမိပါသည်။

"ဘယ်လိုနာမည်လဲ အစ်ကို"

"မဟုတ်တာရှုတ်လို့"

"ဟာဗျာ .. ကောင်းလိုက်တဲ့နာမည်၊ ကျွန်တော်ကလည်း မိန်းကလေး မွေးစေချင်နေတာ၊ ညနေကျရင် ကျင်ဆွီ ကို ပြောရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သူလည်း ဒီနာမည်ကို ကြိုက်မှာ၊ လစ်လိုက်ဦးမယ် အစ်ကို တော်ကြာ ပိုင်ရှင် ပွမ်နေဦးမယ်"

သတ္တ ထွက်သွားတော့ နှစ်ယောက်သား ရယ်မိကြရင်း...

"မင်းကတော့ သတ္တ ကို အရှုံနဲ့မနေပြန်ပြီ သူရ"

"သူစိတ်ချမ်းသာအောင်လို့ပါ ကိုချို ရာ"

ကျွန်တော် စီးကရက်တစ်ပွဲမှာပြီး စီးကရက်မီးညှိကာ စာအုပ် ပြန်ဖတ်ဖို့ ပြင်တော့ ...

"မင်းနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ရတာ အဲဒါတွေ စိတ်ညစ်တာ ကိုချို ..၊ မင်း စာဖတ်နေတော့ ငါက ပေါင်တောင်တောင် ဖြစ်တာ ပေါ့"

ကျွန်တော် ရယ်ရင်း ...

"ပေါင်တောင်တောင်ဖြစ်တာ ကြောင်တောင်တောင်ထက် စာရင် တော်ပါတယ်ကွာ"

ကျွန်တော့်စကားကြောင့် သူရ က ယောက်ျားတို့မျက်စောင်း အခေါင်းသုံးလုံး မရွေးရဘူးဆိုတဲ့ သဘောနဲ့ ထိုးပါတယ်။ (မျက်စောင်း)။

"ဟော .."





သူရ ရဲ့ ဟော .. ဆိုတဲ့အသံကြောင့် လှစ်ခနဲ ဆိုင်အပြင်ကို ကြည့်တော့ ဒီကျောင်းက ပုရိသတို့ရဲ့ပွဲကိုင်ရှင် ကျွန်တော်ကလည်း ကိုယ့်ကိစ္စမဟုတ်တော့ ဘာသိဘာသာပဲ စာအုပ်ကို ပြန်ဖတ်နေ လိုက်ပါတယ်၊

မိုးသီ နဲ့ နှင်းယု ကလည်း နေရာလွတ်တွေရှိပေမယ့် ကိုချို ထိုင်နေတာမြင်တော့ တမင်ပဲ ကိုချို တို့ဝိုင်းမှာ ဝင်ထိုင်ပါတယ်။

"ထိုင်မယ်နော်"

ထိုင်ပြီးပြီးချင်း မိုးသီ က အခုလိုဆိုတော့ ကိုချို က ဖျတ်ခနဲ လှမ်းကြည့်ပြီး ပြုံးပြကာ စာအုပ်ပြန်ဖတ်နေလိုက်ပါတယ်။

နှင်းဆီ က ရှုတ်ခမ်းကို မဲ့သည်။ တမင်လုပ်နေတာ တမင် အိုက်တင်ခံနေတဲ့ သဘောပေါ့။

သူရ ကတော့ ပြောသည်။

"ထိုင်လည်း ထိုင်ပြီးနေပြီ။ အခုမှ ခွင့်တောင်းနေရသေးတယ် ဗျာ"

"ရှင့်ကို တောင်းလို့လား"

မိုးသီ ရဲ့ မပြတ်မသားစကားကြောင့် သူရ က စပ်ဖြဲဖြဲဖြစ် ကာ...



www.burmeseclassic.com

www.burmeseclassic.com



“စဉ်းစားပါရစေဗျာ”

“သေလိုက်ပါလား”

“နှင်းဆီ ..”

စကားသံနဲ့အတူ သူမအနားကို ရောက်လာတဲ့ လူရိပ်ကြောင့် နှင်းဆီ မော့ကြည့်မိပါသည်။

“ဩော် .. မြတ်ဇော်အောင်”

သူရ အကဲခတ်ကြည့်တော့ မြတ်ဇော်အောင် ဆိုတာ သူ သိသည်။

ပိုက်ဆံချမ်းသာပြီး ကားတဝီဝီနှင့် ကိုယ့်ကိုယ်ကိုယ် မြှောက်ပင့် ဘဝင်လေးနှင့် နေတတ်တဲ့လူမျိုး။

“နှင်းဆီ ကိုတွေ့လို့ ကိုယ်က သူငယ်ချင်းတွေနဲ့ ဟိုဘက်ဝိုင်းမှာ ထိုင်နေတာ၊ ဧည့်သည်တွေနဲ့လား ..”

မြတ်ဇော်အောင် မေးချင်တာက ကိုချို တို့ သူရ တို့ကို ဦးတည်ချင်တာပါ။

သူရ ဘာပြောမလဲ နှင်းဆီ ကို အကဲခတ်ကြည့်သည်။ နှင်းဆီက ဟုတ်သလို မဟုတ်သလို ပြုံးပြသည်။ (မှတ်ချက် ။ ။ ချော်လဲရောထိုင် အပြုံးပေါ့)





“ကိုယ် ထိုင်မယ်နော်”

သူရ နှာခေါင်းရှုံ့ပြီး စိတ်ထဲက ...

‘ခေါင်းနဲ့ ခြေထောက်ပါ တွဲထိုင်လို့ရတယ် ဟော့ကောင်’ လို့ ပြောမိပါသေးတယ်။

“ပြီးခဲ့တဲ့အပတ်က နှင်းဆီ နဲ့ တွဲနေတဲ့လူက အစတုန်းက နှင်းဆီ နဲ့တွဲနေတဲ့ ချာတိတ် မဟုတ်ပါဘူး”

နှင်းဆီ ဆံပင်ကို သပ်တင်ရင်း အပြုံးညှိုညှို့နှင့် အခုလို ပြောမိပါသည်။

“ချာတိတ်က မန္တလေး ပြန်သွားပြီ၊ ပြီးခဲ့တဲ့အပတ်က တွေ့တာက ကိုဇော်မိုးသူ တဲ့ ..၊ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ပါ၊ ဘာဖြစ်လို့လဲဟင်”

“ဘာမှမဖြစ်ပါဘူး၊ အပြောင်းအလဲ နည်းနည်းကြမ်းသလားလို့”

မြတ်ဇော်အောင် ရဲ့အမေးက လိုအပ်တာထက် နည်းနည်းပိုပါသည်။

သူရ တို့ ဘာမျှဝင်မပြောဘဲ နားထောင်နေကြပါတယ်။ နှင်းဆီက နှုတ်ခမ်းတွေစေ့ပြီး ပြုံးရုံပြုံးပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဘောလုံးကလပ်တွေလိုပဲလေ၊ အပြောင်းအရွှေ့ ဈေးကွက်မှာ ခြေစွမ်းခြေစရှိတဲ့သူတို့ဆို အရမ်းသဘောကျတာ"

"ဩော် ... ဒီလို .."

မြတ်ဇော်အောင် အပြုံအမူကား အကဲစမ်းတဲ့သဘော။ သူ့ရ စိတ်ရှုပ်တာနဲ့ ကိုချို့ စာအုပ်အဖုံးကို ငေးရင်း ...

"မင်း ဘယ်အထိ ရောက်သွားပြီလဲ ကိုချို"

ကိုချို က မျက်မှန်ကိုပင့်ရင်း ...

"တော်တော်လက်စောင်းထက်တဲ့ မိန်းမကွ"

ကိုချို့ စကားကြောင့် နှင်းဆီ ဖျတ်ခနဲ လှမ်းကြည့်ပါသည်။

မြတ်ဇော်အောင် က ကိုချို့ ကို ဒီကောင် ဘာကောင်လဲ သဘောနှင့် မျက်မှောင်ကြုတ်ကြည့်သည်။

မိုးသိ ကတော့ ကိုချို ဖတ်နေတဲ့စာအုပ်ကို မြင်ကတည်းက ကိုချို စာအုပ်အကြောင်း ပြောနေတာလို့ သဘောပေါက်သည်။

သူမလည်း ဖတ်ဖူးပြီးတဲ့စာအုပ်ပဲလေ၊ ဒါကြောင့် မိုးသိ က စပ်စပ်စုစု မေးမိပါသည်။

"ကိုချို သူ့ကို ဘယ်လိုသဘောရလဲ"

ကိုချို က စာအုပ်ကို ကတ်ထူစက္ကူနှင့် ပြန်ညှပ်ပြီး စားပွဲပေါ်





တင်ကာ လေးလေးနက်နက် ပြောလာပါသည်။

"သူ့ကြောင့် မဖြစ်သင့်တာတွေ ဖြစ်တဲ့သဘောပေါ့"

"သူနဲ့ပတ်သက်တဲ့လူကရော .."

"ဒီကောင်က မိန်းမလှလှမြင်ရင် အသိဉာဏ်ထက် မသိဉာဏ်က ပိုဆိုးတယ် ဆိုရမှာပေါ့၊ မမြင်ဖူး မူးမြစ်ဆိုတဲ့ စကားပုံလို ပေါ့"

ကိုချို့ စကားကြောင့် မြတ်ဇော်အောင် မျက်နှာကြီးနီကာ ဝုန်းခနဲ ထရပ်ပြီး ...

"ဟေ့ကောင် .. မင်း ဘာစကားပြောတာလဲ"

မြတ်ဇော်အောင် ဒေါသထွက်နေသလောက် ကိုချို က တည် တည်ငြိမ်ငြိမ်ပါပဲ။

မြတ်ဇော်အောင် ကို ကိုချို လှမ်းကြည့်တဲ့အကြည့်ကလည်း ဈေးဝယ်ထွက်ရင်း ဟိုငေးဒီငေးကြည့်ရုံလောက်ပါပဲ။

အဲဒီ ခပ်အေးအေး အမူအရာတွေကပဲ တစ်ဖက်ကလူကို ပို၍ ဒေါသဖြစ်စေတာပါ။

"ငါ မင်းကို ဘာပြောမိလို့လဲ"

"မင်းကွာ .. တောက် ..."



www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်ဝန်းကျင်ဝိုင်းက သူတို့ဝိုင်းကို ဝိုင်း အကဲခတ်နေပါတယ်။

မိုးသီ ကလည်း မြတ်ဇော်အောင် ကို တအံ့တသြနှင့်ကြည့်ပြီး ကိုချို့ ကို မေးပါတယ်။

နှင်းဆီ ကတော့ ကိုချို့ ကိုကြည့်ပြီး ဒေါသထွက်နေပေမယ့် ဘာမျှမပြော။

သူမစိတ်ထဲမှာ မြတ်ဇော်အောင် နဲ့ လှည့်တိုက်ပေးချင်တဲ့ သဘော ရှိပါသည်။

"ကိုချို .. သူ ဘာဖြစ်တာလဲ"

မိုးသီ မေးမှ ပိုဆိုးပါသည်။

မြတ်ဇော်အောင် သူ ဒေါသထွက်နေတာ ဒီလူတွေ မသိရအောင် သူ့ဒေါသက သရုပ်မပါလို့သားလို့ ပြုံးဆန်းစစ်နေပုံ ပေါက်နေပါသည်။

"မရိုးသားလို့ပဲ နေမှာပေါ့"

ကိုချို့ စကားက ပိုဆိုးသွားပါသည်။

"ဟော့ကောင် .. မင်းကွာ .. ငါ လုပ်လိုက်ရင် .."

"မြတ်ဇော် ..."





ပတ်ဝန်းကျင်ကြည့်နေတာကြောင့် နှင်းဆီ မြတ်ဇော် လက်ကောက်ဝတ်ကို လှမ်းဆွဲရင်း သတိပေးပါသည်။

ကိုချို က လေပြေအေးအေးနှင့် စာရှင်းပြသလို မြတ်ဇော် ကို ပြောပါသည်။

"သိပ်အော်မနေနဲ့ သူငယ်ချင်း .. မင်း အကဲစမ်းချင်ရင် ကျောင်းနောက်က လယ်ကွင်းထဲ သွားမယ်၊ ငါကလည်း နပမ်းလုံးရတာ ကြာလို့ ပျင်းနေတာကွ၊ လွတ်လပ်ရေးနေ့ရောက်ရင် ုန်းသီးလုပွဲတို့၊ နပမ်းလုံးပွဲတို့ဆိုရင် ငါ ဆု အမြဲရနေကျ၊ ကဲ ... ... သွားမယ်"

ဒီတစ်ခါတော့ မြတ်ဇော် နည်းနည်း တွန့်သွားပါသည်။

မြတ်ဇော် သူငယ်ချင်းတွေက သူတို့ဝိုင်းကို ရောက်လာပါတယ်။ သူတို့ထဲက တစ်ယောက်က ...

"ဟာ!... ကိုချို ဆောရီးဗျာ၊ လာ .. လာ .. မြတ်ဇော်"

ကိုချို့ ကို ရိုရိုသေသေပြောပြီး မြတ်ဇော် ကို အတင်းဆွဲခေါ်တော့ နှင်းဆီ လည်း မိုးသီ တို့လို အံ့သြရပါသည်။ အမှန်တကယ် ျက်ဇော် ကိုယ်တိုင် အံ့သြရတာပါ။

ဟုတ်တယ်လေ .. သူတို့ထဲမှာ ခုနှ ဟိုကောင်ကို တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဇော်ကြီး ဆိုတာ ဖိုက်တာပါ။ အဲဒါကြောင့်လည်း သူကိုယ်တိုင် အစာကျွေးပြီး လက်သပ်မွေးထားခြင်း ဖြစ်ပါသည်။

မြတ်ဇော်အောင် တို့ ထွက်သွားမှ မိုးသီ က နှင်းဆီ ကို ရှင်းပြပါသည်။ သတ္တ က သူတို့နားကို ဖယောင်းမလည် ရောက်လာပါသည်။

"ဒီလိုပါ နှင်းဆီ ရယ် ... ကိုချို ပြောနေတာ နင့်ကို စောင်းပြော နေတာ မဟုတ်ပါဘူး"

"အေးလေ .. တည့်တည့်ထိုင်ပြီး ပြောနေတာနော်"

"ဩော် .. ရှင်က တစ်မျှောင့်"

"မမှောက်ပါဘူး။ ပြော .. ပြော ..."

အရေးထဲ သူရ ကို တောင်းပန်နေရပါသေးသည်။

"ဒီလိုဟဲ့ .. ကိုချို ဖတ်နေတဲ့ စပါတာနဲ့ ထရိုင်စစ်ပွဲအကြောင်း လေဟာ၊ ထရိုဂျင်မြင်းရုပ်ကြီး ထရိုင်မြို့ထဲ ဆွဲခေါ် သွားတာ၊ ဟို မင်းသမီးဟာယ် .."

"စိုးမြတ်သူစာ"

သူရ ရဲ့စကားကြောင့် မိုးသီ က ချက်လုံးပြူးပြပါသည်။

"ဟယ်လင်မိဖုရားလေ .. သူ့ကြောင့် စစ်ဖြစ်တာ၊ အဲဒါ ပြော ပြနေတာ"





အခုမှ ရှင်းရှင်းလင်းလင်း သိရပေမယ့် နှင်းဆီ စိတ်မပြေနိုင် ပေ။ ကိုချိုကို ဘုကြည့်ကြည့်ပြီး ဒီလူ တမင်လုပ်နေတာလို့ စိတ်ထဲ ပြာ ထင်မိပါသည်။

"ကဲ .. သွားဦးမယ်"

"ကြွ .."

သူရ စကားကြောင့် မိုးသီ စိတ်တိုတိုနှင့် ...

"ဘာကြွခိုင်းတာလဲ"

"ဖင် .. မဟုတ်ပါဘူး ဟိုလေ .. ခြေထောက် .. ခင်ဗျား ကျွန် တော့်လုံချည်အနားစကို နင်းထားတာ ကြာပြီ"

အခုမှ မိုးသီ အောက်ကိုငုံ့ကြည့်တော့ ဟုတ်ပါတယ်။ မိုးသီ ျက်တိုးရှက်ကာမ်းနှင့် ...

"အခုမှ ဘာလို့ပြောတာလဲ"

"သူတို့ချင်း လုံးထွေးနေတော့ အားနာလို့"

"သေလိုက်ပါလား။ လာ ... ကောင်လေး ပိုက်ဆံထားခဲ့ပြီ"

သတ္တ က ပိုက်ဆံယူပြီး ထွက်သွားပါသည်။ အပြင်ရောက် တော့ နှင်းဆီ က မိုးသီ ကို ပြောမိပါသည်။

"ကိုချို ဆိုတဲ့လူက တစ်မျိုးပဲနော်၊ အရာရာကို ခပ်အေးအေးပ



www.burmeseclassic.com

တုံ့ပြန်တတ်သလို ထင်ပေမယ့် .."

"နောက်ပြီး ဘာထင်လို့လဲ"

နန်းယု အမေးကို နှင်းဆီ မဖြေနိုင် ..။

"မသိဘူးဟာ ... တစ်မျိုးတော့ တစ်မျိုးပဲ"

"ဩော် .. ရှင်းသွားတာပဲ"

မိုးသီ စိတ်ပျက်လက်ပျက် ပြောမိပါသည်။

သူတို့လိုပဲ သူရ ကလည်း ကိုချို ကို မေးပါသည်။

"ကိုချို ဟိုကောင်ဇော်ကြီး က ခင်းကိုမြင်တာနဲ့ ဘာလို့ တောင်းပန်တာလဲ"

ကိုချို က ပြုံးပြီး ...

"တောင်းပန်ချင်လို့ နေမှာပေါ့ကွာ"

အဲဒီလိုအချိန်မှာပဲ မြတ်ဇော်အောင် က ဇော်ကြီး ကို မေးမိသည်။

"ဇော်ကြီး .. မင်းက ဘာလို့ အဲဒီကောင်ကို တောင်းပန်တာလဲ"

ဇော်ကြီး က သက်ပြင်းချရင်း ...

"မနက်ဖြန်မနက် ငါ မျက်နှာသစ်ချင်တယ် မြတ်ဇော်"

"ဘာလဲ ဆပ်ပြာကျန်နေလို့လား .. ငါ ဝယ်ပေးမှာပေါ့"





"လချီးမှပဲ .. ဒီလူက .. ငါ့ထက် ဆယ်ဆလောက် မိုက်တယ်ဟ"

"ဟင်!... ကြည့်တော့ ခပ်အေးအေးပုံစံလေး"

သူတို့ထဲက တစ်ယောက်ကပြောတော့ ဇော်ကြီး က သက်ပြင်းချရင်း ...

"အဲဒီလို ရေမြွေလိုနေတဲ့လူက ပိုကြောက်ဖို့ ကောင်းတယ်ကွ"

မြတ်ဇော်အောင် ငါးစပ်အဟောင်းသားပါ။

ကိုချို တို့ဝိုင်းကို လှမ်းကြည့်တော့ ကိုချို လှမ်းကြည့်တာနှင့် ဆုံတော့ ဟိုလိုလို ဒီလိုလိုနှင့် မျက်နှာလွှဲမိပါသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ကျော် ခဏ .."

ကားတံခါးဖွင့် ဝင်ပြီးမှ သူမ ခပ်လှမ်းလှမ်းက နှင်းဆီပန်းစည်းတွေကို တွေ့လိုက်တာမို့ သူမ ပန်းဝယ်ရအောင် ကားပေါ်က ဆင်းဖို့ ပြင်လိုက်ပါသည်။

"ဘာဖြစ်လို့လဲ နှင်းဆီ"

သူမကို တစ်ခုခု ကျွေးချင်ပါတယ်လို့ ကိုအောင်ကျော် က တတွတ်တွတ်ပြောနေတာကြောင့် မာမီ့မျက်နှာကို ထောက်ရှုပြီး သူမ လိုက်လာခဲ့ခြင်း ဖြစ်ပါသည်။

ကိုအောင်ကျော် မာမီက မေမေနှင့် စီးပွားဖက်တွေလေ။





"နှင်းဆီပန်းစည်းတွေကို တွေ့လို့ ကိုအောင်ကျော် ရေ"

သူက ပြောလည်းပြော၊ အတင်းဝယ်ပေးလိုက်တဲ့ ကိုအောင်ကျော်ရဲ့ လက်ဆောင်ပစ္စည်းတွေကို ကားထဲမှာ နေရာချနေရသေးသည်။

"နှင်းဆီ က နှင်းဆီပန်းတွေကို တော်တော်ချစ်တာပဲနော်"

သူမ မဆင်းဖြစ်သေးဘဲ ကိုအောင်ကျော် ကို နှင်းဆီချစ်တဲ့ ရာဇဝင် ပြောမိသည်။

"ကျွန်မက နှင်းဆီခရေခီ ကိုအောင်ကျော်၊ ကျွန်မ စာကြည့်တဲ့ ပန်းအိုးမှာ နှင်းဆီပန်း အမြဲ ထိုးထားတတ်တယ်၊ အဲဒီလိုမှ စာကြည့်လို့တာ .."

ကိုအောင်ကျော် က မျက်မှန်ကို ခေါင်းမှာပင့်တင်ပြီး ခေါင်းတညိတ်ညိတ်နှင့် ...

"အင်း .. အန်တီလည်း ပြောဖူးပါတယ်၊ နှင်းဆီ ကိုမွေးတော့ ခြံတစ်ခြံလုံး နှင်းဆီတွေ ပွင့်တယ်ဆို"

"ဟုတ်တယ် ကိုအောင်ကျော်၊ ဒါကြောင့်လည်း မာမီက ထက်ထက်မြက်မြက်ရှိအောင် နှင်းဆီချို လို့ နာမည်ပေးထားတာ၊ ခဏနော်"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ .. ကိုယ်ပါ လိုက်ခဲ့မယ်"

သူမ ကားတံခါးဖွင့်ဆင်းတော့ ကိုအောင်ကျော် တပါ လိုက်ဆင်းသည်။

နှစ်ယောက်သား နှင်းဆီပန်းစည်းသည်ဆီ လျှောက်လာခဲ့ကြပါသည်။

"ဟင်!... နှင်းဆီပန်းက တစ်စည်းပဲ ရှိတော့တယ်"

ခြင်းထဲမှာ နှင်းဆီပန်းစည်းတွေက တစ်စည်းပဲ ရှိပါတော့သည်။

ဒါပေမယ့် ...

အဲဒီ နှင်းဆီပန်းစည်းတစ်စည်းကလည်း တစ်စည်းဆို ဆိုသလောက် တော်တော်ကို လှနိုင်လွန်းသည်။

"နှင်းဆီပန်းတွေက ရဲပြီး စိုနေတာပဲနော်၊ တော်တော်ကို လှတာပဲနော် နှင်းဆီ"

"ပန်းသည်မရှိဘူးလား မသိဘူး"

ပန်းသည်ကို မတွေ့တာနှင့် သူမဘေးက တို့ဟူးသုပ်သည်ကြီးကို လှမ်းမေးမိပါသည်။

"ပန်းသည်မရှိဘူးလား ဦးလေး"





ဘေးက ဈေးသည်ဦးလေးကြီးက ပြန်ဖြေပါသည်။

"မရှိဘူး ကလေးရေ၊ အပေါ့သွားတာယ်ကွယ့်"

ဦးလေးကြီးအဖြေကြောင့် ကိုအောင်ကျော် က သူ့အိတ်ထဲက တစ်ထောင်တန်သုံးရွက်ကို ဦးလေးကြီးကို လှမ်းပေးပြီး ...

"ပန်းသည်လာရင် ပေးလိုက် ဦးလေး။ တန်ရာတန်ကြေးထက် ပိုပေးထားပါတယ်"

"နေဦးကွ .. ခုနရောင်းပြီးပြီလို့ ပြောသံကြားရတယ်"

ကိုအောင်ကျော် က ပန်းစည်းကို လှမ်းယူပြီး ...

"ပိုပေးထားတဲ့အတွက် သူ ရောင်းမှာပါ ...၊ ယူသွားပြီ .. ဦးလေး"

ကိုအောင်ကျော် က သူမကို ပန်းစည်းလှမ်းပေးပြီး အတူ ကားရှိရာကို လျှောက်လာခဲ့ကြပါတယ်။

"လူတွေက တယ်ခက်ပါလား၊ ပိုပေးထားတာတောင် အင်တင်တင်နဲ့ ဈေးကိုင်ချင်နေသေးတယ်"

"ဒါက လူ့သဘာဝပဲ ကိုအောင်ကျော်၊ ပိုရတာထက် ပိုပိုပြီးလိုချင်တာ အစဉ်အလာပဲလေ"

သူမ ကားတံခါးဖွင့်ဖို့ လက်အလှမ်းမှာ ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ .."

ခေါ်သံကြောင့် လှည့်ကြည့်တော့ သူမတို့အရွယ် မိန်းကလေး တစ်ယောက် ..၊

ယောကျ်ားရှပ်အင်္ကျီလက်ရှည် ခပ်နွမ်းနွမ်းကို ဝတ်ဆင်ထားပြီး လုံချည်ပိုင်းတစ်ခုကို ပခုံးပေါ် တင်ထားပါသည်။

သူမ မျက်မှောင်ကြုတ်မိတော့ မိန်းကလေးက လုံချည်ပိုင်းနှင့် နဖူးကချွေးကို တို့ပြီး ...

"ဒီပန်းတွေက ဝယ်ပြီးသားတွေ အစ်မ ..၊ လာမယူသေးလို့ အဲဒါ..."

နှင်းဆီ စိတ်ကသိကအောက် ဖြစ်ရပါသည်။

"တို့ မင်းကို ပိုက်ဆံ ပီပေးထားတယ်လေ"

ကိုအောင်ကျော် ကလည်း အခုလို ဝင်ပြောပေးပါတယ်။

"တစ်စည်းကို တစ်ထောင် .. ထောင့်ငါးရာပေါ့ကွာ၊ မင်းကို နှစ်ဆလောက် ပိုပေးထားတာပဲ"

ကောင်မလေးက ခေါင်းခါကာ ...

"မရဘူးရှင် .. ဝယ်ပြီးတဲ့လူက ကျွန်မဆီ အမြဲ ဝယ်နေကျ ဖောက်သည်မို့လို့ပါ"





"ကြည့်ကျက်ပြောလိုက်ပေါ့ဟာ"

"မရလို့ပါရှင်"

နှင်းဆီ လုံးဝ စိတ်မရှည်တော့။

သူမ လက်ကိုင်အိတ်ထဲက ပိုက်ဆံငါးထောင် ထပ်ထုတ်ပြီး ကောင်မလေးကို လှမ်းပေးလိုက်ပါသည်။

"ရော့ .. ဒီလောက်ဆိုရင် မင်း ရောင်းမှာပါ"

သူမ ကမ်းပေးတဲ့ပိုက်ဆံကို မြင်တော့ ပန်းသည်မိန်းကလေး က မျက်ခုံးတွန့်ရင်း သူမကို ဆတ်ခနဲ မော့ကြည့်သည်။

ပြီးတော့ ...

"ကျွန်မ မရောင်းနိုင်ဘူးလို့ ပြောထားပြီးပြီလေ၊ အခု ရှင်တို့ စီးလာတဲ့ကားနဲ့ ကျွန်မ နှင်းဆီပန်းစည်းကို လဲမယ်ဆိုရင်တောင် ကျွန်မ ငြင်းမှာ သေချာတယ်၊ ရော့ ... ရှင်တို့ပိုက်ဆံ .. ပေး.. ကျွန်မ ပန်းစည်း"

ရှတ်တရက် လက်ထဲကို ပိုက်ဆံထိုးပေးပြီး ဆတ်ခနဲ လုယူသွားတဲ့ဒေါသကြောင့် နှင်းဆီ ဒေါသဖြစ်သွားပါသည်။

"ဟောဗက် .. ဈေးသည်က ဈေးသည်စကား မပြောဘူး"

ကောင်မလေးက လှည့်ထွက်သွားပြီးမှ ပြန်လှည့်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်..။

အေးစက်စက် မျက်လုံးတွေက နူးညံ့မှု မရှိ ..။

"ဈေးသည်က ဈေးသည်စကားပဲ ပြောတာ။ ရောင်းနိုင်ရင် ရောင်းမယ်၊ မရောင်းနိုင်ရင် မရောင်းဘူး ပြောပြီးပြီလေ .. ထပ်ပြောမယ် .. ရှင်တို့လိုလူတွေ ဝယ်မယ်ဆိုရင် အခု ကျွန်မစီးထားတဲ့ ဖော့ဖိနပ်အစုတ်အပြတ်ကိုတောင် ဒေါ်လာနဲ့ပေးဝယ်မယ်ဆိုလည်း မရောင်းဘူး"

နှင်းဆီ နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ရင်း ...

"စကားလုံးတွေက စိန်နှားကပ်လောက်တောက်ပြောင်ပြီး လူကတော့ လက်နှီးစုပ်သာသာပဲ ရှိတယ်။ အေးလေ .. ဒီလိုလူတွေက ကိုယ့်ကိုယ်ကိုယ် စိတ်ကြီးဝင်တတ်တာပဲ မဆန်းပါဘူး"

"စိတ်ကြီးတွေ ထိပ်စီးတွေ ကျွန်မ စိတ်မဝင်စားဘူး။ ပန်းလိုချင်ရင်တော့ မနက်ဖြန် လာခဲ့.. ကျွန်မ ရောင်းကောင်းတဲ့ အဆင်မပြေတဲ့ ပန်းအနွမ်းတွေ အလကားပေးမယ်"

"တောက် .."

ပြောပြီး လှည့်ထွက်သွားတာကြောင့် နှင်းဆီ ဒေါသဖြစ်ပြီး ကျန်ရစ်ခဲ့ရပါသည်။





"လာပါ .. နှင်းဆီ ရယ် .. ဒီဟာတွေနဲ့ တုမဖြစ်စမ်းပါနဲ့ နှင်းဆီ လိုချင်ရင် ဒီပြင်နေရာက အခုချက်ချင်း ဝယ်ပေးမယ်"

"နေပါစေတော့ ကိုအောင်ကျော် .. ကျွန်မက ဒါဆိုဒါပဲ၊ နေဦး ပေါ့လေ"

သူမရင်ထဲက အမျက်ကို ကြိတ်မှိတ်မျိုသိပ်ရင်း အိမ်ပြန်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာလိုင်းကြီး ခံလာရတာပေါ့ အချို"

မနေ့ညနေက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်အတွက် သူမ စိတ်မှာ ပြန်တွေးတိုင်း ဒေါသဖြစ်လို့ မခံနိုင်ပါ ..။

"အေးဟယ် .. ဘာမဟုတ်တဲ့ဈေးသည်က ပြောသွားရတာယ်လို့ဟာ .. အိမ်ရောက်တဲ့အထိ ဒေါသက မပြေဘူး၊ တောက် .."

သူမ တောက်ခေါက်တော့ ဘေးကဖြတ်သွားတဲ့ ကျောင်းသားက လန့်ပြီး လှည့်ကြည့်တော့ သူမ ဘုရှုံးရှုံးရင်း ...

"ဘာကြည့်တာလဲ"

"ဟို .. မကြည့်ပါဘူး၊ သွားပြီးနော် .."





"နှင်းဆီတို့က စိတ်လည်း ဆတ်တယ်၊ အကြွေးလည်း ဆပ်တယ်ဟေ့"

နန်းယု က ပခုံးတွန့်ကာ ပြောတော့ မိုးသိ က ...

"နှင် အဲဒီလို ဂျစ်တီးဂျစ်ကန် မာနကြီးပုံတွေကြောင့် နှင်ချမည်ကြီးတာ၊ စိတ်လျှော့စမ်းပါဟယ် .. ဂုဏ်အစား ရင်ပူတယ် နှင်းဆီ ရယ် .."

မိုးသိ စေတနာနှင့်ပြောမှန်း သိပေမယ့် နှင်းဆီ ခေါင်းခါပြီး...

"ရှင်းရှုးရှုးအောင် ဆိုမှ အာပွလျှာပွမှ မသောက်ထားတာ၊ အဲဒီလို မာနကြီးလို့လည်း ငါ့အလုက အရောင်တောက်တာ .. မှတ်ထား .."

"မာနကြီးတာနဲ့ လှတာ တွဲသုံးရမယ်လို့ ဘယ်သီအိုရီက ထုတ်ထားလို့လဲ နှင်းဆီချို"

ပြောလည်းပြော ဝင်လည်းဝင်ထိုင်တဲ့ ကိုချို နဲ့ သူ့အပေါင်းအသင်းတွေက ဘေးကခုံတွေ ဆွဲယူထိုင်သည်။

သတ္တု အလျှင်အမြန် ရောက်လာပြီး ...

"အစ်ကိုလေး ဘာသောက်မလဲ"

"ဝီစကီ ဆော်ဒါနဲ့ နှစ်ပက်"



www.burmeseclassic.com

www.burmeseclassic.com



သတ္တ ကြောင်သွားပြီး ခေါင်းကုတ်တော့ မိုးသီ က တခွီးခွီးနဲ့ ရယ်သည်။

"လက်ဖက်ရည်ဆိုင်မှာ ဘာသောက်မလဲ မေးတော့ ငါ ဘာဖြေရမှာလဲ သတ္တ .. ဖြေပါဦး"

"အဟဲ .. မေ့သွားလို့"

"အေး .. မေ့ပြီး မလဲသွားအောင် သတိထား သတ္တ"

သတ္တ က ရှုံ့မဲ့မဲ့နှင့် ထွက်သွားပါသည်။

နှင်းဆီ သူတို့အလုပ်ရှုပ်တဲ့ကိစ္စတွေ ရှင်းပြီးမှ ဆက်ပြောရပါသည်။

"ဒါက ထပ်တူညီတဲ့ အသားကျမှုပဲလေ"

"ထပ်တူညီမှု .. အသားကျမှု .."

"အသားကျတယ်ဆိုတဲ့စကားက ကြွေပုံ့သွားတဲ့အသားမျော့ ရုပ်ဝတ္ထုသဘောနဲ့ ကြည့်ရင်တောင် ပုပ်စော်နံနေပြီ၊ ဒါဟာ ... ထပ်တူမညီတဲ့သဘောပဲ နှင်းဆီ"

"ရှုပ်နေတာပဲ"

သူရ က ပြောလည်းပြော ပေါက်စီတစ်လုံးကို ယူစားသည်။

"ရှင် စိန်ကို မြင်ဖူးလား .."





ကိုချို က နှင်းဆီ စကားကို ခေါင်းညိတ်ပြသည်။

"လှတဲ့အရာဝတ္ထုဖြစ်ပေမယ့် မာကျောမှုရှိတဲ့အတွက် တန်ဖိုးရှိနေတာလေ၊ ပတ္တမြားထွက်တဲ့မြေမှာ ပတ္တမြားမထွက်ခင် နတ်သွေးဆိုတဲ့ ကျောက်တစ်မျိုး အရင်ထွက်တယ်၊ အဲဒီ နတ်သွေးဆိုတဲ့ ကျောက်က နတ်တွေ ပုံဖော်သွေးထားတဲ့အတိုင်း အရမ်းလှတာ၊ ဒါပေမယ့် သူမှာ မာကျောတဲ့ဂုဏ်သတ္တိ မရှိဘူး၊ ကိုက်ချေလိုက်ရင် ကြေမွသွားတတ်တယ်၊ ဒါဲ ..."

ကိုချို သူမကိုကြည့်ရင်း ခေါင်းတညိတ်ညိတ် ..။

"မဆိုးဘူး .. ခင်ဗျားနဲ့ စကားပြောရတာ၊ ဒီလိုဆိုဗျာ မာကျောပါတယ်ဆိုတဲ့ ကျောက်ဆောင်တွေတောင် လှိုင်းနဲ့ ထိပါများရင် ပွန်းပဲ့သေးတာပဲ ခင်ဗျားက လှုနေ့ာ်၊ အသားလေးက နုနုဖတ်ဖတ်လေးတွေ .. ထိလိုက်ရင် ကြေကျသွားမလား အောက်မေ့ရတယ်"

သူမ ဆက်ပြောမည်လုပ်တော့ မိုးသီ က လက်ကာကာ ...

"ကဲ .. ကဲ .. တော်ကြပါတော့၊ စကားနပမ်းပြိုင်ပွဲ ကျနေတာပဲ"

အောင်ကောင်း က လှမ်းနှောက်သည်။

"မာနကြီးတာ ကောင်းလား၊ မာနမကြီးတာ ကောင်းလား"



www.burmeseclassic.com

သူရ က ပလုတ်ပလောင်းနှင့် ပြောသည်။

"ဟာ .. ဝက်သားနဲ့ ကောင်းလား .. ကြက်သားနဲ့ ကောင်း လား"

"ခွေးဝဲစားက တစ်မျိုး၊ မင်းစားခွက်သာ ဖင်း ရုံထား"

"ကိန် .."

"ကဲ ... ထမင်းစားမယ်ကွာ"

"ဟင် .. မင်းဟာက ဆာဖြန့်ပြီလား။ အခုတင် ပေါက် စားပြီးပြီ၊ လွှန်ပ့် သူရ ရယ် .."

"အေးကွာ .. အဲဒီလောက်တော့ ထူးခြားတဲ့ အစားအစာတွေမှာ ထည့် ပေးလား မသိဘူး"

နှမ်းယု က စပ်စပ်စုစုနှင့် ကိုချို့ လက်ထဲက အထုပ်ကို လှမ်း မေးသည်။

"ဘာတွေလဲ ကိုချို"

ကိုချို က ဘာမျှမပြော ပလတ်စတစ်ထုပ်ကိုဖြေပြီး အထဲက စက္ကူဘူးကို လှမ်းဆွဲထုတ်သည်။

စက္ကူဘူးက နာမည်ကြီး ဟိုတယ်တစ်ခုက မုန့်ဘူး၊ ကိုချို က သူမကို လှမ်းပြောသည်။





"စားပါဦးလား နှင်းဆီ .."

သူမက ရှုတ်ခမ်းတွန့်ရင်း ...

"ဟင့်အင်း .. ခဏနေရင် တစ်ယောက်က အကောင်းဆုံးဆိုင် တစ်ဆိုင်မှာ ကျွေးပါရစေဆိုလို့ သွားချိန်းခြင့်ပေးရဦးမယ်"

ကိုချို က ဘာမျှပြန်မပြော။

ထုံးစံအတိုင်း အပြုံးအေးအေးနှင့်ပါပဲ။ မိုးသီ က ဗိုးခနဲဇတ်ခနဲ ကိုချို့ လက်ထဲက စက္ကူဘူးကို လှမ်းယူရင်း ...

"နှင်မစားချင်ရင် ငှင်ကာ ဘာရှာသာသွားမယ်လူ၊ နှမ်းယု စားမလား"

ဟိုတာသာမီးရှည် ပြုံးပြုံးကာတည်းက နှမ်းယု က ဝါးချင်နေပါ ပြီ..

"တနေ့ကပဲပြောပြီ စားရခဲ့တယ်"

မိုးသီ အားရဝမ်းသာနှင့် စက္ကူဘူးကို ဖွင့်တော့ ...

"ဟင်!... မုန့်ခတ်စ်းနဲ့ ငှက်ပျောသီး"

သူရ တို့ အေးကျော် တို့ အားလုံး ဝိုင်းရယ်ပါသည်။ နှင်းဆီ တောင် ဟက်ဟက်ပက်ပက် ရယ်မိပါသည်။

"ခင်ဗျားတို့က အထင်ကြီးတာကိုး ဘေးအိမ်က နတ်ကန်တော့ ပြီး ဝေလို့ အခေါင်းမှာ အတူနေတဲ့ ဟိုတယ်မှာ မုန့်ဖုတ်တဲ့ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုက ဘူးခွံတောင်းပြီး ထည့်လာတာ .. စားပါ၊ အားမနာနဲ့ ဟိုတယ်တံဆိပ်နဲ့တင် လူအထင်ကြီးပါတယ်"

"ဟော ..."

ကန်တင်းရှေ့က ခဲမှုပ်ရောင် တန်ဖိုးမြင့်ကားလေး ရပ်တော့ နှင်းဆီ ထရပ်လိုက်ပြီး ...

"သွားဦးမယ်နော် ကိုချို .. ကျွန်မကို ကျွေးချင်ရင် ပိုက်ဆံစုပြီး အပ္ပိုင့်မန့် ကြိုယူထားနော်"

"ခင်ဗျားက တစ်ညကျွေးရင် ရတယ်ပေါ့"

"ရှင် .. ဘာစကားပြောတာလဲ"

"ကျွန်တော်ပြောတာလည်း စကားလေးဘာလေး ပြောလို့ရတယ် ပြောတာပါဗျာ"

"ရှင်နော် .."

ကျွန်မ အောင့်သက်သက်နှင့် ထွက်လာတော့ ကိုချို့ ရဲ့ရယ်သံတွေ နောက်မှာ ကပ်ပါလာပါသည်။

"ခင်ဗျားတို့ရော မလိုက်သွားဘူးလား"

"ဟာ .. သူတစ်ယောက်တည်းကို ဖိတ်တဲ့ဟာ ... မလိုက်ချင်ပါဘူး"





အေးကျော် က ရယ်ကျဲကျဲနှင့် ...

"လာ ... ငါနဲ့ နှစ်ယောက်တည်း သွားစားမယ်"

"ဘယ်ဆိုင်လဲ"

"အရှူအိမ်"

ရယ်သံတွေ ဆူညံသွားပါတယ်။ မိုးသီ က ရေနွေးနှင့် အေးကျော် ကို လှမ်းပက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



✍ *အရောင်မရှိတဲ့ သုညတွေမှီ*
*ကြက်ခြေခတ်များစွာနဲ့ ငါစာရင်းကို ပေးပြီ ...။*
✍ *အဲဒီအထင်ကြောင့် ငါ့သုညတွေ*
*သေစာရင်းကို အပြင်းချိုတက်ချင်ပြီး*
*တကယ်တော့ ...*
*မင်း မတွေးမိတဲ့အကြောင်းက*
*အရောင်မရှိတဲ့ သုညတွေဟာ ...*
*တန်ဖိုးတွေကို ထိန်းသိမ်းထားတဲ့ သေတ္တာတစ်လုံးရဲ့*
*အရိုးသားဆုံး လှည့်စားထားတဲ့ ကိန်းဂဏန်းစကားဝှက် ..*
*အမှတ်လွယ်ပေမယ့် အမေ့လွယ်ကြတယ် ...။*





"သူခေါ် ရှိလား"

"တောက် ..."

ကိုချို ကြောင်တောင်တောင် ဖြစ်သွားပါတယ်။

အလွတ်ကြီး တောက်ခေါက်ပြီး ခေါင့်ခေါင့် ခေါင့်ခေါင့် နှင့် ထွက်သွားတဲ့ မိန်းကလေးကြောင့် စိတ်ပျက်မိရပါတယ်။ ဆိုင်ရှင်က ဘာမျှ သိပုံမရ။

"ခေးပေါ့လိပ် မရောင်းဘူး ညီလေး၊ ရွာဘီတို့ မိုင်းဆဲဗင်းတို့ပဲ ရမယ်၊ ဟိုနားက ဆိုင်မှာ ရောင်းတယ်"

"ကျေးဇူးပဲ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အစ်ကိုကြီးညွှန်ပြတဲ့ဆိုင်ကို လျှောက်လာခဲ့ပါတယ်။

ကျွန်တော် ဆိုင်ရှေ့ရောက်တော့ ကောင်မလေးတစ်ယောက်က ပစ္စည်းဝယ်နေတာ အမှုမဲ့အမှတ်မဲ့ သတိထားမိပါတယ်။

ခဏကြာရင် အမှုမဲ့အမှတ်မဲ့က အမှုဖြစ်လာမှာ ကိုချို မသိခဲ့တာ အမှန်ပါ ..၊

ဈေးသည်အစ်မကြီးက ကောင်မလေးကိုကျော်ပြီး ကျွန်တော့်ကို လှမ်းမေးပါသည်။

"မောင်လေး ဘာယူမလဲ"

"သူဇာ"

"တောက် ..."

တောက်ခေါက်သံနှင့်အတူ ဆံပင်တွေ ခါခနဲ ဝဲသွားအောင် လှည့်ကြည့်လိုက်တဲ့ ကောင်မလေး ..။

ယောင်အအဖြစ်သွားရတဲ့အထဲ နွေအလယ်မှာ ရေခဲရည်တစ်ခွက် သောက်လိုက်ရသလို အေးမြသွားတဲ့အလှကို ကျွန်တော် သတိထားမိပါသည်။

ကျွန်တော် အသိနဲ့သတိကို ထိန်းပြီး မြင်ဖူးပါတယ်လို့ ကြည့်





မိပါတယ်။

ကောင်မလေးက ပြန်လှည့်သွားပြီး ဈေးဝယ်နေပါတယ်။

ဪ ...

ခုနက ဈေးဆိုင်မှာတွေ့ခဲ့တဲ့ မိန်းကလေး ..၊

သူမက ဘာကြောင့် တောက်ခေါက်ရတာလဲ ကျွန်တော် မသိပါ ..။

အတန်းဝင်ဖို့ ကန်တင်းကအလာမှာ ကန်တင်းမှာ အတန်းထဲက စုစုထွေး က ဆီးထုပ်မှာလိုက်လို့ ဆီးထုပ်ဝယ်ရင်း သောက်နေကျ ဆေးပေါ့လိပ် ဝင်ဝယ်ခြင်းဖြစ်ပါတယ်။

ဈေးသည်က သူဇာတစ်ထုပ် ပေးပါတယ်။

ကျွန်တော်က ပိုက်ဆံပေးရင်း ...

"မိုးသူဇာ ရော ပေးဗျာ .."

"ဘာ!..."

သေးကနေ ရုတ်တရက် ကျူးအော်လိုက်တဲ့အသံကြောင့် လန့်ဖျပ်သွားကာ ...

"ဟာ !... ဘာလို့ အကျယ်ကြီး အော်ရတာလဲ၊ လန့်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘေးကကောင်မလေးက ခါးထောက်တာ အကြီးအကျယ် ဒေါသတွေ ဖြစ်နေပါတယ်။

နှုတ်ခမ်းကိုက်ထားတာကို ငေးကြည့်ရင်း ဈေးရောင်းအသည်း ကိုများ ကိုက်ထားသလို ရောယောင် မှာကျိုးလှမ်းရှာယ်။

"ရှင် ဘာစကားပြောတာလဲ စမ်းကြည့်နိုင်ရဲ့"

ဈေးသည်အော်ကြီးက ကျွန်တော်တို့ရန်ပွဲကြောင့် ကုလားသမက္က အတွင်းရေးမှူးလေသံနဲ့ မျှောင်းချပါသေးတယ်။

"မင်း .. ဘာသွားလုပ်လိုက်လို့လဲ"

သူပြောမှ အမှုကို ပိုကြီးသွားပါကယ်။

"ဟောကောင် ဘာဖြစ်နေတာလဲ၊ ဟင် .. မိမိုး"

ရုတ်တရက်ဆိုသလို ကယ်တင်မယ့် သိကြားမင်းအစား လူ ယောင်ဖန်ဆင်းပြီး အောင်ကောင်း ရောက်လာပါသည်။

သူမကို အမည်တပ်ခေါ်တော့ ကျွန်တော် အားနည်းနည်း ပိုရှိ သွားပါသည်။

"ငါ့ဘာသာ ငါနေတာကို ဘာလိုင်းကြီးကွာ"

"ရှင် ကလိမ်ကကျစ် မလုပ်နဲ့ ...၊ ဒီလူဟာယ် ဟိုဘက်ဆိုင် ကတည်းက ငါ့နားကပ်လာပြီး ငါ့နာခေည်ကို ခေါ်ပြီး ရုပ်တည်ကြီးနဲ့





နေနေတယ်"

ကျွန်တော် မျက်လုံးပြူးသွားပြီး ...

"နေ .. နေပါဦး ... ခင်ဗျားကို တစ်ခါမှ မခေါ်ပါဘူး"

"ရှင် လုပ်မနေနဲ့ .. ကြောင်မလိမ်နဲ့၊ ရှင်ပဲ သူဇာ ခေါ်လိုက်၊ မိုးသူဇာ ခေါ်လိုက်နဲ့ ဘာကြွင်းချင်သေးလဲ၊ ဟုတ်တယ်နော် အစ်မ ကြီး"

ဆိုင်ရှင်ကို သူမက တိုင်တည်လိုက်ပါသေးသည်။ ဆိုင်ရှင်က လည်း ကြောင်တိကြောင်တောင်နှင့် ...

"ဟုတ်တယ် ခေါ်တယ်လေ"

ကျွန်တော် ကမန်းကတမ်း ပြန်ပြောရပါသည်။

"မဟုတ်ဘူးလေ .. ကျွန်တော် သူဇာဆေးလိပ် ဝယ်တာလေ၊ ဟို .. ဟို ... မိုးသူဇာ ဆိုတာ အချည်ထုပ်နာမည်လေ"

"အေး .. ဒါလည်း ဟုတ်တာပဲနော်"

အောင်ကောင်း က အခုမှ သဘောပေါက်ကာ အားရပါးရ ရယ် တော့ ဆိုင်ရှင်အစ်မကြီးလည်း ရယ်ပါတော့သည်။ အောင်ကောင်း က ရယ်ရင်း ...

"ဟုတ်တယ် မိမိုးရဲ့ ဒီကောင်က သူဇာဆေးပေါ့လိပ်ပဲ သောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တာ၊ စီးကရက်လည်း မသောက်ဘူး၊ နေပါဦး အချဉ်ထုပ်က…”

“အချဉ်ထုပ်က ကန်တင်းမှာ စုစုတွေး တို့နဲ့တွေ့လို့ လမ်းကြုံမှာလိုက်တာ”

သူမက ရှက်ကိုးရှက်ကန်းနှင့် ခေါင်းကုတ်နေပြီး …

“ငါလည်း ဘယ်သိမလဲ၊ ဟိုဘက်ဆိုင်ကအညီးက သူဇာ .. သူဇာ လုပ်နေပြီး ဒီဘက်ဆိုင်ရောက်တဲ့အထိဆိုတော့ ငါ့ကို လိုက်နောက်တယ်ပဲ ထင်တာပေါ့”

“မဟုတ်ရပါဘူးဗျာ ..၊ ကျွန်တော် ဟိုဘက်ဆိုင်မှာ သူဇာ … အဲ .. သူဇာဆေးပေါ့လိပ် မရလို့ ဒီဆိုင်ကို ညွှန်လိုက်လို့ လာခဲ့တာပါ”

မိုးသူဇာ ဆိုတဲ့ အရိုးသားဆုံး လေပြည်လေးက ပိုက်ဆံရှင်းပေးပြီး ထွက်ခွာသွားမယ်လုပ်တော့ အောင်ကောင်း က …

“မိမိုး .. နင့်ကို ငါ့သူငယ်ချင်းနဲ့ တစ်ခါတည်း မိတ်ဆက်ပေးရမယ်၊ နောက် ရန်မဖြစ်ကြနဲ့နော် .. တည့်အောင်နေမှာပေါ့”

“အောင်ကောင်း နော် ..”

သူမက ကျွန်တော့်ကို လှစ်ခနဲကြည့်ပြီး အောင်ကောင်း ကို





မျက်စောင်းထိုးပါသည်။

“ကျွန်တော့်နာမည် ကိုချို .. ဖစ်ဆစ်ကပါ”

“ကျွန်မနာမည် …”

ကျွန်တော်က နောက်နောက်ပြောင်ပြောင် အချဉ်ထုပ်ကို မြှောက်ပြတော့ သူမ ခေါင်းငုံ့ပြီး ရယ်နေပါသည်။

ပြီးမှ …

“သမိုင်းကပါ”

“ဩော် .. တော်တော်ဝေးတယ်နော်”

“ရှင် ..”

မျက်လုံးအဝိုင်းသားနှင့် သူမဖြစ်ပုံကြောင့် …

အောင်ကောင်း က ရယ်ရင်း ကျွန်တော့်လက်မောင်းကို ထိုးသည်။

“နင့်ကို အင်းစိန် သမိုင်းမှာနေတာလားလို့ နောက်တာ”

သူမက ရယ်ရင်း …

“သွားဦးမယ်”

လို့ နှုတ်ဆက်ပါသည်။

ကျွန်တော် သူမကို ငေးကြည့်မိပါသည်။



www.burmeseclassic.com

“ငါ့သူငယ်ချင်းတော့ အချဉ်ထုပ်ကို ရှင်ဘတ်ထဲ ထည့်မိပြီးရှုံ့တူတယ်၊ ကောင်းပါတယ် .. နှင်းဆီချို က အချိုထုပ်ဆိုရင် မိုးသူဇာ က အချဉ်ထုပ်ပေါ့၊ ကြိုက်တာ ရွေးစား”

ကျွန်တော် သဘောကျပြီး ရယ်နေမိပါသည်။





“ဒီလိုကွ ...”

ပြောရမယ့်အရေး အောင်ကောင်း က စီးကရက် မီးညှိနေပါသည်။ သူရ က အမြင်ကပ်ကပ်နှင့် ...

“အိုက်တင်က ဗေလုဝအိုက်တင်နဲ့”

သူရ့ စကားကို အောင်ကောင်း ရယ်ကျဲကျဲနှင့် တုံ့ပြန်သည်။

ဒီည အောင်ကောင်း အဖေနှင့် အမေ အမျိုးအိမ်မှာ အလှူရှိ၍ သွား အိပ်ကြ၍ သူတို့သုံးယောက် ဒီကောင့်အိမ်မှာ ရှိသမျှ လှန်လှောစားသောက်ပြီး မအိပ်ခင် အိမ်ရှေ့ကွပ်ပျစ်မှာ စကားပြောမိကြရာက မိုးသူဇာ ခေါင်းစဉ်အောက်ကို ရောက်ရှိကြခြင်း ဖြစ်သည်။

“မိမိုးက တော်တော် ဆင်းရဲတာယ်ကွ .. ပြီးတော့ အဖ မရှိဘူး၊ အိမ်မှာ သူ အကြီးဆုံး။ သူ့အောက်မှာ ညီမနှစ်ယောက် ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေက ကန်စွန်း ခူးတယ်။ သူ့မျှားခြံမှာ ခြံစောင့်လုပ်ပြီး တဲထိုး ပြီး နေတယ်၊ နှင်းဆီတွေ စိုက်ပြီး ပြန်ရောင်းတယ်၊ မိမိုး က သူ့အမေနဲ့ ကူလုပ်ပေးပြီး ကျောင်းတက်တယ်၊ ပြီးတော့ ငါတို့နဲ့အတူ အခမဲ့ ပညာဒါနကျောင်းမှာ ဆယ်တန်းကျူရှင်တက်တယ်၊ စာရှ စာတမ်းဖိုးတောင် မပေးရဘူး .. လခ မပေးရဘူး .. အားလုံး စရိ ငြိမ်း..၊

ငါတို့သင်တန်းမှာ ဆရာ ကိုကျော်အောင် က ကျောင်းပျက်ရ ခိုင်လုံတဲ့အထောက်အထား မရှိရင် ရိုက်ပြီး အပြစ်ဒဏ်ပေးတဲ့ထုံး ရှိတယ်၊ တစ်နေ့ မိမိုး သင်တန်းကို သုံးရက်ပျက်ပါလေရော၊ အခြ ကျောင်းသားတွေနဲ့အတူ အရိုက်ခံရတာပေါ့ကွာ၊ မိမိုး က ဆရာ ဘာတစ်ခွန်းမှ မပြောဘူး။ အဲ ... ညနေလောက်ကျတော့ မိမိုး အမေ ဒေါ်လေးမေ ဆရာ့ဆီ ရောက်လာပါလေရော ..၊

ဆရာကတော့ မိမိုးကို ရိုက်တဲ့အတွက် သူ့အမေက မကျေ လို့ ထင်တာပေါ့၊ ဒေါ်လေးမေ က ပြောပြတယ်၊ သူ နေမကောင်း အတွက် အိမ်မှာ ဈေးဖိုး မရှိဖူးတဲ့၊ ဆန်ကွဲဝယ်ပြီး ကလေးအတွ ဆန်ပြုတ်ပြုတ်ပေးရတယ်တဲ့၊ ဒါကို မိမိုး က မကြည့်ရက်လို့ သူ အောင် သင်တန်းသွားတယ်ဆိုပြီး ကန်စွန်းခူးပြီး ဈေးမှာသွားသွင်း





ကျောင်းပျက်ရတာပါလို့ ဆရာ့ကို ရှင်းပြတော့ ဆရာ တော်တော် တ်မကောင်းဖြစ်သွားတယ်၊ သူရိုက်မိတဲ့လက်ကို ဆရာ အကြာ ကြီး ငေးကြည့်နေတဲ့အထိပေါ့ကွာ .."

ကျွန်တော် သက်ပြင်းချမိပါသည်။

ရင်ထဲမှာ ခံစားမှုတစ်မျိုး ဝင်လာပါတယ်။ သူရ က လမ်းကို ငေးကြည့်ပြီး ...

"အဆင်မပြေမှုဆိုတာ အဆင်မပြေသူတွေအတွက် မိး တာက်နဲ့ တူတယ်နော်"

အောင်ကောင်း က ဆက်ပြောပြပါတယ်။

"နောက် တစ်လလောက်ကြာတော့ မိမိုး သင်တန်းကို လုံးဝ လာတော့ဘူး။ ဆရာက သင်တန်းကို ရောက်မလာတော့ ငါတို့ း သူငယ်ချင်း မိစု တို့အားလုံးကို သတင်းမေးခိုင်းတာပေါ့၊ ငါတို့ ည်း မိမိုး အိမ်ရောက်တော့ ဒေါ်လေးမေ က မိမိုး ကန်စွန်းကန် လို့ ပြောတော့ ကန်စွန်းကန်ကို သွားကြတာပေါ့၊ ကန်စွန်းက ကာနှားက သံလမ်းဘေးမှာ ရှိတာကိုး ..၊

ငါတို့လည်း ကန်စွန်းကန် ရောက်တော့ မိမိုး က ကန်ထဲဆင်း ကန်စွန်းခူးနေတယ်၊ သူ ကျောင်းဆက်တက်လို့ မဖြစ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ခယ်တန်းစာမေးပွဲလည်း ဖြေဖို့ မဖြစ်နိုင်ဘူးတဲ့လေ၊ သူညီမ တွေကို အကြီးပီပီ ဦးစားပေးရမယ်တဲ့၊ ပြီးတော့ ငါတို့နဲ့ ဒီပြင် အကြောင်းတွေပြောပြီး ရယ်မောနေသေးတယ်၊ ပြီးတော့ ပြောသေး တယ် ..."

"ဘာပြောတာလဲ .."

အောင်ကောင်း ရေနွေးငုံသောက်သည်။

"ငါ အခုလို မရယ်နိုင်တာ ကြာပြီတဲ့၊ နင်တို့လာမှ အခုလို ရယ်နိုင်တာလို့ ပြောပြတယ်"

"လူပုံစံကကြည့်တော့ ပျော့ပျောင်းမယ်ထင်ရပေမယ့် ခပ်မာ မာပုံစံပဲ"

အောင်ကောင်း က ပြုံးသည်။

"နှင်းဆီချို ရဲ့ ခူးရှုထက်မြက်မှုနဲ့ မိမိုး ရဲ့ ထက်မြက်မာကျောမှု က မတူဘူး၊ နှင်းဆီချို က သူ့အလှတရားပေါ်မှာ မာနနဲ့ ဂုဏ်ယူ ဝံ့ကြွားတဲ့ ထက်မြက်မာကျောမှု .."

သူရ က လှုတ်ခနဲ မေးမိသည်။

"မိမိုး .. အဲ ... မိုးသူဇာ ကရော .."

"အင်း ... သဘာဝနဲ့ ခင်းရဲခြင်းဆိုတဲ့ ဖီအားကြောင့် တောက်





ပြောင်လာတဲ့ ထက်မြက်မှု"

အောင်ကောင်း မှတ်ချက်ကို ကျွန်တော် သဘောကျမိပါ သည်။

"ဒါနဲ့ ကျောင်းဆက်တက်ဖြစ်တဲ့ အကြောင်းအရာကရော..."

အောင်ကောင်း က ကျွန်တော့်ကို ခေါင်းညိတ်ပြုံးရင်း ...

"ဆရာ့ကျေးဇူး .. အထူးသဖြင့် ဆရာအစ်မရဲ့ကျေးဇူးလို့ ပြော ရင် မမှားဘူး၊ ဆရာ့အစ်မက ဩစီမှာ အလုပ်လုပ်နေတာ အပျိုကြီး၊ ဆရာကလည်း လူပျိုကြီး၊ ဆရာတို့က နဂိုကတည်းက ချမ်းသာ တာ .. မောင်နှမ နှစ်ယောက်တည်း၊ ဆရာ့အမေထားခဲ့တဲ့ စည်းစိမ် ဥစ္စာသာ့ရှုက တော်တော်များတယ်၊ ဆရာ ဘာမှမလုပ်ဘဲ ထိုင်စား နေတာသာ ကြည့်ပေါ့ကွာ ...၊

ဘဏ်တိုးတွေ တခြားမှာ ရှယ်ယာဝင်ထားတဲ့ အမြတ်ငွေတွေ ကြောင့် ဆရာ အခမဲ့ပညာဒါနကို တစ်ပြားမှ မရဘဲ ထူထောင်လို့ရ တယ်၊ တစ်နေ့ သူ့အစ်မ ခဏအလည်လာရင်း တိုလီမိုလီ ချက် ပြုတ်လုပ်ကိုင်ဖို့ အဖော်လိုနေတာနဲ့ မိမိုး က အောက်ခြေသိမ်း လာ လုပ်ပေးရင်း ဆရာ့အစ်မ အန်တီချယ်ရီ က မိမိုး အကြောင်းကို သိသွားပြီး ကျောင်းဆက်တက်ဖို့ အကူအညီပေးတဲ့အပြင် သပ်သပ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ရပ်ရှိတဲ့ ပျဉ်ထောင်အိမ်လေးတစ်လုံး ဝယ်ပေးပြီး ရပ်ကွက်ဈေးဆိုင်လေး တည်ပေးထားတယ်၊ ပြီးတော့ မိမိုး တို့နေတဲ့ နှင်းဆီခြံကို ဝယ်ပေးပြီး မိမိုး တို့ကို အပိုင်ပေးတယ်"

"တော်တော် ရက်ရောတာပဲကွာ"

သူရ စကားကြောင့် အောင်ကောင်း က ခေါင်းခါတာ ...

"မိမိုး က မယူဘူး ငြင်းခဲ့တယ်"

"ဟာကွာ .. နှမြောစရာကြီး"

"အန်တီချယ်ရီ က သားသမီးမရှိတော့ မိမိုး ကို သမီးတစ်ယောက်လို သံယောဇဉ်ရှိတာကွ၊ ဒါပေမယ့် မိမိုး အဲလောက်ကြီးတော့ တစ်ဖက်ကို ဒုက္ခမပေးချင်ဘူးလို့ ငြင်းခဲ့တော့ အန်တီချယ်ရီက နှင်းဆီခြံကို မယူရင် အဲဒီနှင်းဆီခြံကထွက်တဲ့ အကျိုးအမြတ်ကို ယူဖို့ အတင်းပြောတော့မှ မိမိုး က လက်ခံခဲ့တယ် ..၊

အခုတော့ တော်တော် အဆင်ပြေနေပါပြီ၊ ကျောင်းက ပြန်ရောက်ရင် မင်းတို့ မြင်စေချင်တယ်၊ တကယ့် ဈေးသည်မကြီးအတိုင်းပဲ၊ ကျောင်းမတက်ခင် မနက်စောစော ချမ်းချမ်းအေးအေး ကန်စွန်းကန်ထဲမှာ ကန်စွန်းချူးပြီး စည်းပြီး ဈေးပို့ပြီးပြီ၊ ညနေကျောင်းကပြန်ရင် နှင်းဆီတွေ ချူးပြီး ငါတို့နားမှာ ပန်းဈေးရှိတယ်၊





ညနေဆို ပန်းဈေးက စည်တယ်လေ .. ပို့ပြီးပြီ၊

အဲဒီပန်းဈေးက မနက်စောစောမှ ဒီပြင်ဈေးတွေကို လက်ခွဲပို့တာ၊ တစ်ခါတလေပန်းတွေ အရမ်းများနေရင် ပလာဇာရှေ့တို့ စည်တဲ့နေရာတွေမှာ ကိုယ်တိုင် သွားရောင်းတာ၊ အဲဒီအကျိုးကျေးဇူးကြောင့် သူတို့ မိသားစု အဆင်ပြေတာပေါ့ကွ"

"တကယ် လေးစားစရာကောင်းတဲ့ ကောင်မလေးပဲ"

ကျွန်တော် မှတ်ချက်ပေးမှုကြောင့် အောင်ကောင်း က စ,နေသေးသည်။

"လေးစားစရာပဲလား ... မြတ်နိုးစရာကောင်းတဲ့ အချဉ်ထုပ်လေး မဟုတ်ဘူးလား"

ကျွန်တော် ခပ်ရှက်ရှက်နဲ့ရယ်တော့ အေးကျော် က ကျွန်တော့်ပုံစံကိုကြည့်ပြီး ...

"လူကြီးရှက်တော့ စပ်ဖြီးဖြီးဆိုတာ ဒါမျိုးထင်တယ်"

ကျွန်တော် ဘာပြောနိုင်မှာလဲ ..၊ အခိုင်အမာဝင်လာတဲ့ အောင်နိုင်ရေးအလံတစ်လက်နှင့် အချစ်ရဲ့စစ်သည်တော်ကိုလေ ..။

ငါကိုယ်တိုင်က ကိုယ့်ခံတပ်ကို တမင်အရှုံးခံတာပါ အချဉ်ထုပ်လေးရယ် ..၊ ကျွန်တော် ဆေးပေါ့လိပ်ကို ကောက်ကိုင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သတိရမိလို့ ဆေးပေါ့လိပ်ကို ပတ်ထားတဲ့ စက္ကူက နာခည်ကို ကြည့်မိတော့ ...

"အပ်ဟာမ်း .."

"အပ်ဟွတ် .."

တမင်လုပ်ထားတဲ့ ချောင်းဆိုးသံတွေ .. ကျွန်တော် ရယ်နေမိပါသည်။ ဒါပဲ လုပ်စရာရှိတာကိုး ...၊

ဟုတ်တယ်နော် .. အချဉ်ထုပ်လေးရေ ..။







နွေကြွေးကြော်သံကိုက ဈေးခေါ်သံပဲဆိုရင်
အချစ်ရေ ...
ကန္တာရသစ်ပင်လို မြတ်နိုးခြင်းက ဖြာထွက်
ကိုယ့်ဆီတော့ မရှိဖူး ထင်ပါရဲ့ ...၊

ချစ်တာတဲ့ခြင်းက မြေဆီအားကောင်းလို့
ရေလောင်းပေါင်းမသင်ဘဲ စိမ်းစိုလန်းဆန်း
ငါ ယုန်းခင်းထဲကို စိတ်ခေါ် ချင်တယ်။

တခုတ်လောက်
မင်းနှလုံးသားအိတ်ကပ်ထဲ
မြက်ရိုင်းသလို ဖြည့်ထည့်
ငါ ဈေးဆိုး မတောင်းဘူး ..
အလကားတောင်းလည်း ပေးမယ် ...။





www.burmeseclassic.com

www.burmeseclassic.com



"ရှေ့လဆန်း ရဲ့ရီ ရန်ကုန်ကို ရောက်လာမယ်တဲ့"

"ပွဲကတော့ ကြည့်ကောင်းမယ် ထင်တယ်ဟ"

နှင်းဆီ ရဲ့စကားကြောင့် မိုးသီ က ပခုံးတွန့်ပြီး ပြောသည်။ နှမ်းယု ခေါင်းတညိတ်ညိတ်နှင့် ...

"အင်း .. ဆရာကြီးနဲ့ ဆရာမကြီး တွေ့ကြမယ့်ပွဲပဲ၊ ဒါနဲ့ ဒွဲ ရဲ့ သတင်းကရော ..."

နှင်းဆီက ပခုံးတွန့်ပြီး ...

"ငါ ... ဘေးမဲ့ပေးတာလား .. သူ့ပဲ တောပြောင်းသွားတာလား မသိဘူး"

"နှင့်မာမီ ဘာပြောလဲ နှင်းဆီ"

"ထုံစံအတိုင်းပေါ့ဟာ"





ကျွန်မစကားကြောင့် ရယ်ကြပါသည်။

မာမီရဲ့ ခေတ်ပြားဟောင်းကြီးအကြောင်း မိုးသီ တို့က သိနှင့်နေပြီးသား ..။

"ဒါနဲ့ ကိုချို ဆိုတဲ့လူ မတွေ့တာတောင် အတော်ကြာပြီနော်"

ကျွန်မရဲ့ စကားကြောင့် နှမ်းယု ရင်ဘတ်ဖိ မျက်လုံးပြူးကာ...

"ဗုဒ္ဓေါ!..."

"ဟဲ့ .. ဘာဖြစ်တာလဲ"

"ဟဲ့ .. ဘာဖြစ်ရမှာလဲ၊ နှင့်ပါးစပ်က ယောကျ်ားတစ်ယောက်ကို မေးတဲ့အသံ ပထမဦးဆုံး ကြားမိလို့"

ကျွန်မ ကိုချို လိုပဲ ခပ်အေးအေးနှင့် ပြုံးမိပါသည်။ ဟုတ်တယ် ဒီလူရဲ့အပြုံးတွေက စိတ်ဝင်စားစရာ ..။

"အင်း ... ဒီလူက စိတ်ဝင်စားဖို့ကောင်းတဲ့ စာအုပ်တစ်အုပ်လိုပဲ"

"ဖတ်ပြီးရင် ပစ်ထားမလို့လား"

မိုးသီ ရဲ့ အမေးကြောင့် ကျွန်မ ခေါင်းခါပြမိသည်။

"ဖတ်ပြီး သိမ်းထားသင့်တယ် ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓေါ .. ငါတော့ ဒီနေ့ ဘုရား နှစ်ခါ တ,မိနေပြီဟေ့"

မိုးသီ အပြုံအမူကြောင့် နှင်းဆီ ခေါင်းမော့ကာ လွတ်လွတ်လပ်လပ် ရယ်မိပါသည်။

နန်းယု က နှင်းဆီ ကို မမြင်ဖူးသလို ငေးမောနေပါတယ်။

"ဟဲ့ ... ငါကို မမြင်ဖူးတာကျနေတာပဲ"

"ဟုတ်တယ် .. နင် အဲဒီလို အပြစ်ကင်းကင်း ရယ်ပုံက ငါ ဒီ တစ်ခါပဲ တွေ့ဖူးတယ်"

နန်းယု စကားကြောင့် နှင်းဆီ က နန်းယု ကို ဆွဲဆိတ်ရင်း...

"ဩော် ... ကျုပ်က အမြဲ အပြစ်မကင်းတဲ့လူ ကျနေတာပဲ"

"နန်းယု ရယ် .. အဲဒါ အပြစ်ကင်းတဲ့ ရယ်မောမှု မဟုတ်ဘူး"

နှင်းဆီ မိုးသီ ကို စိုက်ကြည့်မိသည်။

မိုးသီ က ပြုံးစေ့စေ့ ...

"အချစ်ကင်းတဲ့ ရယ်မောမှု"

"နေစမ်းပါဟာ .. ငါ ကိုချို ဆိုတဲ့လူကို စိတ်ဝင်စားတယ်ဆိုတာ တစ်မျိုး"

"ပြောပါဦး .."

"ကိုချို ကို စိတ်ဝင်စားတယ်ဆိုတာ အို .. ချစ်တာတွေ၊ မေတ္တာ





တွေ၊ မုဒိတာတွေကြောင့် မဟုတ်ဘူး။ ထူးဆန်းတဲ့ အပြုအမူ အပြော အဆိုတွေကြောင့် ငါ စိတ်ဝင်စားတာ၊ ပြောရရင်ဟာ သူနဲ့ ငါ တွေ့တိုင်း ငါ့စိတ်ကို သူဆိုပါအောင် ဆွဲဆောင်နိုင်တယ်"

နှင်းဆီ စကားကြောင့် မိုးသီ က နှင်းဆီ ကို မျက်စောင်းထိုး ပြီး ...

"အတူတူပဲပေါ့ဟာ..၊ နင့်စိတ်ကို ဆွဲဆောင်နိုင်မှတော့ နင် သူ့ကို စိတ်ဝင်စားလို့ပေါ့"

နှင်းဆီ ခေါင်းခါတော့ မိုးသီ တို့ ဘာမျှနားမလည်ဟန် ကြည့်မိကြသည်။

"ဘယ်လောက်အထိ စိတ်ဝင်စားနိုင်မှာလဲ ..၊ စိတ်ဝင်စားမှု ကုန်ဆုံးသွားရင် သူ့ကို ငါ လှည့်ကြည့်ချင်မှာ မဟုတ်ဘူး"

"လှည့်မကြည့်ဘဲ ပြေးဖက်မှာပေါ့"

နှင်းဆီ က နန်းယု စကားကို နှာခေါင်းရှုံ့ကာ ငြင်းပယ်ဟန်ပြင် ရင်း ...

"ကဲ ... စိတ်ဝင်စားတာတွေ စိတ်မဝင်စားတာတွေ အသာ ထား .. တစ်ခုခု သွားစားရအောင်ဟာ၊ ဆရာ မဝင်ခင် လစ်မှဖြစ် မယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီစကားကြောင့် အားလုံး သဘောတူဟန် မတ်တတ်ထရပ်လိုက်ကြပါသည်။

မိုးသီ နဲ့ နန်းယု က ကရင်းပတ်ဘာညာ ကြိုသတ်ပြီး ဆံပင်တွေ ရှင်းအောင် အသင့်ဆောင်ထားတဲ့ ဘီးကိုယ်စီနှင့် ပြုပြင်ပါသည်။ နှင်းဆီ က ဘာမျှမပြုပြင်။

နန်းယု က ဘီးဖြီးနေရင်း ...

"ဟဲ့ .. နင့်ကို ငါကြည့်နေတာ .. အပြင်ထွက်ရင် နည်းနည်းပါးပါး အလှပြင်တာ မရှိဘူးနော် နှင်းဆီ"

"ဟဲ့ ... ဘာပြင်စရာလိုလို့လဲ နှင်းဆီ က လှပြီးသားပဲဟာ၊ နင်နဲ့ ငါနဲ့သာ မလှလို့ ပြင်နေရတာ မဟုတ်လား"

နှင်းဆီ က ဘာမျှမပြောဘဲ ပြုံးနေမိသည်။

သုံးယောက်သား ကန်တင်းထွက်လာခဲ့ကြတော့ ဆိုင်ထဲအဝင်မှာ နန်းယု က ...

"ဟဲ့ ... နင့် ကိုချို တို့က ဟိုဝိုင်းမှာဟဲ့"

နန်းယု ညွှန်ပြရာကိုကြည့်မိတော့ ကိုချို က လက်လှမ်းပြပါသည်။

သူမ ပြုံးပြရင်း ကိုချို တို့နှင့် ထိုင်နေတဲ့ ကောင်မလေးနှ





ယောက်ထဲက တစ်ယောက်ကို သတိပြုမိပါသည်။

"ဩော် ..."

ဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်ရင်း ကျွန်မရဲ့အသံကြောင့် မိုးသီ က...

"ဟဲ့ ... ဘာဖြစ်လို့လဲ"

"ငါ ဟိုတစ်ခါ မာမီသူငယ်ချင်းရဲ့သားနဲ့ နှင်းဆီပန်းဝယ်ရင်း ျူးသည်နဲ့ ပြဿနာတက်ခဲ့ကြတာ မှတ်မိလား .."

"အင်းလေ .. နင်တောင် ဘာလိုင်းကြီး ခံလိုက်ရတယ်ဆိုတဲ့ လား .."

နှင်းဆီ ကိုချို တို့ ဝိုင်းကိုကြည့်တော့ အဲဒီမိန်းကလေးကလည်း ျမကို မှတ်မိပုံရကာ စိုက်ကြည့်နေပါသည်။

"နှင်းဆီ .."

သူမ တွေ့ကြည့်တော့ မြတ်ဇော်အောင်။

"ထိုင်မယ်နော်"

မြတ်ဇော်အောင်က နှင်းဆီ နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပါ သည်။

နန်းယု နဲ့ မိုးသီ က မသိမသာ နှာခေါင်းရှုံ့ကြတော့ နှင်းဆီ အောက်ကနေ မြတ်ဇော် မသိအောင် ခြေထောက်နှင့် လှမ်းကန်



www.burmeseclassic.com

www.burmeseclassic.com



မိပါသည်။

"ကျွန်တော် တစ်ရက်လောက် နှင်းဆီ နဲ့ မျက်နှာချင်းဆိုင် စားရင်းသောက်ရင်း အရေးကြီးတဲ့စကားလေး ပြောဖို့ အပ္ပိုင့်မန့် လာတောင်းတာပါ"

နှင်းဆီက ဖြူးမိကာ အနီးနားက စားပွဲထိုးလေး သတ္တ ကို လှမ်းခေါ်ပါသည်။

"သတ္တဝါ"

"ဟာ!... အစ်မကလည်း သတ္တ ပါဗျ"

"အေးပါ .. ငါ လောသွားလို့ပါဟာ"

နှင်းဆီ စားမယ့်သောက်မယ့်ဟာတွေ မှာတော့ မြတ်ဇော် အောင် က ...

"ဒီပွဲကို ကျွန်တော် ရှင်းမှာနော်"

မိုးသီ ကလည်း မြတ်ဇော်အောင် ကို အမြင်ကပ်ကပ်နှင့် မှာပါ တော့သည်။

"အင်း ... ရှင် ကျွန်မကို အရေးကြီးစကားဆိုတော့ ရည်းစား စကားလား"

"ဟင့်အင်း .."





နှင်းဆီ မျက်မှောင်ကြုတ်တော့ ...

"ချစ်တဲ့စကား .."

မိုးသီ တို့ တခွီးခွီးရယ်တော့ မြတ်ဇော်အောင် က မိုးသီ ကို ကြည့်ကြည့်ပြီး ...

"ရည်းစားဆိုတာ အပြီးထားမယ်ဆိုတဲ့ သဘောဗျ။ နိမိတ် ကောင်းဘူး။ အဲ ... ချစ်တဲ့စကားဆိုတာ အပြစ်မဲ့တဲ့စကား။ ကျွန် တော်က ဘာလုပ်လုပ် တသောင်နဲ့နေတာ"

"ဘာကြီး ... တစ်ပေါင်ပဲ ရှိတာ .."

နန်းယု က ရှပ်တည်တည်နှင့် မြတ်ဇော်အောင် အောက်ပိုင်းကို ပြကြည့်တော့ မြတ်ဇော်အောင် ရှက်ကိုးရှက်ကန်းနှင့် ...

"ဟာဗျာ ... အဆိုနဲ့နေတာ ပြောတာ"

"ဟာ!... ရှင် အဆိုနဲ့နေရင် အအေးပတ်မှာပေါ့"

မြတ်ဇော်အောင် ခေါင်းကုတ်ရင်း ...

"ဆိုရိုးစကား ... တသောင်အဆို ... အဲဒါပြောတာ"

နန်းယု နှင့် မိုးသီ မရယ်မိအောင် မနည်းနေရပါသည်။ နှင်းဆီ ခေါင်းတညိတ်ညိတ်နှင့် မြတ်ဇော်အောင် ကို ပြောပါသည်။

"ကျွန်မကျတော့ ယတြာသဘော ပြုမူပြီးမှ အလုပ်တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



စလုပ်တာ' များတယ်"

"စိတ်ဝင်စားစရာပဲ .. ဆိုပါဦး"

"ရှင် ဟိုမှာ ကိုချို ဆိုတဲ့လူကို သိလား"

နှင်းဆီ ညွှန်ပြရာကိုကြည့်ပြီး မြတ်ဇော်အောင် က ...

"သိပ်သိတာပေါ့ဗျာ ..၊ ဟိုတစ်ခါ ပြဿနာတတ်တဲ့ပုဂ္ဂိုလ် မဟုတ်လား"

"အင်း .. အဲဒီဝိုင်းမှာ မြန်မာအင်္ကျီအပြာနုနုနဲ့ ကောင်မလေးကို တွေ့လား .."

မြတ်ဇော်အောင် သေချာကြည့်ပြီး ...

"ဆံပင်ရှည်ရှည်နဲ့ မိန်းကလေး မဟုတ်လား"

နှင်းဆီ တစ်ခုခုတော့ တုံ့ပြန်လိမ့်မယ်ဆိုတာ မိုးသီ နဲ့ နန်းယု သိတာကြောင့် ...

"နှင်းဆီ ...'

"ဟဲ့ ..."

နှင်းဆီ က လက်ကာတားတော့ မြတ်ဇော်အောင် တစ်ယောက် တစ်လှည့်စီ ကြောင်တောင်တောင်နှင့် ကြည့်မိပါသည်။

"အဲဒီမိန်းကလေးက ကျောင်းကပြန်ရင် နှင်းဆီပန်း ရောင်း





တာ၊ ကျွန်မ သူ့ဆီက ပန်းဝယ်ချင်တယ် ..၊ ကျွန်မမှန်းလည်း မသိချင်ဘူး။ ယကြာအရပေါ့နော်"

"ဒါပေါ့ အိုကေ .. သိပြီ ကျွန်တော် သွားဝယ်ပေးရမယ် .. ဒီလိုလား"

မြတ်ဇော်အောင် က အကင်းပါးပါသည်။

"ရှင် သဘောပေါက်လွယ်သားပဲ .. ဒါပေမယ့် တစ်ခုရှိတယ်၊ ရှင် သူ့ဆီသွားပြီး ကျွန်မကြားအောင် ပြောရမယ်"

"ဘယ်လို!..."

"ဩော် ... ဒီလိုလေ .. ရှင် အသံကျယ်ကျယ်နဲ့ပြောမှ သူ ရောင်းမယ့်နေရာကို ကျွန်မ သိမှာပေါ့၊ ရှင် မေးရမှာက ခင်ဗျား ပန်း ဘယ်မှာ ရောင်းလဲ၊ ကျောင်းကပြန်ရင် ဈေးထွက်မှာလား၊ ကျွန်တော် ပန်းလာဝယ်ချင်လို့ .. ဒါပဲ၊ ဖြစ်လား .."

"သိပ်ဖြစ်တာပေါ့၊ ဒီလိုဆိုရင် နှင်းဆီ ကျွန်တော်နဲ့ ဒီညနေ တစ်ဆိုင်ဆိုင်မှာ လိုက်စားပြီး ..."

"ရှင့်စကားကို နားထောင်ပေးရမှာပေါ့"

မြတ်ဇော်အောင် လက်ဖျောက်တစ်ချက်တီးပြီး ကိုချို တို့ ဝိုင်းကို ဦးတည်သွားပါသည်။ မြတ်ဇော်အောင် ထလာပြီဆိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သူဇာ သဘောပေါက်လိုက်ပါသည်။

ဟိုတစ်နေ့ကတည်းက နှင်းဆီ ကို သူမ မြင်သည်။ သူငယ်ချ
တွေပြောပြချက်အရ အဆိပ်ပြင်းတဲ့ မိန်းမလှတစ်ယောက်လို့ သိ
သည်။

အခြေအလှဲ့စားက သူငယ်ချင်းအရင်းတောင် မချန်အောင်
ပြန်တတ်သည်တဲ့ ..။

အခုလည်း သူမ ဦးနှောက်ထဲမှာ အချက်ပေးခေါင်းလောင်
တွေ ဆူညံနေခဲ့ပါသည်။

"စားလေ မိမိုး ဘာလဲ .. အချဉ်ထုပ်မပါလို့လား"

ကိုချို က နောက်ရွှတ်ရွှတ်နှင့် ပြောသည်။

ကိုချို၊ အောင်ကောင်း တို့နှင့် ဒီဆိုင်မှာဆုံတော့ သူမနှင့် သူ
ချင်းဖြစ်သူ အေးသန္တာ က ရုပ်ကွက်ထဲမှာ ငယ်ပေါင်းလည်းဖြ
အောင်ကောင်း က သူ ကျွေးမယ်၊ ဒကာခံလို့ စားရင်းသော
စကားတွေ ပြောနေမိကြတာပါ။

မြတ်ဇော်အောင် တကျောအားကိုးနဲ့ လာသာလာတာ
ကိုတော့ နည်းနည်းလန့်သည်။

ဒါပေမယ့် ဟန်ကိုယ်ဖို့ဆိုတဲ့ စကားအတိုင်း ခပ်တည်တ





ရောက်လာခဲ့ပါသည်။

သူတို့ဝိုင်းဆီရောက်တော့ လူရိပ်ကြောင့် ကိုချို က မော့ကြည့်
သည်။

မြတ်ဇော်အောင် နှင်းဆီ တို့ ဝိုင်းကို တစ်ချက်လှမ်းကြည့်ပြီး
အသံမြှင့်ကာ ...

"အပေါ်မ်း ... ခင်ဗျားက နှင်းဆီပန်းရောင်းတဲ့သူလား .."

သူဇာ က ပုံမှန်ပါပဲ။ လက်ပိုက်ပြီး မြတ်ဇော်အောင် ကို ကြည့်
ကာ..

"ဟုတ်ပါတယ်၊ ဘာလုပ်ဖို့လဲ .. ပန်းဝယ်မလို့လား .."

မြတ်ဇော်အောင် ရဲ့ အပြုအမူကြောင့် ဘေးဝိုင်းတွေက လှမ်း
အကဲခတ်ကြပါသည်။

"ဟုတ်တယ် .. ပန်းဝယ်မလို့၊ ခင်ဗျား ကျောင်းကပြန်ရင် ဘယ်
မှာ ရောင်းလဲ"

"သယ်နီးကျွန်း ဇပြဈေးနားက ပန်းတန်းမှာ"

"ပြော် ... ဒါဆို ဘယ်အချိန်လောက် စရောင်းလဲ"

"ညနေဆို ရှိပါတယ်"

"အိုကေ .. ညနေကျမှ တွေ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သားဝိုင်းက ကျွတ်စီကျွတ်စီနှင့် ဒီကောင် ဘယ်လိုကောင်(...)
လို့ ပြောနေကြပါတယ်။

"ဟဲ့ ... နင့်ကို တမင် ခေါ်လာဖြတ်တာ သူဇာ"

အေးသန္တာ ရဲ့ စကားကြောင့် သူဇာ က အပြုံးမပျက် ..။

"ဩော် ... တကယ် ပန်းဝယ်ချင်လို့ နေမှာပေါ့ဟာ"

ကိုချို သူဇာ့ ကို သဘောကျဟန် ကြည့်နေမိပါသည်။ အေး(...)
ကောင်း က ...

"မဟုတ်ဘူး .. ဒီကောင် တမင်လုပ်တာ မိမိုး"

"လုပ်ပါစေဟယ်၊ လာဝယ်တော့လည်း ဖောက်သည် တိုး(...)
ပေါ့"

"နင် မရှက်ဘူးလား"

အေးသန္တာ အမေးကြောင့် မိမိုး က အပြုံးဟန်နှင့် ...

"ဘာရှက်ရမှာလဲ .. ငါ ပန်းရောင်းတာပဲ၊ လူတိုင်း အလုပ်ကို(...)
စီ ရှိနေတာပဲ၊ ဒီကောင်သာ ရှက်ရမှာ .. ဘာအလုပ်မှမရှိ ကား(...)
နဲ့ မိဘပိုက်ဆံ ထိုင်ဖြုန်းနေတာ"

မိမိုး စကားကြောင့် အောင်ကောင်း က ကိုချို ဘက် ကြ(...)
ပြီး...





"လာပြီ လေသံက ဒီကောင့်လေသံလိုပဲ၊ နင်တို့ အသွင်တူပါ
တယ်"

"အသွင်တူတော့ ..."

အေးသန္တာ က အတာတနှင့် ဆက်မေးတော့ ...

"ဟဲ့ ... ဘာဖြစ်နေတာလဲ၊ ကဲ ... ကဲ ... နင် ရှင်းလိုက်တော့၊
ထ ... သန္တာ အတန်းမမီဘဲ နေဦးမယ်"

ကမန်းကတန်း ရှက်ကိုးရှက်ကန်းနဲ့ သန္တာ့ လက်ကို ဆွဲပြီး
ထွက်သွားတဲ့ မိမိုး ကြောင့် အောင်ကောင်း က ...

"တွေ့လား .. ကျောက်ရုပ်မှာလည်း အချစ်ရှိပါတယ်ကွ"

အောင်ကောင်း စကားကြောင့် ကိုချို က အောင်ကောင်း လက်
မောင်းကို ခပ်ဖွဖွ လှမ်းထိုးပါသည်။

နှင်းဆီ ကတော့ ရှုတ်တရက်ထွက်သွားတဲ့ သူဇာ့ အပြုအမူ
ကြောင့် မြတ်ဇော်အောင် နှင့် သူ့လုပ်ရပ်ကြောင့် ထွက်သွားတာပဲ
ထင်ကာ ကျေနပ်နေပါသည်။

"တွေ့လား .. ကိုယ့်ကြောင့် ရှက်ပြီး ထွက်ပြေးသွားတာ၊
ညနေနော် နှင်းဆီ .."

မြတ်ဇော်အောင် က နှင်းဆီ ကို တွေ့မယ့်အချိန်နှင့်ဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်။

အဲဒီဆိုင်က နာမည်ကြီး စားသောက်ဆိုင်တစ်ခုပါ။

ညနေရောက်တော့ မြတ်ဇော်အောင် ကိုစောင့်နေပါသည်။ နာရီဝက်လောက်ကြာတော့ နှင်းဆီ စီးနေကျကားက ဆိုင်ထဲ ဝင်လာပါသည်။

မြတ်ဇော်အောင် ကြိုမှာထားတဲ့ စားစရာတွေက စားပွဲပေါ် မှာ အသင့်ပါပဲ ..၊ မြတ်ဇော်အောင် ကြည့်နေစဉ်မှာပဲ နှင်းဆီ ရဲ့ကားထဲ က မိန်းကလေးတစ်ယောက် ထွက်လာပါသည်။

နှင်းဆီတော့ မဟုတ်ပါ ..၊ ကောင်မလေးက သားသားနားနား မဟုတ် ..၊

ကြည့်ရတာ နှင်းဆီ တို့ အိမ်က အိမ်ဖော်ဖြစ်ဟန်တူပါသည်၊

ကောင်မလေးက သူ့ပိုင်းဆီ တန်းတန်းမတ်မတ် လျှောက်လာ ကာ ...

"အစ်ကိုက မြတ်ဇော်အောင် လား"

မြတ်ဇော်အောင် ကြောင်တောင်တောင်နဲ့ ခေါင်းညိတ်ကာ ...

"ဟုတ်ပါတယ်"

ကောင်မလေး မပျော့်နှုန်းတော်အစီအစဉ်မှာ အဖြေမှန်သွာ၊





တဲ့ မိန်းကလေးလို ဖမ်းသာသွားရင်း မြတ်ဇော်အောင် နှင့် မျက်နှာ ချင်းဆိုင်က ထိုင်ခုံကို မြတ်ဇော်အောင် နှင့် တည့်တည့်ဖြစ်အောင် မျက်လုံးတစ်ဖက်မှိတ် ချိန်ပြီး ထိုင်ပါတယ်။

ပြီးတော့ မြတ်ဇော်အောင် ရှေ့တည့်တည့်က ထမင်းပွဲရှေ့ ဟင်းပွဲကို ဘေးကိုရွှေ့ကာ သူမနဲ့အတူပါလာတဲ့ ဓာတ်ပုံစာတမ်း ဒေါက်လေးကို မြတ်ဇော်အောင် နဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် လှမ်း ထောင်လိုက်ပါသည်။

ပြီးတော့ နှင်းဆီ ကိုင်နေကျ ဟမ်းဖုန်းကို မြတ်ဇော်အောင် ကို လှမ်းပေးတော့ မြတ်ဇော်အောင် ကြောင်တောင်တောင်နဲ့ ယူ လိုက်မိသည်။

"ကျွန်မက မမလေး နှင်းဆီ တို့အိမ်က အိမ်ဖော်ပါ၊ မမလေး က ပြောတယ်၊ အစ်ကိုက မမလေးနဲ့ မျက်နှာချင်းဆိုင် စားရင်း သောက်ရင်း စကားပြောချင်တယ်ဆိုလို့ မမလေးက ကျွန်မကို အစ်ကိုကြီးဆီ လွှတ်လိုက်တာပါ ..၊

မမလေးဓာတ်ပုံကို မျက်နှာချင်းဆိုင်ကြည့်ပြီး ဒီဟမ်းဖုန်းထဲကို လှမ်းပြောပြီး အသံဖမ်းပေးလိုက်လို့ ပြောပါတယ်၊ အစ်ကိုပြောမှာ ချစ်တဲ့အကြောင်းပဲဆိုတာ သူ သိတာပဲတဲ့၊ ကျွန်မကိုတော့ …



www.burmeseclassic.com

မကြားချင်ယောင်ဆောင်ပြီး မမလေး စားမယ့် အစားအသောက်တွေကို စားခဲ့ပါတဲ့၊ ကဲ … စားပြီးနော် ..”

ကောင်မလေးက ဘာမှမပြောတော့ဘဲ သူမ စကားအတိုင်း မြတ်ဇော်အောင် ကို ဒီကမ္ဘာမှာ ရှိတယ် မထင်ရလောက်အောင် မသိချင်ယောင်ဆောင်ပြီး စားပါတော့သည်။

မြတ်ဇော်အောင် ငိုချင်မိပါတော့သည်။

ပြီးတော့ ဗုန်းထဲကို စကားတစ်ခွန်း ငိုသံပါကြီးနဲ့ ပြောမိသည်။ လွှမ်းမိုးအသံလေးနဲ့ပေါ့ ..။

“ဒီလိုအဖြစ်ဆိုးမှန်း သိခဲ့ရင် မနှင်းဆီ … မနှင်းဆီ ရေ ..”





အခါမှဖော်ကောင်မလေး အသန်း အစအဆုံး ပြောပြတော့ နှင်းဆီ နဲ့ အပေါင်းအပါတွေ ရျက်ရည်ထွက်မတတ် ရယ်မိပါသည်။

“မမလေး ပြောတဲ့အတိုင်း စားဆိုလိုက်ကတည်းက အရမ်းစားချင်နေတာ၊ စကားလည်းပြောပြီးရော အသန်း လည်း ဘာပြောကောင်းမလဲ တီးတာပေါ့”

အသန်း ပြောတော့ ကားလိုက်မောင်းတဲ့ ဒရိုင်ဘာ ဦးမြကြိုင်က …

“ဟုတ်ပါ့ မမလေးရာ .. သူ ပိုလို့ဆိုပြီး မုန့်တွေယူလာပေးလို့ကျွန်တော်တောင် စားလိုက်ရသေးတယ်”



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မိုးသီ က ရယ်ရလွန်းလို့ စို့တက်လာတဲ့မျက်ရည်ကို သုတ်ရင်း ...

"နှင်ဟာလေ တစ်ဖက်သားကို တော်တော်ဒုက္ခပေးတဲ့ မိန်းမပဲ အချို .."

နှင်းဆီ က ပခုံးတွန့်ပြတော့ နန်းယု က နှင်းဆီ ကို မျက်စောင်းထိုးရင်း ...

"အေးပါ ... နောက်မှ နှင် အကြိုက်တွေ့မယ့်ယောက်ျားနဲ့မှ အဲဒီအလကားအစား အခက်သားပါ မောင်ရှယ် ဖြစ်နေဦးမယ်၊ သတိထား .."

နန်းယု စကားကြောင့် နှင်းဆီ က နှာခေါင်းရှုံ့ပြရင်း ...

"သွားစမ်းပါဟာ ယောက်ျားဆိုတာ .."

"အယားကြောက်တာပေါ့"

မိုးသီ က စ,သည်။

နန်းယု က ပြုံးဖြီးဖြီး နဲ့ ...

"ယားတာကြောက်တာဆိုတော့ ဘာသွားလုပ်လို့လဲ"

"နှုတ်ခမ်းမွေးနဲ့လေ၊ ဟိ .. ဟိ .."

"ဟဲ့!..."



BURMESE CLASSIC .com



မိုးသီ က မျက်လုံးပြူးရင်း အလန့်တကြား ပြောတော့ နန်းယု က ...

"ပြော် ... နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်မွေး မရှိတဲ့သူတွေက နှင့်ကိုလေ ..."

"ဟဲ့ ... မိုးသီ .."

"ပြော် ... ဝိုင်းရိုက်ကြမှာ ပြောတာပါ"

နှင်းဆီ က မိုးသီ လက်မောင်းကို လှမ်းရိုက်ရင်း ...

"ယောက်ျားတွေ မိန်းမချောချောလှလှမြင်ရင် အသိဉာဏ် မရှိတော့ဘူးနော်"

နှင်းဆီ ရဲ့အပြောကြောင့် မိုးသီ က ခေါင်းခါသည်။ ပြီးတော့ နှင်းဆီ ကို ကြည့်ကာ ...

"ဒါဆိုရင် ကိုချို ကျတော့ရော ... နင့်ကို စတွေ့ကတည်းက စိတ်ဝင်တစား ရှုမ်းရှုမ်းစေအောင် ကြည့်ခဲ့လို့လား"

"ဒါကတော့ သူ ဟန်ဆောင်နေတာ နေမှာပါ၊ ငါ သိတယ် .. ငါ စိတ်ဝင်စားအောင် တမင် လုပ်နေတာပါ"

မိုးသီ က အပြုံးပါးပါးလေးနဲ့ နှင်းဆီ ကို စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းယု ကလည်း မိုးသီ ဘက်က ထောက်ခံဟန် ရှိသည်။

"မဖြစ်နိုင်ဘူး ထင်တယ်နော် နှင်းဆီ ... ကိုချို က လူတစ်မျိုး ဟ"

မိုးသီ တို့ နန်းယု တို့ရဲ့စကားတွေကြောင့် နှင်းဆီ စိတ်မရှည် နိုင်တော့ဘဲ ...

"ကဲ ... ဒါဆိုရင် နင်တို့ရဲ့ ကိုချို ဘယ်လောက်အထိ သမာဓိ အား ကောင်းမလဲ စမ်းကြည့်ရအောင်ဟာ"

"ဘယ်လိုစမ်းမလဲ"

"ဟဲ့ .. မယုတ်မာနဲ့နော်"

"သြော် .. ဘယ်လို အကဲစမ်းမလဲ ပြောတာပါ နှင်းဆီ ရယ်.. ဟိုဟာ,ဟာ ..."

"နင်တို့နော် ..."

"ဟာ .. ငါပြောတဲ့ ဟိုဟာဆိုတာ ကိုချို .. ဟာ.."

မုန့်လုံးပေါ် စက္ကူကပ်နေတဲ့ မိုးသီ စကားကြောင့် နှင်းဆီ နဲ့ နန်းယု မျက်လုံးအပြူးသား ..။

"ကိုချို အချစ်ကို သတ်မှတ်ထားတဲ့ နေ့ရက်အတွင်း နင် ရအောင် ယူပြ ..၊ ရှုံးရင် နှင် ဘာလုပ်မလဲ"





နှင်းဆီ ဒီလို စိန်ခေါ် မှုမျိုးကို ကြိုက်သည်။ မျက်လုံးလေး မေးကာ စဉ်းစားရင်း ...

"အိုကေ ရှုံးရင် နင်တို့ကို Dennis Mitan လက်ပတ်နာရီ တစ် ယောက်တစ်လုံး ဝယ်ပေးမယ်၊ နင်တို့ရှုံးရင် နှစ်ယောက်ပေါင်းပြီး ငါ့ကို နာရီတစ်လုံး ပြန်ဝယ်ပေး"

"ဟာ!... အိုကေ .. နင်ရော ဘယ်လိုလဲ နန်းယု"

"လုပ်လိုက်လေ မိုးသီ ရယ် .."

"သတ်မှတ်ထားတဲ့ နေ့ရက်အပိုင်းအခြားက ..."

နန်းယု က မိုးသီ ကို ဘယ်လိုသတ်မှတ်မလဲ မေးဆတ်ပြတော့ မိုးသီ စဉ်းစားရင်း ...

"အင်း ... ဒီနေ့ကစပြီး သုံးလအတွင်း ..၊ ဘယ်လိုလဲ .."

"ရတယ်လေ .. တစ်ခုတော့ ရှိတယ်၊ နင်တို့နဲ့ငါ လောင်းကြေး လုပ်ထားတဲ့ကိစ္စ အပြင်ကို ဘယ်လိုမှ မပေါက်ကြားရဘူး၊ တကယ် လို့ ငါ့ဘက်က ပေါက်ကြားရင် ငါရှုံးပြီ၊ နင်တို့နှစ်ယောက်ဘက်က ပေါက်ကြားရင် နင်တို့ ရှုံးပြီ"

"ရတယ်လေ"

"ကဲ ... ဒါဆို ပွဲကစပြီနော်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ချီးယားစ်"

ကော်ဖီခွက်တွေ မြှောက်ကာ ချီးယားစ်လို့ အော်ရင်း ပြိုင်ပွဲ အစီအစဉ်ကို စလိုက်ကြပါတယ်။

နှင်းဆီ ကတော့ ယုံကြည်သည်။

သူမ၏အလှတရားသည် ပြိုင်ဘက်ကို အလဲထိုး အနိုင်ယူနိုင်တဲ့ အကောင်ဆုံးလက်နက်ဆိုတာ အသည်းကွဲဖူးသူတစ်ယောက်က ပြောဖူးပါသည်။

'မင်း အလှတရားကို ပိုင်ဆိုင်ဖို့ ငါတို့ခွန်အားတွေနဲ့ ကြိုးစားခဲ့ပေမယ့် ငါတို့ခွန်အားတွေကို မင်းအလှတရားကပဲ ဆုပ်ယူသွားခဲ့တယ်' တဲ့လေ ..။





"ဟော့ကောင် ရှေ့မှာ ဘာဖြစ်နေတာလဲ မသိဖူး"

"တစ်ခုခု ဖြစ်နေမှာပေါ့"

သူရ ရဲ့ ပြန်ဖြေတဲ့စကားကြောင့် ကျွန်တော် ဆဲမိပါသည်။

"ခွီးမှပဲ တစ်ခုခုဖြစ်တာတော့ ငါလည်း သိတာပေါ့"

"သေချာတယ် .. နောက်သုံးမိနစ်ဆို သိရပြီ"

ကျွန်တော် ပြန်ပြောမနေတော့ဘဲ သူရ နဲ့အတူ လူအုပ်ကြားထဲ ကြည့်တော့ ...

"ဟိုက် ... ဓားနှစ်စင်း"

သူရ ရဲ့အလန့်တကြား ပြောမှုက အမှန်ပါပဲ။ ကျွန်တော်နဲ့ ပေါ်ကျွမ်းသူရှိနေတဲ့ ကောင်မလေး နှစ်ယောက်...



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီချို နဲ့ မိုးသူဇာရဲ့ အကြည့်အားပြိုင်မှုက နဂါးနှစ်ကောင်ရဲ့ မာန်စောင်နေတဲ့ပြိုင်ပွဲဆို မမှားဘူး။

တော်ရုံလူဆို အဲဒီအကြည့်နှစ်ခုကြားမှာ နေမိရင် ပြာကျသွားနိုင်လောက်ပါတယ်။

"ဒါ မင်းရဲ့ တမင်ယုတ်မာမှုမှန်း တို့ သိတယ် နှင်းဆီချို"

သူဇာ ရဲ့စကားသံက ဒေါသသံအက်အက်ကို တိမ်းကွယ်ချင်ပုံရသည်။

နှင်းဆီချို ရဲ့ နှုတ်ခမ်းရဲရဲက အပြုံးလေး လှစ်ခနဲ ...

"အိုး ... ကိုယ် မင်းကို ပြောပြီးပြီပဲ၊ မတော်တဆပါဆို .."

"ဘာ ... မတော်တဆ ..၊ အကြောင်းပြချက်က ကောင်းလှချည်လား နှင်းဆီချို ..၊ World Trade Center ကို လေယာဉ်နဲ့ဝင်တိုက်တာ မတော်တဆလား ..၊ ပုလဲဆိပ်ကမ်းကို ဗုံးမိုးရွာတာ မတော်တဆလား..၊ တို့ကိုကျော်သွားပြီးမှ တမင် ဘတ်ပြန်ဆုတ်ပြီး တိုက်မိသလိုဖြစ်တာ မတော်တဆလား .."

ကျောင်းသားပရိသတ်တွေကလည်း တဖြည်းဖြည်း စုပြုံလာပါသည်။

ပွဲရဲ့အခြေအနေက ပိုမိုပြင်းထန်ဖို့ ရှိနေပါသည်။





သူရ ခပ်တိုးတိုး ပြောသည်။

"မင်း ဝင်ရှင်းမှဖြစ်မယ် ကိုချို"

"ဟာ!... မင်းလည်း သူတို့ကို သိနေတာပဲ"

သူရ က စပ်ဖြဲဖြဲနှင့် ...

"မဟုတ်ဘူးလေ .. မင်းက ဒီလိုနေရာမျိုးကို ခေါင်းအေးအေးနဲ့ စကားပြော ရှင်းပြတတ်တယ်"

"မင်းကလည်း သေမယ့်နှစ် စစ်ထဲဝင်ခိုင်းနေပြီ၊ နေဦး .."

ကျွန်တော် ပွဲကို အမြန်ဆုံး သုံးသပ်လိုက်သည်။

"မင်းလုပ်ရပ်အတွက် ခင်း တို့ကို တောင်းပန်ရမယ် နှင်းဆီချို .."

အံကြိတ်သံနဲ့ ပြောလိုက်ပေမယ့် သူဇာ့ မျက်ဝန်းတွေက အေးစက်စက် ..။

"တို့ ပြောပြီးပြီးပဲ မတော်တဆပါဆို .. မတော်တဆဆိုတဲ့ စကားကို မင်း သိတယ်နော် ..၊ မတော်လို့ တဆပဲ ထိခိုက်တာ"

နှင်းဆီ ပြောပုံက တစ်ဖက်လူအတွက် အခံရခက်စေတာ အမှန်ပဲ ..။

"ကဲ .. တော်ကြပါတော့ နှင်းဆီချို ရော .. မိုးသူဇာ ရော .."



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ လမ်းလယ်ခေါင်မှာ ရန်ဖြစ်တာ မရှက်ဘူးလား"

"ဟော့ကောင် .. မင်းပြောပုံက အေးအေးဆေးဆေး ဟိုဘက်မှာ အခန်းယူပြီး အခန်းပိတ်ပြီး ရန်ဖြစ်ခိုင်းနေတာလား"

အရေးထဲ သူရ က ခပ်တိုးတိုးကပ်ပြောတော့ ဒီကောင့်ခြေထောက်ကို တက်နင်းမိပါသည်။

"မဟုတ်ဘူး ကိုချို .. သူ တမင် ကားနဲ့ဝင်တိုက်တာ"

"တကယ် မတော်တဆပါ ကိုချို .."

နှစ်ယောက်လုံး အလုအယက်ပြောတဲ့ စကားကို ကျွန်တော် လက်ကာတားပြီး ...

"ကဲ ... ခဏလေး ခင်ဗျားတို့နှစ်ယောက်လုံးက ကျွန်တော့်မိတ်ဆွေတွေပဲ၊ ကျွန်တော် ပြောမယ် .. ခင်ဗျားတို့ပြဿနာကို ကျွန်တော် အစအဆုံး မြင်တယ်"

ခပ်တည်တည် ဝင်ရှင်းလိုက်တော့ နှင်းဆီ မျက်ခုံးနည်းနည်းကြြင်တက်သွားပါသည်။

"ကဲ ... နှင်းဆီ .."

ကျွန်တော် နှင်းဆီ ကို စကားဆက်မပြောသေးဘဲ ခပ်တည်တည် စိုက်ကြည့်မိပါသည်။





နှင်းဆီ ယှဉ်ပြိုင်ကြည့်နေပါသည်။ လူအုပ်ဆီမှ အသံတွေ တိုးတိုးတိတ်တိတ် ထွက်လာပါသည်။

"ခင်ဗျား .. သူ့ကို တောင်းပန်လိုက်ပါ"

"ဘယ်လို!..."

ကျွန်တော့်ရဲ့ တောင်းဆိုမှုကြောင့် နှင်းဆီ က လက်မခံချင်တဲ့ အံ့သြဟန်စကားနဲ့ အမူအရာကို ပြသည်။ ကျွန်တော် သူမကြားရုံ နှစ်ကိုယ်ကြား ခပ်တိုးတိုးလေး ပြောမိသည်။

"တောင်းပန်လိုက်လို့ ကျရှုံးသွားတယ်လို့ ခင်ဗျား ခံယူထားလား နှင်းဆီ"

နှင်းဆီ ရဲ့မျက်ခုံးလေး တွန့်သွားသည်။ ကျွန်တော့်စကားရဲ့ အဓိပ္ပာယ်ကို စဉ်းစားနေပုံ ရှိသည်။

ကျွန်တော် နှုတ်ခမ်းလေး တင်းတင်းစေ့ပြီး ပြုံးရုံသာပြုံးတော့ သူမ တစ်ခုခုကို သိရှိသွားပုံနဲ့ မိုးသူဇာ ဘက် လှည့်ကာ ...

"အခုဖြစ်တဲ့ကိစ္စအတွက် တို့ မင်းကို တောင်းပန်ပါတယ် မိုးသူဇာ ...၊ တို့ကြောင့် မင်း ထိခိုက်သွားတယ်ဆိုရင် တို့ကို ခွင့်လွှတ်ပါ"

အားလုံးဆီက အံ့သြအာမေဋိတ်အသံတွေ ထွက်ကျလာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုးသူဇာ ကိုယ်တိုင်က မယုံကြည်နိုင်ချင်စရာမျက်ဝန်းနဲ့ နှင်းဆီ ကို ကြည့်ပြီး အငိုက်မိနေပါသည်။

ဟုတ်တယ်လေ … ဒီကျောင်းတော်ရဲ့ အလှဘုရင်မ နှင်းဆီချို ဆိုသည်မှာ ဘယ် တော့မှ အောက်ကျ တောင်းပန်လေ့ မရှိ။

စကားခပ်ကြောကြော တစ်ဖက်သားကို အကြီးစား စကားလုံးတွေနှင့် တိုက်ခိုက်လေ့ရှိတဲ့ သူ ..။ အခုတော့ …

တချို့က ကိုချို့ ကို အထင်တကြီးကြည့်ပြီး တိုးတိုးတိတ်တိတ် ပြောနေကြပါသည်။

"သူရ .. သူဇာ ကို လိုက်ပို့လိုက်ကွာ၊ ပြီးရင် ငါ အတန်းကိုလာခဲ့မယ်"

သူရ က ခေါင်းညိတ်ပြပြီး သူဇာ ကို ခေါ်သွားပါသည်။

"ကျွန်တော် လိုက်ပို့ပေးရမလား နှင်းဆီ"

နှင်းဆီ က ခေါင်းညိတ်ပြပါသည်။

လူအုပ်ကလည်း စပ်စု သတင်းယူအပြီးမှာ ဂျာနယ်လစ်တွေလို ကိုယ့်အတန်း ကိုယ်ပြန်ပြီး သတင်း အရင်အဦးဆုံးလွှင့်ဖို့ ထွက်ခွာသွားကြပါပြီ။

နှစ်ယောက်သား လမ်းအတူလျှောက်လာကြရင်း စကား မဆို





မိကြ။ အတန်းကြာမှ …

"တောင်းပန်လိုက်လို့ ကျရှုံးသွားတယ်လို့ ခင်ဗျား ခံယူထားလားဆိုတဲ့ စကားရဲ့နောက်ကွယ်မှာ အကြောင်းပြချက်တော့ တစ်ခုခုရှိမယ် ထင်တယ်နော် ကိုချို .. ရှင် ပြောနိုင်မလား"

နှင်းဆီ က တစ်ချက်စေ့ကြည့်ပြီး ဆိုသည်။

ကိုချို က ခဏရပ်တော့ သူမပါ ရပ်မိသည်။ သူမကို ကြည့်သည်။

ပြီးတော့ နာရီကို ကြည့်ပါသည်။

"ခင်ဗျား အတန်းချိန် နီးပြီလား"

"ရပါသေးတယ်"

ကိုချို အနီးဆုံးအပင်ရိပ်အောက်က ခုံတန်းဆီသို့ဦးတည်တော့ နှင်းဆီ ကပါ ထပ်ကြပ်မကွာ ..။

"ခင်ဗျား နိုင်ငံတကာသတင်းတွေ ဖတ်ဖူးမှာပေါ့"

"ပြောပါဦး .."

ကိုချို လက်ပိုက်ပြီး အဝေးကိုငေးရင်း …

"နိုင်ငံတစ်နိုင်ငံက နိုင်ငံတစ်နိုင်ငံရဲ့နယ်နမိတ်ကို ကျော်ပြီး လေယာဉ်တွေ ဝင်ရောက်တယ်၊ သင်္ဘောတွေဝင်ရောက်ပြီး လက်နက်



www.burmeseclassic.com

www.burmeseclassic.com



အသစ်တွေ တီထွင်ထားတဲ့ ဗုံးတွေနဲ့ အလစ်အငိုက် ပစ်ခတ် သတ်ဖြတ်သွားတယ်၊ အဲ ... ပြီးသွားရင် စကားတစ်ခွန်း ဆိုတယ်၊ ခင်ဗျား ပြောတဲ့ 'မတော်တဆ'ပေါ့ ..၊

အရှိန်လွန်ပြီး မတော်တဆ ဘာညာပေါ့၊ သူတို့ တောင်းပန်လိုက်တာပဲ၊ အဲဒီလို လူသိရှင်ကြား တောင်းပန်လိုက်လို့ ဘယ်သူက ထိခိုက်သွားလဲ ..၊ တောင်းပန်တဲ့သူ ထိခိုက်သွားလား .."

ကိုချို ပြောမှ နှင်းဆီ စဉ်းစားမိကာ သဘောကျစွာ ရယ်မိပါသည်။

"အင်း ... ကိုချိုက တွေးတတ်တယ်၊ စဉ်းစားတတ်တယ်၊ ပြီးတော့ ..."

"ပြီးတော့ ... ဘာဖြစ်လဲ နှင်းဆီ ..."

"ခေါင်းအေးတယ်"

"ခေါင်းအေးဆို ကျွန်တော်က ခေါင်းပေါ်ကို ရေခဲရည်နဲ့လောင်းပြီး ရေချိုးတာကိုး နှင်းဆီ ရဲ့ .."

ကျွန်တော် အရွှမ်းဖောက်တော့ နှင်းဆီ ရယ်သည်။

"သြော် ... ဒါနဲ့ ကိုချို့ အကျီအသားလေးက တောင်းလိုက်တာ ကိုင်ကြည့်မယ်နော်"





နှင်းဆီချို က ရုတ်တရက်ပြောပြီး ကျွန်တော့်လက်မောင်းက အကျီအသားကို ကိုင်ကြည့်ပါသည်။

ကျွန်တော် ကြောင်တောင်တောင် ဖြစ်သွားပါသည်။

ကျွန်တော်ဝတ်တဲ့ ဒီအကျီအသားက ပေါ့မှပေါကိုး ..။

"သြော် ... ဟုတ်တယ် ... စံပြဈေးက ဝယ်တာ"

ကျွန်တော် ပတ်ဝန်းကျင်ကိုကြည့်တော့ ပွဲကြီးတို့အုပ်စု ကျွန်တော် နဲ့ နှင်းဆီ ကို ကြည့်ပြီး တိုးတိုးနဲ့ ထွက်သွားကြတာ တွေ့သည်။

ကျွန်တော် ပြုံးမိပါသည်။

"သွားရအောင် နှင်းဆီ"

ကျွန်တော်ပြောတော့ နှင်းဆီ က ထရပ်သည်။ သက်ပြင်းတွေက ငှက်တစ်ကောင်လို ကျွန်တော့်ဆီမှ ခွဲခွာသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အတန်းထဲရောက်တော့ မိုးသူဇာ နဲ့ ဖြစ်ပျက်ခဲ့တဲ့ သတင်းတွေက ပလူပျံနေပါသည်။

နန်းယု တို့ မိုးသီ တို့က တအံ့တသြနဲ့ အလုအယှက် မေးကြပါတယ်။

"နင် ... သူဇာ ကို တမင်လုပ်လိုက်တာလား။ မတော်တဆလား"

သူမက ရယ်မိတော့ နန်းယု က မျက်လုံးကြီး ပြူးပြီး ...

"ဟဲ့ ... မေးတာ ဖြေဦးလေ၊ ရယ်မနေနဲ့"

"အင်း ... တမင်လုပ်လိုက်တာတော့ မှန်တယ်၊ မတော်တဆလို့လည်း ပြောလို့ ရတယ်ဟ"

မိုးသီက ခေါင်းကိုကုတ်ရင်း ...





"ဟာ!... ရှုပ်နေတာပဲ၊ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ နှင်းဆီ"

ကျွန်မ ရှုပ်ထွေးနေတဲ့ သူတို့ပုံစံတွေကြောင့် ရယ်ချင်မိတာတော့ အမှန်ပါ။

"သူ့ကိုတွေ့လို့ ကားကို နောက်ပြန်ဆုတ်တာ မဟုတ်ဘူး၊ သူ့နား မရောက်ခင် ဒတ်ရှ်ဘုတ်ပေါ်မှာ တွေ့တဲ့ စာရွက်ကို ကားပေါ်မှာ အမှိုက်ရှုပ်မှာစိုးလို့ ငါ လွှင့်ပစ်မိတယ်၊ ဒါပေမယ့် သူတို့ကို ကျော်သွားတယ် ..၊ သူတို့မှန်းလည်း မသိလိုက်ဘူး ..၊

ပြီးတော့မှ ခုန ငါ ပစ်တဲ့စာရွက်က ငါ့ကို နိုင်စိုးဦး ပေးတဲ့ ရည်းစားစာမှန်း သတိရသွားတယ်၊ ငါ့နာမည်လည်း ပါနေတော့ တခြားတစ်ယောက်ဖတ်မိရင် ငါ့သိက္ခာကျမှာစိုးလို့ အပျောက်ရှင်းမယ်ဆိုပြီး နောက်ပြန်ဆုတ်တော့ ဘတ်ကြည့်မှန်ကတစ်ဆင့် မိုးသူဇာ လမ်းလျှောက်လာတာ တွေ့မိတယ်ဟ"

"အဲဒါနဲ့ တမင် တိုက်မိလိုက်တယ် ဆိုပါတော့"

နန်းယု က ပိုင်ပိုင်နိုင်နိုင် ပြောတော့ နှင်းဆီ ခေါင်းခါမိသည်။

"အနားရောက်တော့ သူ့ကို ခြောက်လှန့်ရုံ ပွတ်မိတာပါ၊ သူလဲကျသွားတယ် .. ဒါပါပဲ"

သူမက ဒါပါပဲလို့ စကားကို အဆုံးသတ်ပေမယ့် နန်းယု နဲ့



www.burmeseclassic.com

မိုးသိ က တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး စချင်နောက်ချင်ဟန်နှင့် ...

"အဲဒီမှာ သူ့ရဲ့ကောင်းကြီးနဲ့ တွေ့တယ်ဆိုပါတော့"

"ဘယ်ကလာ ကျောင်းသားပေါင်ချိန်ပါ မိုးသိ ရယ် .."

မိုးသိ နဲ့ နန်းယု က အတိုင်အဖောက် ညီနေကြပါသည်။

နန်းယု တို့ မိုးသိ တို့ စကားကြောင့် နှင်းဆီ ကိုချို့ ပုံရိပ်ကို ဖျတ်ခနဲ မြင်ယောင်ရင်း ပြုံးမိသည်။

"ဟောတော့ ... အသလွတ် ပြုံးတယ်တော့၊ အကြောင်းလည်း မပါဘူး"

မိုးသိ က ကျွန်ုရဲ့အပြုံးအတွက် လှမ်းနောက်တော့ ကျွန်မ အခုလို ပြောမိပါသည်။

"ကိုချို့ က စဉ်းစားတွေးခေါ်တတ်တာတော့ အမှန်ပဲ"

"နေပါဦး ... အခု ကြားနေရတဲ့သတင်းအရ နှင်က ကိုချို့ စကားတစ်ခွန်းတည်းနဲ့ နှင်က မကြိုးစားဘူး တောင်းပန်လိုက်တယ်ဆို .."

"အို ... သတင်းတွေက မြန်လှပါလား"

နှင်းဆီ စကားကြောင့် မိုးသိ က မျက်စောင်းထိုးရင်း ...





"ဟဲ့ ... နှင့်သတင်း ဘယ်လောက်ပျံ့နှံ့နေပြီ ထင်လဲ"

နှင်းဆီ တအံ့တသြနဲ့ ...

"ပြောပါဦး .."

မိုးသိ က နန်းယု ကို မျက်စပစ်ပြတော့ နန်းယု က ပြောပြပါသည်။

"ဘယ်လောက်တောင် သတင်းတွေ ပျံ့သလဲဆိုရင် နင်က ကိုချို့ စကားတစ်ခွန်းဆို တစ်ခွန်းပဲတဲ့၊ နင် ကိုချို့ လက်မောင်းကို ကိုင်တာ .. နှစ်ယောက်အတူ ကြည်နူးနေတာ ..."

နန်းယု စကားမဆုံးခင် နှင်းဆီ တဟားဟားနဲ့ သဘောကျစွာ ရယ်ပါတော့သည်။

"ဟဲ့ ... ငါ့စကားမှာ ဘာရယ်စရာပါလို့လဲ"

နှင်းဆီ အရယ်ကို မနည်းရပ်ရင်း ...

"မဟုတ်ပါဘူးဟာ ..."

စကားမဆက်နိုင်ဘဲ နှင်းဆီ ဆက်ရယ်မိပါသည်။

နှင်းဆီ ရယ်နေတာကို နန်းယု တို့နှစ်ယောက်က ငေးကြည့်နေပါနေတာကြောင့် နှင်းဆီ ရှင်းပြရပါသည်။

"ဒီလိုဖြစ်လာဖို့ ငါ တမင် လုပ်လိုက်တာဟ"

www.burmeseclassic.com



"ဘယ်လို!..."

"ငါ ပြောပြပါမယ်ဟယ်၊ ဒီလိုဟ ... နင်တို့ ပွဲကြီးတို့အုပ်စုကို သိတယ်နော်"

မိုးသီ က မျက်မှောင်ကြုတ်အောင် စဉ်းစားရင်း ...

"ပွဲကြီးဆိုတာ အောင်မြတ်မို မဟုတ်လား၊ သတင်းနဲ့အတင်းကို ဖြန့်ဝေတဲ့အုပ်စုလေ"

"အေး ... သူတို့ကို တွေ့လို့ တမင် ခွင်ဆင်လိုက်တာ"

နှင်းဆီ က ကိုချို့ အကျီအသားကို ဈေးမေးသလိုလိုနှင့် ပွဲကြီးတို့အမြင်မှာ လက်မောင်းကို မှီခိုသလိုလို တွဲသလိုလိုဖြစ်အောင် တမင်လုပ်လိုက်တဲ့အကြောင်း ပြောပြတော့ မိုးသီ ကိုယ့်နဖူး ကိုယ်ရိုက်ကာ ...

"အချို့ တို့ကတော့ ညဏ်များပါတယ်ဟာ၊ နန်းယု ရေ .. နာရီဝယ်ပေးဖို့ ပိုက်ဆံပြင်ထားတော့ဟေ့"

"အေးဟာ ... ငါတို့ရှုံးဖို့ သေချာပါပြီဟာ"

နှင်းဆီ က သူတို့စကားကို သဘောကျစွာ ရယ်နေပါသည်။

ဒီပွဲမှာ စစ်ခင်းသူ နှင်းဆီ အနိုင်ကို သေချာစေမယ့်ပွဲပါ။





အဲဒီကံတရားက တန်ဖိုးများတယ် ..
အဖြိုးများနဲ့ ကလဲ့စားကို
သင်းသင်းရှင်ရှင် စီတန်းထားတယ်
ဘယ်သူ နှင်းမလဲ ...။

မရည်ရွယ်ဘဲ
ရှေ့တစ်လှမ်းတိုးလာသူ တွက်ခဲ့
ပေဟာ ...
ကိုယ့်ရင်ခုန်သံ ...
ကိုယ့်ရှူမောသံတွေက ...
ကိုယ့်ကိုယ်ကိုယ် လှောင်ပြောင်နေသလိုလို ...။

(မျက်ကန်းဝတ္ထုဟာမှ ...)



www.burmeseclassic.com

www.burmeseclassic.com



"ရှင်!..."

မထင်မှတ်တဲ့စကားကြောင့် သူဇာ ကိုချို ကို မော့ကြည့်ပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားရပါတယ်။

သူမ ကန့်စွန်းခူးနေရာ မီးရထားလမ်းဘေးက ကန့်စွန်းကန်ကို ကိုချို ဆိုက်ဆိုက်နဲ့မြုံက်မြုံက်ကို ရောက်လာပါတယ်။

ကန်ဘောင်ဘေးက လူသွားလမ်းလေးမှာ ထိုင်နေတာတွေ့ရ သူမခါးလောက် နစ်တဲ့ ရေထဲကနေ ကန့်စွန်းတောင်းကြီးကို ဆွဲယူ လာရင်း ကိုချို ကို မော့ကြည့်ပြီး ...

"ဟော ... ဘယ်လိုကနေ ဘယ်လို ရောက်လာတာလဲ ကိုချို"

ကိုချို ကန်ဘောင်ပေါ်မှာထိုင်ချရင်း သူမကို လက်ကမ်းပေ တော့ သူမ ကိုချို လက်ကို အားပြုဆွဲယူကာ တက်မိကာ ကိုချိုဘေး မှာ ထိုင်မိပါသည်။





"ကျွန်တော် သံလမ်းဟိုဘက်ကရပ်ကွက်မှာ သူရ နဲ့ အတူနေ တာလေ"

"တကယ် .."

ကိုချို က အပြုံးနဲ့ ခေါင်းညိတ်ပြပါသည်။

"ဟိုနေ့က လိုက်မလာမိတဲ့အတွက် စိတ်မရှိနဲ့နော် မိမိုး၊ အခြေ အနေ အကြောင်းကြောင်းကြောင့် ..."

သူဇာ က ဟိုတစ်နေ့က နှင်းဆီနဲ့ဖြစ်ခဲ့တဲ့ ပြဿနာကို ရည် ရွယ်မှန်း သိ၍ စချင်နောက်ချင်တာနဲ့ ...

"ကိုချို က နှင်းဆီချို ကို တော်တော်ပိုင်တယ်နော်၊ ကိုချို စကားတစ်ခွန်းနဲ့တင် ပွဲက သိမ်းပြီ"

ကိုချို က မျက်လုံးမျက်ခုံးပြူးရင်း ...

"ဟာ!... မဟုတ်ရပါဘူးဗျာ၊ သူမှားမှန်းသိလို့ သူ တောင်းပန် တာပါ မိမိုး ရာ .."

"ဟုတ်လို့လား .. နှင်းဆီချို ဆိုတာ တောင်းပန်တတ်တဲ့လူစား မျိုး မဟုတ်ဘူးလို့ မိမိုး ကြားပါတယ်၊ ကဲ .. လာရင်းကိစ္စ ပြောပါဦး၊ အလည်သက်သက်လား .."

ကိုချို က အပြောရခက်နေဟန် ရှိပါသည်။ သူဇာ ကိုချို ပုံစံကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရာ ...

"ကိုချို ဘာပြောစရာရှိလို့လဲ"

ကိုချို က မဖြစ်မနေ ပြောရမယ့်စကားတစ်ခွန်းအတွက် တည်ငြိမ်လေးနက်တဲ့ အမူအရာနဲ့ သူဇာ ကို စိုက်ကြည့်နေတာကြောင့် သူဇာ မျက်လုံးချင်းမဆိုင်ရဲဘဲ ခေါင်းငုံ့သွားမိပါတယ်။

"ကျွန်တော့်ဘဝအတွက် အရေးကြီးတဲ့ စကားတစ်ခွန်း မိမိုး ကို ပြောစရာရှိလို့"

"ရှင်!..."

မထင်မှတ်တဲ့ စကားတစ်ခွန်းကြောင့် သူဇာ ကိုချို ကို မော့ကြည့်ပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားရပါသည်။

"ဟုတ်တယ် .. မိမိုး၊ ဒီစကားကြောင့် မိမိုး ဟို .. ဟို ဘယ်လို ပြောရမလဲ .. စိတ်အနှောင့်အယှက် ဖြစ်သွားမှာလည်း စိုးတယ်"

ကိုချို ဂဏှာမငြိမ်ဖြစ်မိရင်း လုပ်မိလုပ်ရာ သူ့အိတ်ကပ်ထဲက ဆေးပေါ့လိပ်ကိုထုတ်ရင်း ဟိုစမ်းဒီစမ်းရင်း ...

"မီးခြစ်ရှိလား မသိဘူး"

"ရှင်!..."

"ဟာ!... မဟုတ်ဘူး .. ဆောရီး"





ကိုချို အယောင်ယောင်အမှားမှားနဲ့ ဆေးပေါ့လိပ်ကို လွှင့်ပစ်တော့ မိမိုး အသံထွက်အောင် ရယ်မိပါသည်။

"ကျွန်တော် .. ကျွန်တော် ..."

သူဇာ တဆတ်ဆတ် တုန်ချင်နေပါသည်။ ရေစိုထားလို့တော့ မဖြစ်နိုင် ..၊ ဒါဟာ ...

"ကျွန်တော် .. သူဇာ ..."

အဲလိုပြောလေ သူမအတွက် အနေရခက်လေပါပဲ။

"ဟို ... သူဇာ့ ဆီက ..."

သူဇာ ကိုယ့်ရင်ခုန်သံတွေ ကိုယ် ပြန်အတိုင်းသား ကြားခဲ့ရပါသည်။

"အလုပ်တစ်ခု လိုချင်လို့"

"ရှင်!..."

ထင်ထားတဲ့စကားနဲ့ လွဲမှားသွားတာကြောင့် ထိပ်စီးမှန်ပြီးမှ နောက်ပိတ်လွဲသွားသူလို သူဇာ မျက်လုံးဝိုင်းသွားပါတယ်။ ကိုချို သူမပုံစံကြောင့် ...

"ကျွန်တော့်စကားကြောင့် မိမိုး စိတ်အနှောင့်အယှက် ဖြစ်သွားပြီလား၊ အေးဗျာ .. မတတ်သာလို့ ပြောရတာပါ၊ အေးဗျာ .. ဒီရက်



www.burmeseclassic.com

ပိုင်းမှ အိမ်ကလည်း ဘာကြောင့် ပိုက်ဆံမပို့လည်း မသိဘူး၊ ကျွန်တော် ဟိုကောင်တွေသိရင် ကူညီမှန်းသိမှာမယ့် အဲလိုကြီးတော့ မယူချင်တာ နဲ့ မိမိုး ဆီမှာ အလုပ်လေးများရှိရင်ဆိုပြီး လာခဲ့တာပါ"

သူဇာ ကိုချို့ ကို အငေးသား ငေးစိုက်ကြည့်နေမိပါသည်။

နောက်မှ သတိဝင်လာကာ တဟားဟား အော်ရယ်တော့ ကိုချို တအံ့တဩနဲ့ သူဇာ ကို စိုက်ကြည့်နေပါသည်။

"ဘာဖြစ်လို့လဲ မိမိုး"

သူဇာ က ခေါင်းခါပြရင်း ဆက်ရယ်နေတော့ ကိုချို လည်း ရောယောင် ရယ်မိပါသည်။





"မင်းကွာ ကိုယ်ပြောတဲ့ပုံစံက ဘယ်လိုပုံစံလဲ မတွေးမိဘူးလား ကိုချို ရာ .."

"အေးကွာ .. ငါလည်း ကိုယ့်ကိစ္စ ကိုယ့်အပူနဲ့ဆိုတော့ ကိုယ်ပြောတဲ့စကား ဘယ်ရောက်လို့ရောက်မှန်း မသိဘူး"

ကျွန်တော် ခေါင်းကုတ်ရင်း ပြောမိတော့ ဟိုကောင်တွေက ရယ်ကြပါသည်။

အောင်ကောင်း က ...

"မင်းကွာ ချော်လဲရောထိုင်ပုံစံမျိုးနဲ့ ရည်းစားစကား ပြောလိုက်ပြီးရော"

"ဟာကွာ .."

ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော် ပြောတော့ သူရ က မျက်ခုံး
ကြီး ပင့်ပြီး ...

"ဘာလဲ မင်းကများ ရှက်နေရသေးတယ်"

ကျွန်တော် စပ်ဖြဲဖြဲနဲ့ ...

"မဟုတ်ဘူး .. မင်းတို့ပြောမှ သတိရလို့ အခု ထပ်ပြီး ဖြည့်စွက်
ပြောရင် ကောင်းမလား"

"အခုမှလာပြီး သတ္တိတွေ စွတ်စပ်ပြမနေနဲ့ ကိုချို"

"အေးလေ"

ကျွန်တော့်လက်မောင်းကို လက်သီးနဲ့ ထိုးသူက ထိုး၊ နားပ
ကျင်းသူက ကျင်းနဲ့ စည်ခံကြပါသည်။

"ဒါနဲ့ ဒေါ်လေးရော အောင်ကောင်း"

ကျွန်တော်က အိမ်ထဲကို လှမ်းကြည့်ရင်း မေးမိတော့ အော
ကောင်း က ...

"အမေ ဈေးသွားတယ်ကွ၊ မင်းတို့ ဒီမှာ ထမင်းစားသွား
လေ"

"ဟာ!..."

သူရ နဲ့ ကျွန်တော်က ငြင်းဆန်ပြုတော့ ...





"မစားဘူးလား"

"မဟုတ်ပါဘူး၊ ဟင်းမကောင်းရင် ထပ်ချက်ခိုင်းမလို့"

"ခွေးကောင်တွေ၊ တော်ပြီ ... မင်းတို့ကျွေးမယ့်အစား အေး
ကျော် ကိုပဲ ကျွေးတော့မယ်"

အေးကျော် က လျှာသပ်ရင်း တဟဲဟဲနဲ့ သဘောကျနေတော့
အောင်ကောင်း က ...

"ပန်းကန်မရှိလို့ အိမ်ရှေ့မှာ ဂုတ်ကျားရဲ့စားခွက် သွားယူခဲ့
အေးကျော်"

"အေး ... ဟာ!... ခွေးမသား အောင်ကောင်း၊ တော်ပြီ မင်းညိမ
ကို ယူမယ့်အစီအစဉ် နောက်ဆုတ်လိုက်ပြီ"

"တော်သေးတာပေါ့ကွာ .. ငါ့ညီမ ခွေးစာတက်မခင်းလို့"

အောင်ကောင်း စကားကြောင့် အေးကျော် က ထပြီး လှမ်းကန်
တော့ အားလုံး သဘောကျစွာ ရယ်ကြပါသည်။

"ဒါနဲ့ မင်း တကယ် ပိုက်ဆံပြတ်လို့လား ကိုချို၊ ဒါမှမဟုတ်..."

သူရ က ကျွန်တော့်ကိုကြည့်ပြီး မချိုမချဉ်မျက်နှာပေးနဲ့ ပြော
တော့ အောင်ကောင်း က ကျွန်တော့်ကို သေချာကြည့်ပြီး ...

"အေး .. ဟုတ်တယ်၊ ငါလည်း မေးမလို့ပဲ၊ မင်းတို့အခန်း မနေ့



www.burmeseclassic.com

www.burmeseclassic.com



ကရောက်တော့ ဒီကောင် သေတ္တာထဲက တစ်သိန်းအုပ်တစ်အုပ် ယူလာပြီး ငါတို့ကိုတောင် ကြေးအိုးလိုက်ကျွေးသေးတာသဲ"

ဒီကောင်တွေ အခုမှ ရိပ်မိကာ တွေးတွေးဆဲဆဲ ပြောလာတော့ ကျွန်တော် သဘောကျကာ တဟားဟား ရယ်ပါတော့သည်။

"ဟေ့ကောင် ပြောစမ်း .. မင်း ဘာခွင်ဆင်တာလဲ"

"ဟုတ်တယ် ကိုချို၊ မင်း မှန်မှန်ပြောစမ်း"

သူရ ကလည်း လက်ညှိုးတထိုးထိုးနှင့် မေးလာတော့ ကျွန်တော် ခပ်တည်တည်နဲ့ ...

"မှန်မှန်က ဘယ်သူလဲ မင်းအစ်မလား သူရ"

"ဟေ့ကောင် .. မင်း အရူးကွက်လာမနင်းနဲ့၊ ပြောစမ်း .."

"ပြောစမ်းတော့ မသိဘူး .. မိစမ်း တော့ သိတယ်၊ ငါတို့ လမ်းထိပ်မှာ ဟင်းရောင်းတယ်လေ"

"ကိုချို ..."

"ဟေ့ကောင် .. ဟာ!... သူရ၊ နေဦး ပြောပါမယ်ကွာ"

သူရ က ကျွန်တော့်လည်ပင်းကိုညှစ်တော့ ဟိုကောင်တွေက ကျွန်တော့်လက်ကို ဝိုင်းချုပ်တာကြောင့် ကျွန်တော် မထူးတော့ပြီမို့ ပြောလိုက်ရပါသည်။





"အခုတော့ မသိချင်နဲ့ဦး၊ ဒါပေမယ့် အချိန်တန်ရင် မင်းတို့ကို အသိပေးပါမယ်"

အောင်ကောင်း က ပြုံးစေ့စေ့နဲ့ ကျွန်တော့်ကို ပြောပါသည်။

"ဒါဆိုရင် မင်း မိမိုး နားကို မယောင်မလည်နဲ့ ကပ်တာ"

"တစ်ခုခုလို့ သဘောထားလိုက်ပေါ့ကွာ"

"အဲဒီလို ..."

ကျွန်တော်က ပိုင်ပိုင်နိုင်နိုင် ခေါင်းညိတ်ပြတော့ ...

"ဩော် ... ကိုချို .. ကိုချို .. မလည်သလိုနဲ့ အတော်လည်တဲ့ ကောင်ပဲ"

"လည်ဆို ဒီကောင်ကို မမွေးခင် ဒီကောင့်အမေ ချီးစားတာကို"

"ဟေ့ကောင် .. သူရ .."

"ဟဲ .. ဟဲ .. ချွားစီးတာ ပြောတာပါကွာ"

ကျွန်တော် ပါးစပ်လှုပ်ရုံ ဆဲတော့ သူရ က ရယ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပေးပါ .. မိမိုး ရယ် .."

"ရပါတယ် ကိုချို .. မိမိုး လုပ်နေကြပါ"

"ဟာ!... ပေးပါဆို"

ကျွန်တော် အတင်းယူတော့မှ နှင်းဆီ ပန်းထည့်ထားတဲ့ခြင်းကို ပေးပါသည်။ ဒီနေ့ဆို ကျွန်တော် မိမိုးဆီမှာ အလုပ်ဝင်တာ နှစ်ရက် ရှိပါပြီ။

နှင်းဆီပန်းစည်းတွေ ညနေတစ်ကြိမ် ကျွန်တော်နဲ့ မိမိုး ပန်း ဈေးကို လာလာပို့ရပါသည်။ မနက်ပိုင်းကျောင်းမတက်ခင်တော့ ကျွန်တော် ကန့်ထဲဆင်းပြီး ကန့်စွန်း ခူးပေးပါသည်။

အစပိုင်းက လုပ်နေကျမဟုတ်တော့ လုပ်ရတာ အဆင်မပြေ ပါ။ နောက်ရက်တွေကျတော့ အဆင်ပြေလာပါသည်။





"ကိုချို .. ကျောင်းကို ထမင်းဘူး ယူမလာဘူးနော်"

ကျွန်တော်က ခေါင်းညိတ်ရင်း ...

"ယောကျ်ားလေးဆိုတော့ ထမင်းဘူး မကိုင်ချင်တာလည်း ပါ တယ်၊ ပြီးတော့ သူရ နဲ့ ကျွန်တော်နဲ့က ထမင်းချက်စားတာ နည်းပါ တယ်၊ ဖြစ်သလို စားလိုက်တာပဲ၊ တစ်ခါတလေ အောင်ကောင်း အိမ်ဖြစ်ဖြစ် အေးကျော် အိမ်ဖြစ်ဖြစ် တစ်လှည့်စီ စားလိုက်တာပဲ"

"ဒါဆို ဒီလိုလုပ် .. ညနေပိုင်း အိမ်မှာစားပေါ့"

"ရပါတယ် မိမိုး ရယ် .."

"အားမနာပါနဲ့ ကိုချို ရယ် ... လူတစ်ယောက်စာလောက် အတွက်တော့ မိမိုး ဆင်းရဲမသွားပါဘူး"

ကျွန်တော်လည်း ဆက်မငြင်းချင်တာကြောင့် ခေါင်းညိတ် လိုက်ရပါသည်။

ပန်းပို့ပြီးတော့ မိမိုး က လက်ဖက်ရည်သောက်ချင်သည် ပြော တာကြောင့် ကျွန်တော်နဲ့ မိမိုး အနီးနားကဆိုင်မှာ လက်ဖက်ရည် ဝင်သောက်ကြပါသည်။ လက်ဖက်ရည်သောက်ရင်း မိမိုးက အခုလို မေးပါသည်။

"မနေ့က ကျောင်းမှာ နှင်းဆီချို နဲ့ ကိုချို ကို တွေ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



နော် ..”

“ဟုတ်လား .. ခေါ်လိုက်ရောပေါ့ မိမိုး”

မိမိုး က နှာခေါင်းရှုံ့ရင်း ...

“မခေါ်ရဲပါဘူးနော်၊ သူများသားသမီးတွေ အကြည်ဆိုက်နေချိန်မှာ အနှောင့်အယှက် မပေးချင်ပါဘူး”

မိမိုး စကားကြောင့် ကျွန်တော် မျက်မှောင်ကြုတ်မိကာ ...

“ဘယ်လို .. ဘယ်လို ...”

“ကိုချို ပခုံးမှာ နှင်းဆီချို ခေါင်းလေးမှီနွဲ့ပြီးနေနေတာ တစ်ကျောင်းလုံး မြင်တဲ့ဟာကို ကိုချို ရယ် ..”

“ဟာ!... မဟုတ်ဘူး .. မိမိုး အထင်လွဲနေပြီ၊ အဲဒါ နှင်းဆီချို ခေါင်းတအားမူးနေလို့ ကျွန်တော့်ပခုံးကို သက်သာအောင် မှီမယ်ဆိုလို့ ..”

မိမိုး မျက်လုံးလေးဝိုင်းသွားရင်း အံ့အားသင့်သွားပုံနှင့် ...

“ဟင်!... အဲဒါတော့ မသိဘူး၊ တစ်ကျောင်းလုံးမှာ ကိုချို နဲ့ နှင်းဆီချို ဖြစ်နေကြပြီလို့ ဒီလောက် သတင်းပျံ့နေတာ ကိုချို မသိဘူးလား”

“ဗျာ!... အဲဒီလောက်တောင်၊ ဟာ ... ဒုက္ခပါပဲ”





ပျာယာခတ်သွားတဲ့ ကျွန်တော့်ပုံစံကြောင့် မိမိုး သဘောကျစွာ ရယ်မိပါတော့သည်။

မိမိုး ဆီကပြန်တော့ သူရ က အခန်းထဲမှာ ဂျာနယ်တစ်စောင်နှင့် စိမ်ပယူနေပါသည်။

ကျွန်တော် မိမိုး ပြောပြတဲ့အတိုင်း သူရ ကို ပြောပြတော့ သူရ က တဟားဟားရယ်ပြီး ...

“ဘာဖြစ်လဲကွာ .. နှင်းဆီချို နဲ့ ရည်းစားလို့ သမုတ်ခံရတာ နည်းလားကွ”

“ဟာ!... မင်းက တစ်မျောင့်၊ နည်းတယ်များတယ် ပြောရအောင် စစ္စည်းဝယ်နေတာ မဟုတ်ဘူး သူရ၊ အခုဟာက မဟုတ်ဘဲနဲ့ အပြောခံရတာ တစ်ဖက်မိန်းကလေးလည်း နစ်နာမှာပေါ့ကွာ”

ကျွန်တော့်စကားကြောင့် သူရ တဟားဟား အော်ရယ်ရင်း...

“နှင်းဆီချို က နစ်နာမယ် .. မင်း သိပ်ရယ်စရာစကားပြောတဲ့ကောင်ပဲ ကိုချို၊ နှင်းဆီချို ရည်းစားထားတာ တာလီမှတ်ပြီးရေရင်တောင် မင်းလက်နှစ်ဖက်လုံးနဲ့ ကိုင်ရင်တောင် ကိုင်နိုင်မှာ မဟုတ်ဘူး၊ တစ်ခုတော့ ရှိတယ် .. နှင်းဆီချို က မင်းကို သဘောကျချင်ကျနေမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... မဖြစ်နိုင်တာ၊ နှင်းဆီချို က ငါ့လိုကောင်ကို သူ့ရည်းစားစာရင်းထဲ သွင်းမယ် မထင်ဘူး"

"မင်းကို မသွင်းရင် ငါ့ကို သွင်းမှာပေါ့ .. ဒီလိုလား"

ကျွန်တော် အမြင်ကပ်လာတာကြောင့် ...

"အေး ... မင်းလို ဘို့ထောင်တဲ့ရွာ ခြံထဲသွားဆိုပြီး သွင်းရင် သွင်းမှာပေါ့"

ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ပြောတော့ ဒီကောင်က စတ္တုစာအုပ်နဲ့ ကောက်ပေါက်ပါသည်။





"နှင် သတင်းကြားပြီးပြီလား နှင်းဆီ"

"ဘာလဲ .. မိန်းကြေးသုံးယောက် အမျိုးသမီးဟာန် ဟန်ဆောင်ပြီး လာတာလား"

သူမက အခုလိုနှောက်တော့ မိုးသိ က မျက်စောင်းထိုးရင်း...

"ဟဲ့ ... ဒီက စကားအကောင်းပြောမလို့ဟာ"

သတ္တု က လက်ဖက်ရည် သုံးခွက် လာချပေးပြီးတော့ ...

"အစ်မတို့ ဟို ... ဘယ်သူ ... တွေ့သေးလား"

"ဟဲ့ ... ဘယ်သူ့ကိုပြောတာလဲ"

သတ္တု ခေါင်းကုတ်စဉ်းစားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပါဝါ … အဲ … ဆရာကြီး … မဟုတ်ပါဘူး"

"ကိုချို ကို ပြောတာလား"

နှင်းဆီ မေးတော့မှ သတ္တ က ခေါင်းအမြန်ညိတ်ရင်း …

"ဟုတ်တယ် အစ်မ"

"ဟာ!… ကိုချို ဆို ကိုချို လို့ ပြောလိုက် ပြီးတဲ့ဟာ … ဟာယ်၊ ဘာတွေမှန်း မသိဘူး၊ ပါဝါတွေရော … ဆရာကြီးတွေရော"

"ဟို မေ့နေလို့ ချိုတဲ့ဟာကို တွဲမှတ်ထားတာ၊ အဟဲ"

သတ္တ ရဲ့လုပ်ပုံကြောင့် မိုးသီ အမြင်ကပ်ကပ်နှင့် …

"အေး … မေ့ … မေ့ … ဒီလောက်မေ့တတ်တဲ့လူမျိုး စစ်ထဲပို့ရမယ်"

"ဘာဖြစ်လို့လဲ အစ်မ"

"ဘာဖြစ်ရမှာလဲ လက်ပစ်ဗုံးကို ငုတ်ပျော်သီးမှတ်ပြီး စနစ်တံ မှားဖြုတ်မှ ဟုတ်ပေ့ ဖြစ်နေမယ်"

သတ္တ အောင့်သက်သက်နှင့် အခုလို ပြောမိပါသည်။

"အဲလောက်လည်း မဟုတ်ပါဘူးဗျာ၊ ကျွန်တော့် ဦးလေးတစ် ယောက်ဆို တောထဲထင်းခွေသွားရင်း စားပြတွေထောင်ထားတဲ့ နင်းမိုင်းကို ကားဘရိတ်အောက်မေ့ပြီး တက်နင်းကြည့်သလောက်ပဲ





ရှိတာပါ"

သတ္တ ရဲ့အပြောကြောင့် နှန်းယု မျက်ရည်ထွက်မတတ် ရယ်ပါ တော့သည်။

"ကဲ … ကဲ တော်ပါတော့ ကိုသတ္တ ရယ် … ရှင့်ဆရာ ကိုချို ကို ကျုပ်လည်း တွေ့ချင်ပါတယ်နော်"

"တွေ့ချင်ရင် သွားတွေ့လိုက်ပေါ့၊ အစ်မက ကျွန်တော်တို့လို စားပွဲထိုးမှ မဟုတ်တာ"

"တော်ပါတော့ ကိုသတ္တ ရယ် … တခြားဝိုင်းကို မြန်မြန်ကြွပါ တော့"

သတ္တ သူ့ကို အတင်းနှင်လွှတ်တော့ အူကြောင်ကြောင်နဲ့ လှည့် ပြန်သွားပါသည်။

သတ္တ လှည့်ပြန်သွားမှ မိုးသီ က …

"ခုနှ ငါ့စကားတောင် ဘယ်နားရောက်သွားပြီလဲ မသိဘူး"

"လမ်းမှာ ကျပျောက်သွားတာ နေမှာပေါ့"

နှင်းဆီ ခပ်ရွတ်ရွတ်နဲ့ပြောတော့ မိုးသီ က ခပ်ဖွဖွ လှမ်းရိုက် ရင်း …

"နင် နှောင့်မနေနဲ့ … ငါ့စကားဆုံးအောင် နားထောင်၊ နင့်ကိုချို



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နှင့်ရဲ့မဟာရန်သူ အချစ်တော်ကြီးနဲ့ တတွဲတွဲ ဖြစ်နေတယ်ဆို

နှင်းဆီ မိုးသိ ရဲ့စကားအဓိပ္ပာယ်ကို မသိတာကြောင့် မေးမိ

သည်။

"ဘယ်သူလဲ .."

"ဩော် ... အချဉ်လုပ်နာမည်နဲ့ ပန်းသည်လေ"

"ပုပ္ပားတောင်ကလပ်က ခအိုဓါလား"

"ဟဲ့ .. နှင်းဆီ၊ ဟို ... မိုးနတ်သူဇာ ... ဟာ!... မဟုတ်ပါ

မိုးသူဇာ ကို ပြောတာ၊ အခု နှင့်ရဲ့ ကိုချို က အဲဒီ မိုးသူဇာ ဆို

ပန်းခူး၊ ပန်းဒိုင်ပို့တဲ့အလုပ် ဝင်လုပ်နေတာတဲ့"

နှင်းဆီ တိတ်ဆိတ်ငြိမ်သက်သွားသလိုလို တစ်ခုခုကို အ

အထဝန် စဉ်းစားနေပုံ ရပါသည်။

နန်းယု က ထူးခြားတဲ့ နှင်းဆီ ရဲ့ အမူအရာကြောင့် သတ်

ချမိကာ ...

"ငါတို့က ပျော်စေပြတ်စေ အလောင်းအစားလုပ်မိတာ

ခေါင်းထဲထည့်မနေနဲ့ နှင်းဆီ"

"ပျော်စေ ... ပြတ်စေ"

နှင်းဆီ ခပ်တိုးတိုး ရွတ်မိပါသည်။ ပြီးတော့ ရွတ်ခမ်း





တ ...

"အဲဒီစကားက အဓိပ္ပာယ်ရှိတယ်နော်၊ ပျော်ပြီးရင်း ပြတ်ရမှာ

ပေါ့"

"ပျော်တာတွေ ပြတ်တာတွေ ခဏထားပါဦး။ ဟိုမှာ နှင်ရဲ့မျှော်

ပင့်ခြင်းလေး လာနေပါပြီ"

နန်းယု မေးငေါ့ရာကိုကြည့်လိုက်တော့ ကိုချို နဲ့ သူရဲ့အပေါင်း

ပါတွေ ဆိုင်ထဲဝင်လာခဲ့ပါသည်။

"ကိုချို .. ဒီမှာ .."

မိုးသိ က လှမ်းအော်တော့ ဘေးနားက ခုံတွေဆွဲယူကာ သူတို့

င်းမှာ ဝင်ထိုင်ရင်း အေးကျော် က ...

"ဟာ!... ဘိုင်ပြတ်နေတဲ့အချိန် နတ်သရဲတွေနဲ့ လာတွေ့တာ

"

"နတ်သမီး လုပ်စမ်းပါဟယ် .. စကားနဲ့တင် မေတ္တာပြတ်ချင်

ပြီ"

"ဩော် ... အစက ငါ့ကို မေတ္တာရှိတယ်ပေါ့"

"အေးကျော် .. ခွေးစုတ်"

မိုးသိ က ရှက်ရှက်နဲ့ အေးကျော် ကျောပြင်ကို ထုတော့ ဟို



www.burmeseclassic.com

www.burmeseclassic.com



သဒေကောင့်သားက ဘွားကြီးတဖြီးဖြီးနှင့် ...

"ဟဲ့ .. လူတွေရှေ့မှာ .. နောက် နှစ်ယောက်တည်းတွေ့မှ ဆိုးနော်"

"နှင်းနော် ငါ စိတ်ဆိုးချင်လာပြီ"

"ချဉ်ဒနရင် မစားနဲ့လေ"

အေးကျော် နဲ့ မိုးသီ ကိုကြည့်ပြီး အားလုံးက တဟားဟား ရယ်ကြပါသည်။

နှင်းဆီ က ကိုချို့ သောက်တတ်တဲ့ လက်ဖက်ရည်ကို မှာပေး ပါသည်။

"သတ္တာ ရေ ... နှင့်ဆရာအတွက် လက်ဖက်ရည် ကျဆိမ့် တစ်ခွက်"

နှင်းဆီ က အခုလိုမှာတော့ သူရ က ရယ်ကျဲကျဲနှင့် ...

"တချို့ များ အလိုက်ကိုသိလို့နော်၊ နန်းယု ကိုယ့်အတွက် မှာ ပေးလေ"

"အေး ... နှင့်အတွက် မှာပေးမယ်၊ စိန့်နဲ့ သံပရာလေ"

နန်းယု ပြောပုံကြောင့် သူရ က မနာတဲ့အပြင် အခုလို ပြောပါ သည်။





"ဘာ ... စိန်တံဆိပ်သံပရာဖျော်ရည်ပုလင်း ဝယ်တိုက်မယ်၊ ဒုက္ခမရှာပါနဲ့ဟာ"

သူရ စကားကြောင့် နန်းယု က ပါးစပ်လှုပ်ရုံ မေတ္တာပို့ပါသည်။

"ကိုချို အားလား"

နှင်းဆီ ရဲ့ ကောက်ကာငင်ကာစကားကြောင့် ကိုချို နှင်းဆီ ကို လှမ်းကြည့်ပြီး ...

"အင်း .. အတန်းမရှိဘူး အားပါတယ်"

"ဟဲ့ .. ဘယ်သွားမလို့လဲ"

မိုးသီ က နှင်းဆီ ကို မျက်မှောင်ကြုတ်ရင်း မေးမိတော့ ...

"ငါ မြတ်ဖော်အောင် ဆီ သွားမလို့"

မိုးသီ က ထပ်မေးမယ်လုပ်ပြီးမှ မမေးတော့ဘဲ ငြိမ်နေလိုက်ပါ သည်။

နောက်တော့ ဟိုအကြောင်းဒီအကြောင်းတွေ ငြင်းခုံ ဆွေး နွေးကြပြီး နာရီဝက်လောက်ကြာတော့ မိုးသီ က ပိုက်ဆံရှင်းဖို့ လှမ်း ခေါ်သည်။

"သတ္တာ ရေ ... ရှင်းမယ်ဟေ့၊ ကဲ ... နှင်းဆီ ငါတို့ အတန်းထဲက ပဲ စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သွားကြရအောင် ကိုချို"

"သွားလေ"

နှစ်ယောက်သား အတူထွက်လာတော့ ...

ဆိုင်ထဲကလူတွေက သူမနဲ့ ကိုချို ကို ကြည့်ရင်း တိုးတိုးတိုးတိုး ပြောကြတာ တွေ့မိတော့ နှင်းခိ ကိုချို မမြင်အောင် ကျေကျေ နပ်နပ် ပြုံးမိပါသည်။







တစ်ခါ 'စား'သွားရုံနဲ့
ငါရှုံးပြီလို့ မပြောနဲ့
တမင် ချကျွေးထားတာပါ ...၊
ရင်ဘတ်က 'သွေး'နဲ့
ဒီကစားကွက်ကို စီရင်
သရေဆိုရင်တော့ ငါ အရှုံးပဲ
အပြီးမပျက် ဆုံးဖြတ်ချက်ချ
နောက်တစ်ကြိမ် 'ချ'ကျွေးမယ် ...။





www.burmeseclassic.com

www.burmeseclassic.com



ကိုချို လွယ်အိတ်ထဲကစာအုပ်ကို ဖတ်နေပေမယ့် မြတ်ဇော်အောင် နဲ့ နှင်းဆီချို ပြောနေတဲ့စကားတွေကို ကြားနေရပါတယ်။

"ဟုတ်တယ် … မြတ်ဇော်အောင် ၊ အပြောင်းအရွှေ့ကာလ ပြီးဆုံးသွားပြီ၊ ငါ အသင်းမပြောင်းချင်တော့ဘူး"

နှင်းဆီချို ဆီက စကားသံကြောင့် မြတ်ဇော်အောင် မပြောနဲ့ ကျွန်တော်ကိုယ်တိုင်တောင် အံ့အားသင့်ရင်း စာအုပ်ဖတ်နေရာမှ နှင်းဆီချို ကို မော့ကြည့်မိရပါသည်။

ထုံးစံအတိုင်း နှင်းဆီချို မျက်နှာပေါ်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ အပြုံးတစ်ချက်က လင်းပွင့်လာပါသည်။





"ဟုတ်တယ် … မြတ်ဇော်အောင်၊ ငါ ယောကျ်ားတွေကို မိုးရွာလို့ အရိပ်တစ်ခုမှာ ခိုးခိုသလို၊ ကားအသစ်တစ်စီး ပြောင်းပြီး တစ်စီးစီးသလို တွဲခဲ့တာ၊ ဒါပေမယ့် ငါ အဲဒါတွေ မလုပ်ချင်တော့ဘူး"

မြတ်ဇော်အောင် နားမလည်နိုင်သလို နှင်းဆီချို ကို ကြည့်မိရင်း ကိုချို ကို လှမ်းကြည့်ပါသည်။

"အခု နင်ပြောတဲ့စကားရဲ့ အကြောင်းပြချက်က ဘာလဲ..၊ သူ့ကြောင့်လား .."

ကျွန်တော့်နာမည်ကို မပြောဘဲ အသံတိုးတိုးနဲ့ မြတ်ဇော်အောင် ပြောလိုက်ပေမယ့် ကျွန်တော် ကြားမိတာကြောင့် မရယ်မိအောင် သတိထားနေရပါတယ်။

"နင့် ဆီလာတာ အကြောင်းပြချက်ပြောဖို့ လာတာ မဟုတ်ဘူး မြတ်ဇော်အောင်၊ နင်နဲ့ငါ တွဲနေတဲ့တစ်လျှောက်မှာ နင့်ကို ငါ ရည်းစားလို့ ပြောခဲ့လို့လား။ ပျော်သလောက်နေမယ် .. ပျင်းရင် ပြန်မယ်လို့ ပြောခဲ့တာ နင် မှတ်မိတယ်နော်"

မြတ်ဇော်အောင် ဘာပြောရမှန်း မသိအောင် ဖြစ်ခဲ့ရပါသည်။ နှင်းဆီချို ရဲ့အကြောင်းကို သူသိနေတော့ သူ့ရှေ့ပုဂ္ဂိုလ်ကြီးတွေလို



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်စာရင်း အမှတ်စဉ်တစ်ခုတိုးရုံပဲ ရှိရတော့မှာပေါ့။

"အေး .. အကြောင်းပြချက် သိပ်သိချင်တယ်ဆိုရင်တော့ နှင်းသိအောင် အမြည်းသဘောလေး ငါ ပေးခဲ့မယ်၊ အဲဒါက ..."

နှင်းဆီ စကားကိုရပ်လိုက်ပြီး ခပ်လှမ်းလှမ်းမှာ စာအုပ်ဖတ်နေတဲ့ ကိုချို ကို အပြုံးငွေ့ငွေ့နဲ့ ငေးကြည့်နေပါသည်။

မြတ်ဇော်အောင် သူ့ရှေ့မှာ အခြားယောကျ်ားတစ်ယောက်ကို ငေးကြည့်နေတဲ့ နှင်းဆီချို ရဲ့အကြည့်ကို အံ့သြရပါသည်။

သူနဲ့ တွဲစဉ်တစ်လျှောက် ဘယ်သောအခါမှ မမြင်ဖူး မတွေ့ဖူးတဲ့အကြည့်မျိုး..။

အဲဒီအကြည့်တွေထဲမှာ မြတ်နိုးစုံမက်မှု၊ ကိုယ်က အခြားတစ်ယောက်ကို ပျော်ရွှင်စွာ အရှုံးပေးလိုမှုတွေ ရောပါနေတဲ့ ချစ်ခြင်းတရားတွေ ပြည့်နှက်နေတဲ့ ခံစားမှုမျိုးတွေ ပါဝင်နေတာကို မြင်ရတော့ မြတ်ဇော်အောင် ပါးစပ်အဟောင်းသားပါ။

"တစ်သက်လုံးပျော်ပြီး မပြန်ချင်တော့တဲ့ အရိပ်လေးတစ်ခုကို ခဏလေးအတွင်းမှာ တွေ့လိုက် သိလိုက်ရလို့ ငါ ကျန်တဲ့အရိပ်အားလုံးကို မလိုချင်တော့လို့ပဲ မြတ်ဇော်အောင်၊ သွားမယ် .. မြတ်ဇော်အောင်"





မြတ်ဇော်အောင် ကျောက်ရုပ်ကြီးတစ်ရုပ်လို ကျန်နေခဲ့ရပါသည်။

"သွားကြမယ် .. ကိုချို"

ကိုချို အလိုက်တသိ ထရပ်ကာ စာအုပ်ကို လွယ်အိတ်ထဲထည့်ရင်း အတူလျှောက်လာခဲ့ကြပါသည်။

အတူလျှောက်လာရင်း နှင်းဆီ က ထူးထူးဆန်းဆန်း စကားတွေ မေးမိပါသည်။

"နှင်းဆီ ကို ကိုချို ဘယ်လိုမြင်လဲ"

ခြေလှမ်းတွေရပ်သွားမတတ် မေးခွန်းပေမယ့် ကိုချို ဆက်လျှောက်နေပါသည်။

"နှင်းဆီ ကို ဘယ်လိုမြင်လဲ .. အင်း ... ကျွန်တော် ဖြေရမယ်ပေါ့"

နှင်းဆီ က အပြုံးအရယ်မရှိ ခေါင်းညိတ်ပြပါသည်။

"နှင်းဆီ ကို ကျွန်တော်မြင်တာက မိန်းကလေးတစ်ယောက်လို့ပဲ မြင်တာပေါ့"

နှင်းဆီ က ခေါင်းခါရင်း ...

"လေးလေးနက်နက် ဖြေပေးပါ ကိုချို"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ ရဲ့စကားကြောင့် ကိုချို ပြုံးမိသည်။ ဒီအပြုံးကို နှင်းဆီလည်း တွေ့ပါတယ်။

လျှောင်ပြောင် ရယ်ပြုံးချင်းတော့ မဟုတ်တာ နှင်းဆီ နားလည်သည်။

"ကျွန်တော် လေးလေးနက်နက်ပဲ ပြောနေတာပါ နှင်းဆီ၊ မိန်းကလေးတစ်ယောက်လို မြင်တယ်ဆိုတဲ့ အဓိပ္ပာယ်က ဒီလို ပါ.. မိန်းမတစ်ယောက်ဟာ မိန်းမ ပီပီသသပဲ ဘဝကို ဖြတ်သန်းရမှာ ပေါ့၊ ယောကျ်ားတစ်ယောက်လို ဖြတ်သန်းခွင့် မရှိဘူး။ ဟိုးထား .. နှင်းဆီ .."

နှင်းဆီ က စကားဖြတ်ပြောမယ်လုပ်တော့ ကိုချို က လက်ကာပြကာ တားရင်း ဆက်ပြောပါသည်။

"ကျွန်တော်ပြောတာ နားမရှုပ်ဘူး ထင်တယ်၊ ကျွန်တော်ပြောတာ တစ်မျိုးမမြင်ဖို့ အရေးကြီးတယ်၊ ကျွန်တော်ပြောတဲ့ စကားက ပုရိသ ဖိုဝါဒနဲ့ ပြောတာ မဟုတ်ပါဘူး။ အတတ်ပညာတွေ၊ အသိပညာတွေ ယောကျ်ားတစ်ယောက်နဲ့ ယှဉ်ပြိုင်နိုင်ပါတယ် ...၊

ဒါဟာ ကောင်းတဲ့ လက္ခဏာတစ်ခုပါ၊ ဒါပေမယ့် မိန်းမတစ်ယောက်ဟာ ဒီအရွယ်မှာ လှပနေမယ်၊ ပန်းလေးတစ်ပွင့်လို လှချင်





သလောက် လှစမ်း ...၊ ဒါပေမယ့် ပန်းတစ်ပွင့်ရဲ့အလှဟာ သူ့ရဲ့သက်တမ်းတစ်ခု ကုန်ဆုံးချိန်မှာတော့ နွမ်းကြွေရမှာ သဘာဝပဲလေ ...၊

ဆူးအားကိုးနဲ့ ငါ မကြွေရဘူးဆိုတဲ့ နှင်းဆီမျိုး နှင်းဆီချို တွေ့ဖူးလား ...၊ ပန်ချင်တဲ့သူအတွက်ကတော့ ဆူးဆိုတဲ့အရာကို ချိုးဖျက်ပြီးမှ ပန်တတ်ကြတာ နှင်းဆီ"

နှင်းဆီ ကိုချို့ စကားကြောင့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိပါသည်။

"အဲဒီတော့ ..."

နှင်းဆီ စကားစပေးတော့ ကိုချို က ပြုံးမိပါတယ်။

"နှင်းဆီ ကို ဆူးသက်သက် ပန်းသက်သက်လို့ ကျွန်တော် မြင်ချင်တယ်၊ ပြီးတော့ ဆူးကိုအားမကိုးတဲ့ လှပတဲ့ မိန်းကလေးတစ်ယောက်လိုပေါ့"

နှင်းဆီ ကြည်ကြည်နူးနူး ခေါင်းညိတ်ပြကာ ...

"ကိုချို တစ်ခါပြောဖူးတဲ့ မာနကြီးတာနဲ့ လှတာ တွဲသုံးရမယ်လို့ ဘယ်သီအိုရီက ထုတ်ထားလို့လဲ ဆိုတဲ့ စကားလိုပေါ့"

နှင်းဆီ စကားကြောင့် ကိုချို က အမှတ်တမဲ့ နှင်းဆီ ခေါင်းကို လှမ်းပုတ်ရင်း ...

"နှင်းဆီ က ကျွန်တော့်စကားကို မှတ်ထားတာပဲ၊ ဆောရီး.."



www.burmeseclassic.com

www.burmeseclassic.com



ကိုချို က သူ့ရဲ့ အပြုအမူကို ပြန်စောင်းပန်တော့ နှင်းဆီ ဟက်ဟက်ပက်ပက် ရယ်ရင်း ...

"မလိုပါဘူး ကိုချို ရယ် ..."

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် သဘောကျစွာ ရယ်မိရင်း ဆက်လျှောက်လာခဲ့ကြပါသည်။

နှင်းဆီချို နဲ့ ကိုချို တို့ရဲ့ အပြုအမူတွေကို ငေးကြည့်နေတဲ့ သူဇာ နဲ့ သူ့သူငယ်ချင်းနှစ်ယောက်ကို ကိုချို တို့က မတွေ့မိလိုက်မိပါ။ မျက်ရည်ဝဲချင်နေသော သူဇာ ကို ကြည့်ပြီး ဖြူဖြူ က ...

"ဟဲ့ .. နင့်ကိုချို က ဘာလဲ ..၊ ကိုချို ရည်းစားက နင်လား၊ နှင်းဆီ လား"

"အေးလေဟာယ်"

သူဇာ သူငယ်ချင်းတွေရှေ့မှာ မျက်နှာမပျက်မိအောင် ထိန်းရင်း ...

"ငါနဲ့ ကိုချို တို့က ရင်းနှီးတဲ့မိတ်ဆွေ အဆင့်ပါဟာယ်"

သူဇာ့ စကားကြောင့် အေးသန္တာ က နှုတ်ခမ်းတွန့်ရှင်း ...

"ဒါဆိုရင် နှင်းဆီ နဲ့ ကိုချို ကရော ဘယ်လိုတွေလဲ"

သူဇာ သက်ပြင်းချမိရင်း ...





"ကိုချို ပြောတော့ သူတို့က ဘာမှမဟုတ်ကြပါဘူးတဲ့။ နှင်းဆီချို အကူအညီတောင်းလို့ ကူညီပေးတာ သက်သက်တဲ့"

အေးသန္တာ နဲ့ ဖြူဖြူ တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းဆုံမိကြရင်း နှစ်ယောက်သား ပြိုင်တူ သူဇာ မသိအောင် သက်ပြင်းကြီးကြီး ချမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတာ တကယ်ပါ သူဇာ ရယ် .. ခုနှ ရှင်းပြသလို ကျွန်တော်နဲ့ နှင်းဆီ က ဘာမှမဟုတ်ကြပါဘူး။ ဖြတ်ဇော်အောင် ဆီသွားဖို့ အဖော်လိုက်ပေးပါဆိုလို့ အကူအညီတောင်းလို့ ကျွန်တော် လိုက်ပေးရုံသက်သက်ပါ"

ကိုချို့ စကားကြောင့် သူဇာ နှာခေါင်းရှုံ့မိပါသည်။

မိန်းကလေးသဘာဝအရ နှင်းဆီ ဘယ်လိုအကွက်နင်းတယ်ဆိုတာ သူဇာ သိတာပေါ့ ..။

"ဩော် ... အခုမှ ကိုချို့ ကို အားကိုးနေလိုက်တာ ..၊ မသိပါဘူး .. တစ်ကျောင်းလုံးလည်း ကိုချို့ နဲ့ နှင်းဆီချို့ ရဲ့ ချိုနှစ်ချိုသတင်းက ကြီးနေတော့ ဟုတ်များဟုတ်နေပြီလားလို့"

သူဇာ ကိုချို့ ကို မျက်စောင်းထိုးပြီး အခြင်ကပ်ကပ်နဲ့ပြောတော့ ကိုချို့ ရယ်ပါသည်။ ကိုချို့ ရယ်ပုံကြောင့် သူဇာ နှုတ်ခမ်းကိုတ်ပြီး...





"ဘာရယ်တာလဲ ... လူကို လှောင်သလိုလို ရိသလိုလိုနဲ့"

"ဟာဗျာ ... ကိုယ့်ဘာသာ ရယ်တာကို၊ ရယ်မှာပေါ့ သူဇာ့ ...လည်း ကြည့်ဦးလေ၊ ကလေးလိုလို ဘာလေးလိုလိုနဲ့ .. တစ်ခါမှ ...လိုစိတ်ကောက်တဲ့ပုံစံမျိုးကို မတွေ့ဖူးတာ"

ကိုချို့ ပြောပုံကြောင့် သူဇာ့ ရှက်ကိုးရှက်ကန်း ဖြစ်သွားခဲ့ရပါ ...ည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။

ဘဝရဲ့ နှစ်နှစ်ဆယ်ကျော်အချိန် တော်တော်များများကို ...သာကအမောတွေကြားထဲမှာ ထားခဲ့ရတဲ့ သူမနှလုံးသား အခုမှ ...ပျိုသင်ကာစငှက်လို ဒယီးဒယိုင် ဖြစ်လို့နေပါပြီ။

"ကိုချို့ .. အချစ်ဆိုတာကို ဘယ်လိုမြင်လဲ"

ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်တဲ့ သူဇာ့ စကားကြောင့် ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်ခဲ့ရပါသည်။

"ဟောဗျာ ဒီနေ့တော့ မေးခွန်းတွေနဲ့ပဲ လာတိုးနေပါလား"

"ဘာဖြစ်လို့လဲဟင်"

"ဩော် ... နေ့လယ်က နှင်းဆီ ကလည်း မေးတယ်"

နှင်းဆီ ဆိုတဲ့သတင်း ကြားရုံနဲ့ သူဇာ့ မျက်နှာကြီး စူပုပ်ပြီး...

"သွားပါ .. အဲဒီ အသည်းလွတ် ဘဝင်မြင့်နေတဲ့ဟာမကို သူဇာ့



www.burmeseclassic.com

www.burmeseclassic.com



ကို လာမပြောနဲ့"

သူဇာ ပြောပုံကြောင့် ကိုချို ခေါင်းခါရင်း ...

"မဟုတ်သေးပါဘူး သူဇာ ရယ် .. ဘာမဟုတ်တဲ့ပြဿနာ အငြိုးအတေး မထားပါနဲ့၊ နှင် ဗင်ပန်းပါတယ်"

"သူဇာ့ ဆီက စတဲ့ ရန်ငြိုးမဟုတ်ဘူး ကိုချို။ သူ့ဘက် စတိုက်လာတဲ့ လေပူကြောင့် သူဇာ့ ဘက်ကလည်း ပြန်တိုက်ပေး တဲ့သဘောပါ"

သူဇာ့ ရင်ထဲမှာ နှင်းဆီချို နဲ့ပတ်သက်သည့် ရန်မီးက အဘေ မွှေးလူထားပုံရှိမှန်း ကျွန်တော် သိသည်။

"ကျွန်တော်က နှစ်ယောက်လုံးနဲ့ ခင်မင်ရင်းနှီးနေရတဲ့သူ ကျွန်တော် ခင်မင်တဲ့လူနှစ်ယောက်က အခုလို မသင့်မြတ်ပေ ကျွန်တော် ဘယ်စိတ်ကောင်းမလဲ"

"တော်ပါ ကိုချို ရယ် .. နှင်းဆီ နဲ့ သူဇာ ချစ်ကြည်ရင်းနှီး တာ အသက်ချင်းထပ်ပြီးတော့ စတေးရင်တောင် ရမှာမဟုတ်

ပန်းခိုင်နဲ့နီးပြီမို့ ကိုချို ဘာမျှဆက်မမေးတော့။

ပန်းခိုင်က ပြန်လာတော့ ညစဉ် သောက်နေကျ လက်ဖက် ဆိုင်မှာ ဝင်သောက်ကြပါသည်။





သူဇာ နဲ့ ကိုချို နှင်းဆီ ကို မမြင်မိလိုက်ပါ။ နှင်းဆီချို ကလည်း ာမိ မနက် ဘုရားသွားမယ်ပြောလို့ မာမီမှာထားတဲ့ပန်းတွေကို လာ ယူခြင်း ဖြစ်ပါသည်၊ သူဇာ နဲ့ ကိုချို အခုလို ရယ်မောစကားပြောပုံ တွေကို မြင်တော့ သူမ အလိုလို စမ်းနည်းလာခဲ့ရပါသည်။

ရုတ်တရက် ဝင်ရောက်လာတဲ့ ချစ်ခြင်းမေတ္တာကို သူမ မတား း်နိုင်ခဲ့ပါ၊ အချစ်ဆိုတာကို သူမ ရိပ်စားမိချိန်မှာ နှင်းဆီချို ဆိုတဲ့ း်မတစ်ယောက် သူမနှိပ်စက်ခဲ့တဲ့ ယောကျ်ားတွေရဲ့ ကျိန်စာက ိုချို ဆိုတဲ့လူတစ်ယောက်ကို လူယောင်ဖန်ဆင်းပြီး သူမ ဝဋ်ကြွေး ျခံစေရန် အရောက်ပို့လိုက်ပြီ ထင်ပါရဲ့။

အိမ်ကိုပြန်ရောက်တဲ့အချိန်မှာ မာမီက ထူးထူးဆန်းဆန်း ကားတစ်ခွန်း ဆိုပါသည်။

"သမီးနဲ့ စေ့စပ်ဖို့ စကားလမ်းကြောင်းထားတဲ့ မောင်ရဲနိုကျော် ် ဆိုတဲ့ ကောင်လေးဘက်က စေ့စပ်ပွဲကို ဖျက်သိမ်းဖို့ တောင်းပန် ကား ဆိုလိုက်တယ် သမီး"

"ကောင်းတာပေါ့ မာမီရယ် .. နဂိုကတည်းက သမီး စိတ်မပါ းလို့ မာမီကို ပြောထားသားပဲ"

မာမီက ရယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် စီးပွားရေးချင်း ဆက်နွယ်နေတော့ လူကြီးချင်း စကားပြောဖိရုံပါ၊ ကောင်လေးကြည့်ရတာ တခြားတစ်ယောက်ကို လိုက်ပြေးလို့ ထင်တယ်"

မာမီက တတွတ်တွတ် ရှင်းပြနေပေမယ့် အရအချိန်မှာ သူ့ နားထဲမဝင်၊ တစ်မျိုးဖြစ်နေတဲ့ သူမပုံစံကြောင့် မာမီ ရိပ်မိပုံရသည်။

"သမီး ဘာဖြစ်လို့လဲ .. နေမျှားမကောင်းလို့လား"

"မဟုတ်ပါဘူး မာမီရယ် .. ခေါင်းနည်းနည်းနောက်နေလို့ သမီး အနားယူလိုက်ဦးမယ်"

"သမီး ဆေးသောက်လိုက်ဦးနော်"

"ဟုတ်ကဲ့ မာမီ"

မာမီကိုပြောပြီး အခန်းရှိရာကိုလျှောက်လာရင်း စိတ်ထဲ ပြောမိပါသည်။

မာမီရယ် .. မာမို့သမီးဖြစ်နေတဲ့ ရောဂါက ဆေးသောက် ပျောက်သွားတဲ့ရောဂါ မဟုတ်ဘူးဆိုတာ မာမီမှ ဘယ်သိပါ့မလဲ





"သူရ နဲ့ ကိုချို ကို မတွေ့ပါလား အောင်ကောင်း"

ကော်ရစ်တာထောင့်ချိုးမှာ အောင်ကောင်း နဲ့ အေးကျော် ကို တွေ့လို့ နှင်းဆီ မေးမိပါသည်။

အမှန်ဆို ကိုချို သူအတန်းရှိရာကို ဖြစ်ဖြစ်၊ ကန်တင်းမှာဖြစ်ဖြစ် ဆုံနေကြပါ။

ဒီနေ့ဆို ကိုချို ကို မတွေ့မိတာ နှစ်ရက်ရှိပြီဖြစ်တာကြောင့် တွေ့တွေ့ချင်း မေးမိခြင်းရယ်ပါ။

နှင်းဆီ ရဲ့ အမေးကြောင့် အောင်ကောင်း နဲ့ အေးကျော် က ရယ်ရင်း ...

"ဒီကောင့်သတင်းကို မြေရှင်းနေရတာ နှစ်ခေါက်ရှိပြီဟ၊ ခုနက ကလည်း သူစာ လာမေးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ နာခေါင်းရှုံ့မိတော့ အေးကျော် က ...

"နှင်တို့နှစ်ယောက်ရဲ့ သိုက်းလောကပြဿနာကလည်း ပြီး တော့ဘူး၊ ငါတောင် ပြောမိသေးတယ်၊ ဒီကောင် မွေးနေ့အမီတော့ လာမယ် ထင်တယ်လို့ ဒီကောင် နေကောင်းတာ မဟုတ်ဘူးဟ .. ဒါကြောင့် သူ့ရ ကို အဖော်ခေါ်သွားတာ"

"ဘယ်သွားတာလဲ"

"သူ နယ်ပြန်တာ နေမှာပေါ့"

"ကိုချို့ ချေးနေ့လာရော .."

အေးကျော် ပြောပြတဲ့နေ့ရက်က နောက်နှစ်ရက် လိုပါသေး သည်။

"ကဲ .. ငါတို့လည်း အတန်းချိန်ရှိလို့ လစ်လိုက်ဦးမယ်"

အသီးသီး နှုတ်ဆက်ပြီး ထွက်လာတော့ ...

"ကဲ .. ဘယ်လဲ"

"ချေး .."

"ဟဲ့ .. ဖြုန်းစားကြီး"

မိုးသိ က တအံ့တသြပြောတော့ နန်းယု က ခပ်ငေါ့ငေါ့ပြော သည်။





"ဟဲ့ ဖြုန်းစားကြီးဆို ကိုချို အတွက် မွေးနေ့လက်ဆောင် ဝယ် ပေးဖို့ အပျူကပြင်း စီစဉ်တာနေမှာပေါ့"

"ကျောင်းတပြန်မှ သွားလည်းရတဲ့ဟာကိုဟယ်"

နောက်တနေ့ နှစ်ယောက်သား ပွစိပွစိနဲ့ ဝါလာကြပါသည်။ နှင်းဆီ သွားတာလည်း မလိုက်ကြတာ မဟုတ်။

ဒီနှစ်ယောက်အကြောင်းကို သိနေတာကြောင့် နှင်းဆီ ကျိတ် ပြုံးရင်း ကားတံခါးဖွင့်ကာ ဝင်ထိုင်တော့ မိုးသိ က ပြောသည်။

"ငါတို့နှစ်ယောက်ကို သူ့အထိန်းတော်တွေများ မှတ်နေလား မသိဘူး တကယ်တည်း ဖြစ်နေလိုက်တာ မြင်ကို မမြင်ဖူးပါဘူး ဟယ်၊ ကိုချို့ ကျမှ နှင်းဆီ တို့ရျား ချေးကျလိုက်တာ"

"ချေးကျတော့ ကောင်းတာပေါ့၊ ပိုက်ဆံ သက်သာတယ်"

ဘူမက တဟီးဟီးနဲ့ရယ်တော့ နန်းယု က ပြောပါသည်။

"နင် တကယ် ကြွေသွားပြီလား နှင်းဆီ"

ဘူမ ကားနောက်ကြည့်မှန်မှတစ်ဆင့် သူဝို့ကို တစ်ချက်လှမ်း ကြည့်ရင်း ...

"အချစ်ဆိုတာ ရင်ထဲကိုဝင်လာချိန်မှာ ခံစားမှုမျိုးစုံကို ပေး တယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. သေးပေါက်ချင်တာတို့ အီးအီးပါချင်တာတို့လား.. ဒါလည်း ဖြစ်တတ်ပါတယ်"

မိုးသီ က တမင်ရွဲ့ပြီး ပြောသည်။ သူမကတော့ စကားတွေ ပြောနေမိသည်။

"ရှုံးညံ့တဲ့ကြည်ရှုမှု အတွေးတစ်ခုကို ပေးတယ်၊ ဆုံးရှုံးလိုက်ရမှာဆိုတဲ့ အတွေးကို ဘဝမှာ ဆုံးရှုံးမှုတာတွေထက် အချစ်ဆိုတဲ့ အရာ ဆုံးရှုံးရမှာကို ပိုကြောက်ခဲ့တယ်"

"ဘုရားရေ!... အဲဒီလောက်တောင်ပဲလား နှင်းဆီ ရယ် .."

နောက်က ဘုရားတ,သံတွေကြောင့် သူမ ဟက်ဟက်ပက်ပက် ရယ်မိပါသည်။

ဈေးကို ရောက်တော့ ...

"နင် ငါတို့ကို ရှမ်းခေါက်ဆွဲ ဝယ်ကျွေးရမှာနော် နှင်းဆီ"

"အေးပါဟယ် ... အဲဒီအငတ်တွေက တစ်မျိုး"

ကားပါကင်ထိုးရပ် အပ်ခဲ့ပြီး သုံးယောက်သား အတူလျှောက်လာကြပြီး ...

"နှင်း ဘာအမွှေးနံ့လက်ဆောင် ပေးမှာလဲ နှင်းဆီ"

"အဘအပေးအမှုန်းကို မသိဘူးဟဲ့၊ နင်တို့ ဝိုင်းစဉ်းစားပေးပါလား"





"ဂါဝန်တစ်ထည်လောက် ဝယ်ပေးလိုက်ပါလား"

"နှင်တို့နော် .. နင်တို့ .. ဘုန်းနိမ့်အောင် လုပ်မနေနဲ့"

အဖြစ်သည်းနေတဲ့ နှင်းဆီ ပုံစံကြောင့် ...

"ဖြစ်နေလိုက်တာ နှင်းဆီ ရယ် .. ပါးစပ်လေးပြောရုံနဲ့တော့ ဘုန်းမနိမ့်ပါဘူးဟယ်၊ နေပါဦး ... နင် အဲလောက် အမြန်ဆုံး ရှုံးနိမ့်သွားရအောင် ကိုချို က ဘယ်လိုလုပ်လိုက်လို့လဲ"

"ဟဲ့ ..."

သူမက အလန့်တကြား တားတော့ မိုးသီ ရယ်ကျဲကျဲနဲ့ ...

"ပြုစားတာကို ပြောတာပါဟယ်၊ စကားလောသွားလို့"

နှန်းယု ကလည်း အခုလို ပြောပါတယ်။

"ပြုစားတာတော့ မဖြစ်နိုင်ဘူး .. ပြုတ်စားတာပဲ ဖြစ်မယ်၊ နှလုံးသားကို ပြောပါတယ်"

ပေါက်တတ်ကရတွေပြောပြီး ရှူးဖွမ်းတစ်ခုထဲကို ဝင်ခဲ့ကြပါသည်။

ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်ရင်း မိုးသီ က ကောင်တာတစ်ခုကနေ လက်ယပ်ခေါ်တာကြောင့် နှင်းဆီ နဲ့ နှန်းယု မိုးသီ ရှိရာကို လျှောက်လာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ … ဒီမီးခြစ်လေး ဝယ်ပေးပါလား .. ချစ်စရာလေး။ မီးခြစ်အိတ်ကလေးကလည်း ခပ်သန့်သန့်လေးဟဲ့”

ဈေးနှုန်းမေးကြည့်တော့ ဈေးနှုန်းက သင့်နေတာကြောင့် မိုးသိက …

“ယူလိုက်ဟာ နှင်းဆီ”

သူမလည်း ကိုချို ဆေးလိပ်သောက်တာ တွေ့နေတာရယ်၊ မီးခြစ် မဆောင်တတ်တာရယ် သတိထားမိတာကြောင့် ယူမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

“ညီမ အဲဒီမီးခြစ်ပဲ ယူလိုက်တော့မယ်”

ကောင်တာစာရေးမလေးက ခေါင်းညိတ်ပြီး ထုတ်ပေးဖို့ ပြင်ဆင်နေစဉ်မှာပင် …

“ညီမ .. ခုန အစ်မကြည့်တဲ့ မီးခြစ်လေး ပေးပါကွယ်၊ ဒီမှာ ပိုက်ဆံ”

ကြားဖူးနေတဲ့အသံကြောင့် နောက်လှည့်ကြည့်တော့ သူမရဲ့ မဟာပြိုင်ဘက် သူဇာ ဖြစ်နေပါသည်။

သူဇာနဲ့ သူမသူငယ်ချင်းကလည်း ရုတ်တရက် နှင်းဆီ ကို တွေ့လိုက်ရလို့ အံ့အားသင့်သွားပုံရပါသည်။





ကောင်တာက ကောင်မလေးက နှင်းဆီ ကို အားနာပါန်နဲ့…

“ဆောရီး အစ်မ .. ဒီအစ်မက ခုနကကြည့်ပြီး လာယူမယ်ပြောပြီး ထွက်သွားတော့ မယူတော့ဘူး အောက်မေ့လို့ အစ်မကိုရောင်းဖို့ ပြောမိတာ .. စိတ်မဆိုးပါနဲ့နော် ..”

“တောက် … မဆုံချင်တဲ့မျက်နှာကိုမှ လာတွေ့ရတယ်လို့”

“အေး … ငါလည်း နင့်လိုပဲ နှင်းဆီချို”

“လာပါဟယ်”

မိုးသိ က ထပ်ပြီး ပြဿနာမတက်အောင် အတင်းဆွဲခေါ်လာခဲ့ပါသည်။ ရင်ထဲမှာ မကျေနပ်မှုက တလိပ်လိပ်။

နောက်ဆုံးတော့ ကိုချို့ အတွက် နာရီတစ်လုံး ဝယ်ဖြစ်ပါသည်။

ဒါပေမယ့် ရင်ထဲမှာ မိုးသူဇာ လုပ်သွားပုံကြောင့် အခံရခက်နေတာတော့ အမှန်ပါ ..။

“နင်တို့နှစ်ယောက်ကလည်း ဖြစ်လိုက်ရင် အဆန်းပဲ၊ ဒီလိုလုပ် ကိုချို့ ကို တစ်ယောက်တစ်ခြမ်း ခွဲယူကြ”

“အေးဟယ် .. အကြိုက်ချင်းတူတော့လည်း အခက်သားပဲ နှင်းဆီ၊ နင့်ကို ငါ မေးချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

ဆောင့်ကြီးအောင့်ကြီးနဲ့ ဒေါ်သမပြောသေးတဲ့ပြောပုံကြောင့် မိုးသီ က မျက်ခေါင်းထိုးရင်း ...

"ကဲ ... ဒေါ်သလည်း ပြောပါတော့ နှင်းဆီ ရယ် .. ဒီလိုဟဲ့ .. နင် ကိုချို့ကို ချစ်ခဲ့တာ အလေသင်းအဓားတစ်ခုတော့ မဟုတ်ပါဘူး နော်"

နှင်းဆီ စိုးရိမ်သွားဟန် မျက်နှာပျက်သွားရင်း ...

"ငါ ပြောမိတဲ့ .. လေသင်းမီတာတွေကို ကိုချို သိသွားမှာ ငါ သေမလောက် ကြောက်တာ၊ ဘာကြောင့် ကြောက်ရတာလဲဆိုရင် ကိုချို ကို ချစ်လို့ပဲ မိုးသီ ...၊ ငါ တကယ်ပြောတာပါဟာ"

မိုးသီ သက်ပြင်းချမိပါသည်။

ယောကျ်ားတစ်ယောက်အတွက် အခုလိုဖြစ်နေပုံမျိုး နှင်းဆီ တစ်ခါမျှ မဖြစ်ခဲ့တာ မိုးသီ တို့ သိနေတော့သည်။ နှင်းဆီ အတွက် စိတ်မကောင်း ဖြစ်မိပါသည်။





ညကက စာကြည့်ရင်း ကော်ဖီတစ်ခွက် သောက်မိ၍ အိပ်မပျော်ဘာကြောင့် သူဇာ အိပ်ရာထ နောက်ကျခဲ့ရပါသည်။

ကန်စွန်းခူးရမှာ သိနေတာရယ် ..၊ သူမ ကန်စွန်းခူးနောက်ကျရင် မောင်လေး ကန်စွန်းပို့ပြီးမှ ကျောင်းတက်ရမှာမို့ သူမ ကမန်းကတန်းထပြီး အမေ့ကို လှမ်းပြီး ...

"အမေ ... သမီး အိပ်ရာမသိမ်းတော့ဘူး၊ မောင်လေးကို သိမ်းခိုင်းလိုက်"

အမေက ထမင်းအိုးမွှေနေရာမှ ...

"ဟဲ့ နှင့်မောင် ဇော်လေး ကဖြင့် ကျောင်းသွားပြီ၊ နာရီကြည့်ပါဦး သမီးရယ် .."

"ညကက အိပ်ရာဝင်နောက်ကျသွားလို့ အမေ"



www.burmeseclassic.com

www.burmeseclassic.com



အမေက ပြုံးရင်း ...

"ဘာမှစိတ်မပူနဲ့ .. ကန်စွန်းရွေးပြီးလို့ သွားတောင်ပို့ပြီးပြီ အိမ်ရှေ့မှာ မောင်ချို ပန်းပင်ရေလောင်းနေတယ် သမီး"

"ဘယ်လို!... အမေ"

"ဟုတ်တယ် .. မောင်ချို အစောကြီးရောက်လာပြီး ကန်စွန်းရွေး .. စည်းပြီးတော့ ဒေါ်လေး ကို သွားပို့ခိုင်းပြီးပြီ၊ ခုနပဲ အမေ ကြော်ပေးတဲ့ ထမင်းကြော်စားပြီး နှင်းဆီပန်းပင်တွေ ရေလောင်းနေတယ်"

ကိုချို ရောက်လာပြီဆိုတော့ သူမ ပျော်ရွှင်သွားကာ မျက်နှာ အမြန်သစ် သွားတိုက်ပြီး ခြံထဲဆင်းလာခဲ့ပါသည်။

ကိုချို က လေလေးတချွန်ချွန်နဲ့ ပန်းပင်တွေကို ရေဖျန်းနေပါသည်။

"ပေါ်တော်မူကြီး ပျောက်ချက်သား ကောင်းနေပါလား၊ ဘာလဲ .. သရဲလာခြောက်တာလား"

ကိုချို လှည့်ကြည့်ပြီး ...

"ဪ ... သူဇာ နိုးနေပြီ"

"ပေးလေ ကိုချို သူဇာ ဆက်ပြီး ရေလောင်းလိုက်မယ်"





သူမစကားကြောင့် ကိုချို ပြုံးရင်း ...

"အကုန်လောင်းပြီးပါပြီဗျာ"

"ကျေးဇူးပဲ .. သူဇာ ညက အိပ်ရာဝင် နောက်ကျသွားလို့"

"ဘယ်သူ့အကြောင်း စဉ်းစားနေလို့လဲ"

"ကိုချို့ အကြောင်းလေ .. အဲ ..."

သူမပြောပြီးမှ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ ရှက်ရှက်နဲ့ခေါင်း ငုံ့ရင်း ...

"ဟိုလေ .. ကိုချို ရုတ်တရက်ပျောက်သွားတယ်ဆိုလို့"

ကိုချို က နှင်းဆီပန်းတစ်ပွင့်ကို ကိုင်ကြည့်ရင်း ...

"အိမ်က အရေးပေါ် ခေါ်လို့ သူဇာ"

"သူတို့သားကို မိန်းမပေးစားမလို့နဲ့ တူတယ်"

"မဟုတ်ပါဘူး .. တစ်ယောက်ယောက် ကျန်းမာရေးကြောင့်ပါ"

"ဒါနဲ့ ကိုချို့မွေးနေ့ ဒီနေ့ဆို ..."

ကိုချို မျက်ခုံးမြင့်တက်ကြည့်ပြီး ...

"ကြည့်ရတာ ဟိုကောင်တွေ အာချောင်လိုက်ပြီနဲ့ တူတယ်"

"ဘာလဲ ကိုချို က ကိုချို့ မွေးနေ့မှာ ကျွေးရမှာကြောက်လို့



www.burmeseclassic.com

မပြောတာလား"

သူဇာ ဖွပုတ်ပုတ်နဲ့ ပြောမိတော့ ကျွန်တော် သဘောကျ ရယ်မိပါသည်။

"မဟုတ်ပါဘူး သူဇာ ရယ် .. အနားကပ်မှ သူဇာ က တို့ အံ့ သွားအောင် ပြောမလို့ဟာ၊ တစ်ခုရှိသေးတယ် .. ကျွန်တော် နော ရက်တွေ အလုပ်လာဆင်းနိုင်မှာ မဟုတ်တော့ဘူး"

သူမ အံ့သြသွားလို့ မေးမိပါသည်။

"ဘာဖြစ်လို့လဲဟင် သူဇာ လုပ်ခပေးတာ နည်းလို့လား"

"ဟာ!... မဟုတ်ဘူး သူဇာ... နယ်က ကျွန်တော့်အမေ ဆေး ကုဖို့ ဦးလေးအိမ် ပါလာတယ်၊ အဲဒီမှာ သွားနေပေးရမှာ"

"ဩော် ... မသိပါဘူး ပိုက်ဆံနည်းလို့လားလို့၊ ကိုချို့ အမေ ပါလာတယ်ဆိုတော့ ကိုချို ပိုက်ဆံလိုမှာပေါ့၊ ကိုချို့ လုပ်ခ ယူ တော့လေ"

ကိုချို က ခေါင်းခါပြပါသည်။

"မယူသေးပါဘူး .. လိုမှယူမယ်၊ သူဇာ သိမ်းထားလိုက်

"ပြောလိုက်ရင် အဲဒီလိုပဲ .. သုံးစရာမရှိရင် ယူထားလိုက် ဩော် ... ဒါနဲ့ ခဏ ကိုချို့ ကို မွေးနေ့လက်ဆောင်ပေးဖို့ သွား





လိုက်ဦးမယ်"

"နေဦး .. သူဇာ"

သူဇာ သွားမလို့လုပ်ပြီးမှ ကိုချို က လှမ်းတားသည်။

"မပေးနဲ့ဦး သူဇာ ... ကျောင်းရောက်မှ ပေး၊ သူငယ်ချင်းတွေ ကိုလည်း ပြုစုရင်းပေါ့၊ တစ်ခုတော့ ရှိတယ် .."

ကိုချို သူဇာ ကို ဘာပြောမလဲ သိနေတာကြောင့် မျက်နှာပျက် သွားရင်း ...

"ဘာလဲ ဟိုဟာမ လာမှာ မဟုတ်လား ကိုချို"

ကိုချို က စိတ်ပျက်ဟန်နဲ့ သက်ပြင်းချရင်း ...

"ကျွန်တော့်မွေးနေ့အတွက် သူဇာ တို့ဆီက လက်ဆောင် တစ်ခု လိုချင်တယ်၊ အဲဒါ .. ဘာလဲဆိုတော့ သူဇာနဲ့ နှင်းဆီ ကျွန် တော်နဲ့ အတူတကွ မွေးနေ့ချိန်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းချင် တဲ့ အခွင့်အရေးတစ်ခု ပေးပါလို့"

သူဇာ ကိုချို့ ကို သူမကြောင့် မွေးနေ့ပွဲ မပျက်စီးစေချင်ပါ..။

"နှင်းဆီချို ကိုလည်း ပြောပြီးပြီလေ့ခင့်"

အင်တင်တင်နဲ့ပြောလာတဲ့ လေယူလေသိမ်းကြောင့် ကိုချို သူ့ အစီအစဉ် အောင်မြင်ပြီးဆိုတာ သိလိုက်ပါသည်။

www.burmeseclassic.com



"သူ့ဘက်က ရန်မရှာဘူးဆိုရင် သူဓာ လည်း ရေိုင်းပါဘူး"

"ကျေးဇူးပဲ သူဓာ၊ ကဲ .. ကျွန်တော်လည်း ပြန်လိုက်ဦးမယ်၊ ကျောင်းကျမှ ဆုံကြတာပေါ့"

သူဓာ အပြုံးနဲ့ ခေါင်းညိတ်ပြလိုက်ပါသည်။

အောင်ကောင်း တို့ အိမ်ပြန်လာတော့ ဟိုကောင်တွေက အသင့် စောင့်နေပါသည်။

"ငါးရံ့နှစ်ကောင်နဲ့ ပြာလူးနေတဲ့ကောင် လာပါပြီကွာ"

အောင်ကောင်း စကားကြောင့် အေးကျော် က ...

"လေ့နှံနှစ်ဖက်ကို ဝါးလုံးခင်းပြီး နှစ်စီး စီးချင်တဲ့ကောင် .. အကွေ့ သတိထားနော် .."

သူရ ကတော့ ပြုံးနေပါသည်။

"အေးကွာ ... သူတို့နှစ်ယောက်ကို သတိထားပြီး စကားပြောနေရတယ်"

"မင်းကိုက မဟုတ်တာပါကွာ၊ တစ်ယောက်ယောက်ကိုကြိုက်ရင်လည်း ကြိုက်လိုက်ပေါ့ကွာ၊ နေပါဦး ... မင်းက ဘယ်သူ့ကို ချစ်နေတာလဲ"

"မင်း အစ်မကို"





အေးကျော် က လှမ်းကန့်ရင်း ...

"နှစ်ယောက်တည်းနဲ့တောင် မင်း အုလည်ချာလည်လိုက်နေတာ၊ သုံးယောက်ဆိုရင် မင်း အရူးထောင်ရောက်သွားလိမ့်မယ်၊ လုပ်ပါဦး .. မင်း ဘယ်သူ့ ချစ်နေတာလဲ"

ကိုချို စကားမပြန်နိုင် ..။

"ငါ့ရင်ထဲမှာ ရှိနေတဲ့သူကို ငါ သိပါတယ်၊ ဒါပေမယ့် ငါ မပြောဘူးလို့ ဆုံးဖြတ်ထားခဲ့တယ်"

"ဟာ!... ဘာကြီးလဲကွာ"

အောင်ကောင်း စိတ်ပျက်သံနဲ့ပြောတော့ သူရ က ...

"ပြောမနေနဲ့တော့ အောင်ကောင်း .. ဒီကောင်က သာမန်မဟုတ်ဘူး ကြောင်နေတာ၊ ကဲ .. လုပ် .. လုပ် ဘာစားပြီးပြီလဲ"

"စားလည်း စားပြီးပြီ ရေလည်း ချိုးလာခဲ့တယ်"

"ကိုချို တို့ကတော့ ယောကျ္ာမကို ပိုင်တယ်ကွာ"

"ဟာ!... မင်းတို့က တစ်မျိုးကွာ"

အဝတ်အစားလဲဖို့ အောင်ကောင်း အခန်းထဲကို ဝင်လာခဲ့ပါတယ်။ အဝတ်အစားလဲပြီး လေးယောက်သား ကျောင်းသွားဖို့ပြင်တော့ အောင်ကောင်း က လမ်းမှာ မေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူရ က မင်းဦးလေးအိမ်မှာ မင်းနဲ့အတူ လိုက်နေမှာပေါ့"

သူရ က ခေါင်းညိတ်ရင်း ...

"ဟိုမှာ သူ့အဖေနဲ့ ခင်နေရင်း သူ့အဖေက အကူအညီတောင်းလို့ကွ၊ သူ့ဦးလေးက တစ်ယောက်တည်း ခပ်အေးအေးသမားဆိုတော့ ဒီကောင်နဲ့လည်း အဖော်ရသွားတာပေါ့ ခေါ်ရှုံသွားဘာသွားအကူအညီလည်း လိုတာနဲ့ ငါလည်း လိုက်နေပေးလိုက်တာ"

"ကဲ .. ကားလာနေပြီ"

ဖယ်ရီကား လာနေတာကြောင့် စကားဖြတ်ကာ ကားကို စောင့်နေကြပါသည်။





"အခြေအနေကတော့ ရှာရန် ရာနှုန်းပြည့်ပဲ အောင်ကောင်း"

သူရ က အောင်ကောင်း ကို ခပ်တိုးတိုး လှမ်းပြောတော့ အောင်ကောင်း က မသိမသာ ခေါင်းညိတ်ရင်း ...

"ဟုတ်တယ် .. ဒီကောင် ဘယ်လို မီးစင်ကြည့်ကမလဲ၊ ကြည့်ကြသေးတာပေါ့"

သူရ ပြောသလို ဟုတ်တော့လည်း ဟုတ်ပါသည်။

အလယ်မှာ ကိုချို ထိုင်နေပြီး လက်ဝဲရံ နဲ့ လက်ယာရံမှာ ဖုရားနှစ်ပါးမဟုတ်တဲ့ မီးပွားနှစ်စက လက်ပိုက်ပြီး မျက်နှာကြီး မှိုတေတေနဲ့ ထိုင်နေကြပါတယ်။

နှင်းဆီချို ရဲ့ဘေးမှာ မိုးသီ နဲ့ နန်းယု တို့ရှိကြပြီး သူဇာ ရဲ့ ဘေးမှာ ဖြူဖြူ နဲ့ အေးသန္တာ တို့ ရှိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကတော့ ကိုချို့ ကို အားနာသလို အနေရ အထိုင်ရ ခက်နေဟန် မျက်နှာတွေနဲ့ ဟန်လုပ်ပြုံးနေကြရသည်မှာ မျက်နှာအတော် ညောင်းစရာကောင်းပါသည်။

"မှာကြပါ .. အားမနာနဲ့"

ကိုချို့ က ဘယ်သူ့မျှ မရည်ရွယ်တဲ့ အားလုံးကိုခြုံငုံပြီး စားစရာတွေ မှာကြပါသည်။

ဘေးဝိုင်းက ကျောင်းသားကျောင်းသူတွေက ကိုချို့ နဲ့အတူ တစ်ပြိုင်နက်တည်း တွဲလိုင်နေကြတဲ့ နှင်းဆီ နဲ့ သူဇာ တို့ပုံရိပ်တွေကြောင့် အံ့သြသလို ကိုချို့ ကို အထင်ကြီးကြဟန် တိုးတိုးတိတ်တိတ် ဝေဖန်နေကြပါသည်။

"သူဇာ ဘာမှာမလဲ .. နှင်းဆီ ရော .."

စကားပြောရင်း နှစ်ဦးနှစ်ဖက် အညီအမျှ ပြောရရှာတဲ့ ကိုချို့ လုပ်ရပ်ကြောင့် မိုးသီ တို့က ကျိတ်ရယ်ကြသည်။ သတ္တာ က ကိုချို့ ကို မြင်တော့ လျှောက်လာရင်း ...

"အစ်ကိုလေးတို့ ဘာမှာပြီးပြီလဲ"

"နှင်းဆီ မှာလေ"

နှင်းဆီ က ခပ်တည်တည်နဲ့ သတ္တာ ကို မော့ကြည့်ပြီး ...





"လက်ဖက်ဖုံး"

"ဗျာ!... ဟို .. ကျွန်တော်တို့ဆိုင်မှာ သရက်သီးသနပ်ပဲ ရှိတယ် အစ်မ"

ကိုချို့ မျက်နှာပျက်ရပါပြီ ..၊ နှင်းဆီ က ကိုချို့ ကို လှမ်းကြည့်ပြီး သက်ပြင်းချကာ ...

"ထမင်းပေါင်း တစ်ပွဲ .. ဝက်နဲ့"

ကိုချို့ အခုမှ စိတ်အေးရပါသည်။

"သူဇာ ရော ..."

"ခိုင်းနှမိုက်"

သတ္တာ က အူလည်ကြောင်လည်နဲ့ ခေါင်းကုတ်ရင်း ...

"အစ်မ ဘယ်လိုဟာင်းလဲဟင် ...၊ စိုးမြင့်ကြော်တို့ .. ကုန်းဘောင်ကြီးကြော်တို့ပဲ ကြားဖူးတယ်"

"သူဇာ .."

ကိုချို့ က သတိပေးသလိုနဲ့ လှမ်းခေါ်တော့ ...

"ထမင်းပေါင်း .. အမဲသားနဲ့"

"ဗျာ!... မနှောက်ပါနဲ့"

"ဒါဆိုလည်း ကြက်သားနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ကိုချို နဲ့ ရန်ဘက်နှစ်ဦးကိုကြည့်ပြီး အားလုံးက ရယ်လည်း ရယ်ချင် .. စိတ်လည်း မောကြပါသည်။ ဘယ်အချိန်မှာ ဘယ်သူက ဘယ်သူ့ကို ထဖောက်မလဲ စိတ်တထင့်ထင့်နှင့်ပေါ့ ..။

"မှာကြလေ .. မှာချင်တာ မှာကြ၊ အားမနာပါနဲ့"

"အားမနာပါဘူး မှာမှာပါ"

"တို့ကို ခေါက်ဆွဲကြော် ယမ်းဘီလူးလေးပါ .. အဲလေ ... ကြက်သားလေးနဲ့"

"ငါ့ကို ကြာဆံကြော် ငြိမ်းငြိမ်းချမ်းချမ်းလေး"

အားလုံးက ပေါ့ပေါ့ပါးပါးဖြစ်အောင် နောက်ပြောင်ကြပါသည်။

စားစရာတွေယူလာတော့ ပြဿနာက စပါပြီ။

သတ္တာက ထမင်းပေါင်းနှစ်ပွဲကို နှင်းဆီ နဲ့ သူဇာ ရှေ့မှာ မှားချရာက စပါသည်။

နှင်းဆီ က သူဇာ မှာထားတဲ့ ကြက်သားနဲ့ ထမင်းပေါင်းကိုကြည့်ပြီး မျက်နှာပျက်သွားကာ ဘာမပြော ညာမပြောနဲ့ ကောက်ယူကာ သတ္တာ ကို လှမ်းခေါ်ကာ ...

"ဟဲ့ .. ကောင်လေး ... ငါမှာထားတာ ဝက်သားနဲ့လေ ရော့ .. ဒါ ပြန်ယူပြီး ခွေးကျွေးလိုက်"





နှင်းဆီချို ရဲ့အသံကြောင့် ဘေးပတ်ဝန်းကျင်က လှမ်းကြည့်ပြီး ဝိုးတိုးကျိတ်ကျိတ်အသံတွေ ကြားရပါသည်။

"နှင် .. ဘာပြောတာလဲ"

"ဝုန်း"

"ခလွမ်"

သူဇာ က ပြောလည်းပြော သူမရှေ့က ထမင်းပေါင်းပန်းကန်ကို တိုက်ချလိုက်ပါတယ်။ ကိုချို ဝုန်းခနဲ ထရပ်လိုက်ပါသည်။

နီရဲခက်ထန်နေတဲ့ ကိုချို့ မျက်နှာကြောင့် သူဇာ ရော နှင်းဆီပါ မီးကို ရေနဲ့သတ်လိုက်သို ငြိမ်သက်သွားပါသည်။

"တောက် ... မင်းတို့ကွာ ... အတန့်တန့် တောင်းပန်ထားတဲ့ ကြားက .. သူ့ရ ရှင်းပြီး လိုက်ခဲ့ကွာ"

ဆိုင်တစ်ဆိုင်လုံး ကျောက်ရုပ်တွေလို ငြိမ်သက် တိတ်ဆိတ်ကြပါသည်။

"တော်ကြပါတော့ဟယ် .. ကိုချို့ ကိုလည်း အားနာကြပါဦး"

"ဟုတ်ပါရဲ့ဟယ် .. နင်တို့က လမ်းဘေးကဈေးသည်တွေ ရန်ဖြစ်နေတဲ့အတိုင်းပဲ"

"ကိုယ်က တက္ကသိုလ်ကျောင်းသူဆိုတာ သတိထားဦးလေ"



www.burmeseclassic.com

"ဒီကောင်ကြီးမို့ နင်တို့နှစ်ယောက်အပေါ် သည်းညည်းခံနိုင်တာ"

တစ်ယောက်တစ်ပေါက်ဘ ဝိုင်းပြောကြရင်း ကိုယ့်လူကိုယ် အသီးသီး ဆွဲခေါ်သွားကြပါသည်။

သူရ က ကောင်တာသွားပြီး လျှော်စရာရှိ လျှော်၊ မှာထားတာတွေအတွက် ပိုက်ဆံရှင်းနေပါသည်။

သူရ က ပိုက်ဆံရှင်းပြီးတော့ ...

"လာ .. ဒီကောင့်နောက် လိုက်ရအောင်"

"ဒီကောင် ထိုင်တတ်တဲ့နေရာ ငါ သိပါတယ်၊ လာ ..."

သူရ က ဦးဆောင်ပြီး ဆိုင်ထဲကထွက်လာကြပါသည်။

ဆိုင်ထဲမှာ ဝေဖန်သံတွေ တိုးတိုးကျိတ်ကျိတ် ကြားနေရပါရာက ။ ဆိုင်ရှင်က ပန်းကန်မှားချတဲ့ သတ္တ ကို ခူပေါက်နေပါသည်။





○ မတော်တဆ တစ်ခဏ
အမှတ်တမဲ့ တစ်ဘဝ
ဖွဖွကလေး ရှုပ်ထိတဲ့ မြားကလေး ..
○ သွေးက တစ်စက်တစ်ပေါက်
တတောက်တောက်နဲ့ ကျနေ
လက်ဖဝါးလေးနဲ့ ဖျောက်လိုက်သလား
ရင်ဘတ်မှာ အလိုလို ပျောက်သွားမလား
တကယ်ကို မေ့သွားတာ မှန်ပါတယ် ..။
○ ဟုန်းခနဲ ဝုန်းခနဲ ရင်တွင်းကတုန်ခါ
နာကျင်ခြင်းကို မှတ်တမ်းယူရအောင်
ကြေကွဲ ရင်မောမှုက စ..နေ
အပြစ်ရှိလို့လား အချစ်ငြိလို့လား
သွေးအေးအေးနဲ့ မေးခွင့်ရပါစေ
တကယ်တော့ နှောင်တစ်ကြိမ်
ဘယ်လိုပဲ အရှက်တွေကြွေပြု
ငါက စိတ်ချရမယ် မထင်ဘူး ..
သိပ်ကို စူးတဲ့ ဆူး .. စူးပုံးမှ
ထပ်အစူးခံရမှာ ကြောက်တယ် ..။

www.burmeseclassic.com



"နင်က အတ္တသိပ်ကြီးတယ် နှင်းဆီ ..။ ကိုချို့ ဘက်ကို နည်းနည်းမှ မတွေးဖူးဘူး၊ နင့်လုပ်ရပ်ကြောင့် ကိုချို ဘယ်လောက် စိတ်ထိခိုက်သွားမလဲ .. တွေးရော တွေးမိရဲ့လား"

မိုးသီ စိတ်ပေါက်ပေါက်နဲ့ပြောတော့ နှင်းဆီ ငိုင်တွေသွားပါသည်။

နန်းယု ကလည်း နှင်းဆီ ကို စိတ်ပျက်ဟန်နဲ့ ကြည့်ပြီး ...

"ကိုချို က အနေသာကြီးပါ၊ နင်တို့နှစ်ယောက် ပြေလည်ပါစေတော့ ရည်ရွယ်ပြီး သူ အပင်ပန်းခံပြီး စေ့စပ်ပေးနေတဲ့ကြားက ဟယ် ..။"

နှင်းဆီ ဆီက အသံ လုံးဝ ထွက်မလာ..။





"အခုလို ရန်ဖြစ်လိုက်လို့ ဘာအကျိုးကျေးဇူးရလဲ နှင်းဆီ၊ နင် ဂုဏ်တက်သွားလား .. ဝေးသေး ... နင်တို့ပဲ ကျောင်းသားတွေ အလယ်မှာ အရှက်ကွဲတာပဲ အဖတ်တင်မှာပေါ့၊ အဲဒီနည်းနဲ့ နင် ကိုချို့ အချစ်ကို ရမယ်လို့ မမျှော်လင့်နဲ့ နှင်းဆီ"

"မဟုတ်ဘူး .. ငါ ..."

နှင်းဆီ ဆက်ပြောလို့ မရ ..၊ မျက်ရည်တွေ စိမ့်ထွက်လာပါသည်။

ဒေါနဲ့မောနဲ့ပြောပြီးမှ နှင်းဆီ မျက်ရည်ကျလာတော့ နှစ်ယောက်သား စိတ်မကောင်းမိပြန် ..။

"တိတ်ပါဟယ် ... နောက်ဆို သတိထား ဆင်ခြင်မှပေါ့၊ ငါ တစ်ခုမေးမယ် နှင်းဆီ"

မိုးသီ စကားကြောင့် နှင်းဆီ မျက်ရည်တွေကို မသုတ်မိဘဲ မိုးသီ ကို မော့ကြည့်မိပါသည်။

"နင် ကိုချို့ ကို တကယ်ချစ်တာလား"

နှင်းဆီ ခေါင်းညိတ်ပြပြီး ...

"တကယ်ချစ်တယ် မိုးသီ၊ ပြီးတော့ ကိုချို ငါ့ကိုထားသွားမှာ ငါ အရမ်းကြောက်နေတယ်၊ အဲဒီစိတ်ကြောင့်လည်း အခုလိုမှား



www.burmeseclassic.com

www.burmeseclassic.com



တွေကို ငါ ...”

စကားဆက်မပြောနိုင်တော့တဲ့ ငိုချလိုက်တော့ မိုးသီ ပခုံးဖက်ပြီး နှစ်သိမ့်နေပါသည်။

“မငိုပါနဲ့တော့ဟယ် .. ငါ ပြောမယ် နှင်းဆီ၊ နှင် ကိုချို့ ကို ချစ်ရင် ကိုချို ဖြစ်စေချင်တဲ့အတိုင်း နေပေးမှ ကိုချို နှင့်ဘက် ပါမှာပေါ့”

“ကိုချို့ ဆန္ဒအတိုင်း .. ဟုတ်လား ... မိုးသီ”

အားကိုးတကြီးနဲ့ ပြောလိုက်တဲ့ နှင်းဆီ ဟန်ပန်ကြောင့် မိုးသီ ယုံယုံကြည်ကြည် ခေါင်းညိတ်ပြလိုက်မိပါသည်။

နှင်းဆီ တို့လိုပဲ အေးအေးဆေးဆေး စကားပြောလို့ရတဲ့ သစ်ပင်ရိပ်အောက်တစ်ခုမှာ သူဇာ့ ကို အေးသန္တာ နဲ့ မြူမြူ က သူမ၏ လုပ်ရပ်ကို ရှုံ့ချနေပါသည်။

“နှင် ဒီလိုလုပ်လိုက်လို့ သူ့ရဲ့ကောင်းကြီး ဖြစ်သွားတာပေါ့၊ ကိုချို က ကျေကျေနပ်နပ် ဘာရာဇ်ဝင်လို့ ကောင်းချီးပေးတာပေါ့ ဟုတ်လား ... သူဇာ ပြောစမ်းပါဦး”

အေးသန္တာ က တခင်ခဲ့ပြီးပြောတော့ မြူမြူ ကလည်း အခွင့်ရတုန်း အပြစ်တင်ပါတော့သည်။





“တက္ကသိုလ်ကျောင်းသူဖြစ်ပြီး ကိုယ်လည်း ဘဝကို ခွန်နဲ့အားနဲ့ ဖြတ်သန်းလာခဲ့ပြီး ဦးနှောက်က တုံးရလား သူဇာ ရယ် .. ဘယ်လောက် ရှက်ဖို့ကောင်းလဲ၊ အားလုံး ဝိုင်းကြည့်နေကြတာ”

သူဇာ ကတော့ ဆိုင်ထဲကထွက်ကတည်းက အခုထိ တရှုံ့ရှုံ့ ငိုနေတုန်းပါ။

“ငါလည်း နှင်းဆီ မျက်နှာမြင်ကတည်းက ရင်ထဲမှာ ဒေါသ တလိပ်လိပ်နဲ့မို့ အခုလို ဖြစ်မိတာပါဟယ်”

“နှင် မညာနဲ့ သူဇာ .. နှင် ကိုချို့ ကို ချစ်နေတယ် မှတ်လား”

မြူမြူ သူဇာ့ ကို တည့်တည့်ကြည့်ပြီးပြောတော့ သူဇာ ငြိမ်သက်သွားပါသည်။

“ငါတို့ကို မညာပါနဲ့ဟာ .. ငါတို့က နှင့်ရဲ့သူငယ်ချင်းအရင်းကြီး တွေပါ၊ ဒါ ရှက်စရာမဟုတ်ဘူး သူဇာ”

အေးသန္တာ ထပ်ပြောမှ သူဇာ ခေါင်းညိတ်ပြပါသည်။

“အေး ... နှင် ကိုချို့ ကို ချစ်တယ်ဆိုရင် ကိုချို ကျေနပ်အောင် နေပေးမှပေါ့၊ အခု နှင့်ရဲ့လုပ်ပုံတွေက ကိုချို နဲ့ ဝေးဝေးသွားအောင် လုပ်သလိုဖြစ်နေပြီ သူဇာ”

“အခု ငါ ဘာလုပ်ရမလဲ သန္တာ”



www.burmeseclassic.com

www.burmeseclassic.com



သန္တာ အချစ်ကြောင့် လောင်ကျွမ်းနေရရှာတဲ့ သူငယ်ချင်းကို တနာသလို ငေးကြည့်ရင်း ...

"နင် နှင်းဆီ ကို သွားတောင်းပန်လိုက်"

သူဇာ ပါးစပ်အဟောင်းသား ...။

"ဟုတ်တယ် .. အဲဒီလိုတောင်းပန်မှ ဖြစ်မယ့်အခြေအနေပဲ သူဇာ"

သူဇာ တိတ်ဆိတ်ငြိမ်သက်စွာ အဝေးကို ငေးကြည့်နေပါသည်။

သစ်ရွက်တွေက လေပွေနှင့်အတူ မျောပါနေကြပါသည်။





သူူရ တို့လေးယောက် ကော်ရစ်ဘာတစ်ခုချိုးအကွေ့ မြတ်ဇော်အောင် နဲ့ ဆုံပါသည်။

"ဟိုလေ .. တစ်ခု သိချင်လို့"

အေးကျော် က ဒီကောင့်ကို လုံးဝကြည့်မရတာကြောင့် ခပ်ဆတ်ဆတ် ပြောပါသည်။

"မင်းက ဘာမေးချင်လို့လဲ"

"ဟိုလေ ... ခင်ဗျားတို့သူငယ်ချင်း ကိုချို ရဲ့ရည်းစားက နှင်းဆီ ချို လား ... မိုးသူဇာ လား .."

"မင်းက ဘာမေးချင်လို့လဲ"

အောင်တောင်း က အခုလို တုံ့ပြန်တော့ မြတ်ဇော်အောင် စပ်ဖြဲဖြဲလေးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သိချင်လို့ပါ"

"နှစ်ယောက်လုံးပဲ .. ဒါပဲ မှတ်လား"

"ဟုတ်ကဲ့"

"ဘာကောင်မှန်း မသိဘူး အကြောင်ကြောင်နဲ့ အရေးကြီးတဲ့ကြားထဲ ဒီကောင်က တစ်မျိုး"

"အေးကွာ"

ဝိုင်းပြီး ဆူပေါက်ကြပြီး ထွက်လာတော့ မြတ်ဇော်အောင်ပါးစပ်အဟောင်းသားနှင့် ...

"ဘာခေါင်းတွေ စားပြီး ဘယ်လို အစွမ်းသတ္တိတွေ ရနေလည်းမသိဘူး၊ တစ်ပြိုင်နက်တည်း ရည်းစားနှစ်ယောက်တောင်"

တစ်ယောက်တည်း ခပ်တိုးတိုးပြောပြီး မြတ်ဇော်အောင် စဉ်းစားနေမိပါသည်။

သူရ မှန်းထားတဲ့အတိုင်း ကိုချို ကို လူမရှိတဲ့ အခန်းလွတ်တစ်ခုမှာ ..။

ကိုချို ကို ထောင့်တစ်ထောင့်မှာ ထိုင်နေတာတွေ့ရပါသည်။ သုံးယောက်သား ကိုချို ဘေးကခုံမှာ ဝိုင်းထိုင်ကြတော့ ကိုချို က မော့မကြည့် ..။





ဘာလက်ဘုတ်ကို ငေးကြည့်နေပါသည်။

လက်ထဲမှာ လက်ကိုင်ပဝါတစ်ထည်ကို ဆုပ်ကိုင်ထားတော့ သူရ မျက်နှာပျက်နေပါသည်။

"သိပ်လည်း ခံစားမနေပါနဲ့ကွာ .. ရင်အလေးခံပြီး ညှိနှိုင်းပေးနေနဲ့ ကိုချို"

"ဟုတ်တယ် သူငယ်ချင်း .. ကြာရင် မင်းပဲ စိတ်ညစ်ရမှာ၊ သူတို့က သိကြားမင်း လာချေစပ်ရင်တောင် သိကြားမင်းကို ပြန်ပြဿနာရှာမယ့်ဟာတွေ .."

အေးကျော် နဲ့ အောင်ကောင်း ရဲ့စကားတွေကို ကိုချို က လေးပင်စွာ ခေါင်းခါပြတော့ အေးကျော် က စိတ်ပျက်ဟန်နဲ့ ...

"ဒါဆိုလည်း တစ်ယောက်ယောက်ကို ရွေးသင့်နေပြီ ကိုချို၊ ဒီပြဿနာက ပြေလည်သွားမှာ"

"ငါ .. ရွေး .. ချယ် .. ခွင့် .. မ .. ရှိ .. ဘူး"

အက်ကွဲကွဲအသံနဲ့ ကိုချို တစ်လုံးချင်းပြောတော့ သူရ ခေါင်းကိုက်စိုက်ကျ...ပါသည်။

အောင်ကောင်း နဲ့ အေးကျော် က သူရ ကို တစ်လှည့် ကိုချို တစ်လှည့် နားမလည်နိုင်စွာ ငေးကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်လမ်းရဲ့ အစအဆုံးကို ကိုချို ရှင်းပြလိုက်ပါ၊ ဒါမှ ရင်ပေါ့သွားမှာပေါ့"

ရှတ်တရက် ထွက်လာတဲ့အသံရှင်ကြောင့် သူတို့ အဝင်တံခါးဝကို လှည့်ကြည့်မိကြပါသည်။

"ဖော်ကြီး .."

ကိုချို ဆီက စကားသံကြောင့် ဖော်ကြီး ဆိုသူကို အေးကျော်နဲ့ အောင်ကောင်း သတိထားမိတော့ မြတ်ဖော်အောင် တို့အုပ်စုထဲ ကကောင် ဖြစ်နေပါတယ်။

သူရ ကိုကြည့်တော့ သူရ က အခြေအနေတစ်ခုခုကို သိနေပုံ ရပါသည်။

"ပွင့်ပွင့်လင်းလင်းသာ ဖွင့်ပြောလိုက်ပါ၊ ခင်ဗျားအတွက် ကျွန်တော်တို့အားလုံး ရင်ပေါ့ဆေးတွေလို့ သဘောထားပေါ့"

ကိုချိုက အားယာင်းပြီး ပြုံးလိုက်ပါသည်။

ပြီးတော့ ...

"ကျွန်တော့်ဘဝမှာ သက်သာရင်ငြိမ်းတဲ့ဆေးမှ မတိုးတော့သာ"

ဖော်ကြီး က သူတို့အားလုံးရဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်





သည်။

"ခင်ဗျားပဲ ပြောလိုက်ပါ ကိုဖော်ကြီး .."

အေးကျော် နဲ့ အောင်ကောင်း က သူတို့ သိချင်နေတဲ့အဖြေအတွက် ဖော်ကြီး ကို ငေးကြည့် နားထောင်နေပါသည်။

"ကျွန်တော်နဲ့ ကိုချို အမှတ်တမဲ့ တွေ့လိုက်ရတဲ့နေ့က ကျောင်းတွေ မဖွင့်ခင်ပေါ့၊ အဲဒီနေ့က ကျွန်တော့်အစ်ကိုအကြီးဆုံး ရှိတဲ့ ဆေးရုံကိုအသွားမှာ မထင်မှတ်ဘဲ ကျွန်တော့်အစ်ကိုရဲ့အခန်း အဝင်မှာ ကျွန်တော့်အစ်ကိုနဲ့ ကိုချို ဆွေးနွေးနေကြတဲ့သတင်းကို တိုက်တိုက်ဆိုင်ဆိုင် ကြားလိုက်ရပါတယ် ..၊

ကျွန်တော့်ကိုမြင်တော့ ကျွန်တော့်အစ်ကိုက အသံမပေးဘဲ ဝင်လာရမလားလို့ ဆူတာပေါ့၊ ကိုချို က ရပါတယ် ဘာမှမဖြစ်ပါဘူး ဆိုတာနဲ့ ကျွန်တော်ပါ အစ်ကိုနဲ့ ကိုချို ပြောနေတဲ့ စကားတွေ ကြားလိုက်ရပါတယ်"

"ဟာ!..."

"ကိုချို .."

"သူငယ်ချင်း .."

သူရ နဲ့ အေးကျော် ပြေးထွေ့တော့ ကိုချို က ဘာမှမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့ လက်ကာတားပါသည်။

ကိုချို့ လက်ထဲက လက်ကိုင်ပဝါမှာ သွေးတွေ .. ကိုချို က ပေကျံနေတဲ့နှာခေါင်းဝကို သုတ်သည်။

"ကိုချို ဖြစ်နေတဲ့ရောဂါက လူတေးမီးယားလို့ ခေါ်တဲ့ သွေး.. ကင် .. ဆာ ..."

"ဟာ!..."

အေးကျော် နဲ့ အောင်ကောင်း က မယုံနိုင်သလို ကိုချို့ ကို ကြည့်သည်။

ကိုချို့ က အပြုံးမပျက် ..။ သူရ က မျက်ရည်အဝဲသားနှင့် ကိုချို့ ကိုကြည့်ပြီး ကြာလာတော့လည်း ဒီကောင် ခံနိုင်ရည်ရှိနေပါပြီလို့ တွေးမိပါသည်။

"နောက်တစ်ကြိမ် ကျောင်းမှာဆုံတော့ ကျွန်တော် ကိုချို့ ကို မမှတ်မိဘူး။ အဲဒါက နှင်းဆီချို ရှပ်ပွေနေတဲ့မြင်ကွင်းကို ဝေဖန်ရှင်းပေါ့၊ နောက်တစ်ခါဆုံတော့ ကျွန်တော် ကိုချို့ ကို မှတ်မိလိုက်ပါတယ်၊ ဖြစ်ချင်ပေတော့ ခင်ဗျားတို့ နှင်းဆီချို နဲ့ ဧစပ်ထားတဲ့ မန္တလေး က ရဲနီကျောင်းဒင် ဆိုတာ ကိုချို ပဲ ..."

အေးကျော် နဲ့ အောင်ကောင်း က ပါးစပ်အဟောင်းသား ..။





"ကျွန်တော ကိုချို ဆက်ပြောပြပါမယ်"

ကိုချို က ခေါင်းညိတ်ပြပါသည်။

မျက်နှာကြက်နံရံကို မော့ကြည့်ပြီး သူ့ဘဝ အလှည့်အပြောင်းတွေကို ပြန်မြင်ယောင်မိပါသည်။

"ငါ့အဖေ .. အမေက ချမ်းသာတယ်၊ ကုမ္ပဏီတွေ ထောင်ထားတယ်၊ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ငါ့အဖေနဲ့ နှင်းဆီချို အဖေက အရမ်းခင်ကြတား ငါနဲ့ နှင်းဆီ ကို လူကြီးတွေက ပါးစပ်စာချုပ် သဘော သဘောတူထားကြတာ ..၊

ငါက မန္တလေးမှာ နည်းနည်း ရည်းစားများတယ်လေ၊ ငါ့ညီ ခွဲနီ ကတော့ အေးတယ်၊ ရန်ကုန်မှာ ကျောင်းတက်ချင်ပါတယ်ပြောလို့ ဖေဖေက အခု ငါနဲ့ သူရ နဲ့ နှစ်ယောက်တည်းနေတဲ့ တိုက်ကို ဝယ်ပေးပြီး ကျောင်းတတ်စေတာပေါ့၊ ငါ့ညီလည်း နှင်းဆီ နဲ့တွေ့ပြီး အသည်းကွဲလို့ မူးရူးနေတဲ့သတင်းတွေကြားလို့ ငါ့ညီကို မန္တလေး ပြန်ခေါ်ခဲ့တယ်လေ၊ အဲဒီအချိန်ကာလက ငါတို့မိသားစုမှာ ငရဲခန်းပဲ..၊

ငါ့မှာ ရောဂါရှိတာ သိနေပြီ၊ ပထမတော့ ငါ အမှုမဲ့အမှတ်မဲ့ပဲ၊ နှာခေါင်းသွေးလျှံတာထင်ပြီး အိမ်ကို မပြောခဲ့ဘဲ ပေတေနေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ နောက် ရောဂါရင့်တော့မှ ရန်ကုန်မှာ ဆေးကုဖို့ဖြစ်လာခဲ့ပြီး ဖေဖေနဲ့ မေမေက ငါ့နဲ့လိုက်နေမယ် ပြောတော့ ငါ ငြင်းတယ်..၊

တကယ်လို့ လိုက်လာမယ်ဆိုရင် ဆေးဆက်မကုဘူးလို့ အကျပ်ကိုင်တာလည်း ပါတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကို ရောဂါသည်တစ်ယောက်လို စောင့်ကြည့်နေရင် ငါ ကိုယ့်ကိုယ်ကိုယ် တွေးပြီး ဖြေလို့ရမှာ မဟုတ်ဘူး။ ငါ ရှင်းပြတော့ ဖေဖေတို့ ခေါင်းညိတ် လက်ခံကြတယ်လေ”

ကိုချို ခဏနားပါသည်။

“ငါ ရောဂါဆိုတာကို မေ့နိုင်သမျှ မေ့ထားခဲ့တယ်၊ ဒါပေမယ့် ဒီကြားထဲမှာ သွေး ခဏခဏ သွင်းတာ ဘယ်သူမှ မသိအောင် နေခဲ့တယ်၊ ဖော်ကြီး ကိုလည်း ဒီကိစ္စ ဘယ်သူမှမသိဖို့ နှုတ်ပိတ်ထားခဲ့တယ်လေ”

အခုမှ သဘောပေါက်ပါသည်။

ကိုချို သူဦးလေး နေမကောင်းလို့ ပျောက်ပျောက်သွားခဲ့တာ မှတ်မိသလို ဖြူလွှန်းတဲ့ ဒီကောင့်အသားအရေကို အခုမှ ဆက်စပ်မိခဲ့ပါသည်။

“ငါ ဖော်ကြီး ပြောပြလို့ နှင်းဆီချို အကြောင်းကို သိခဲ့တယ်၊





နှင်းဆီချို နဲ့တွေ့တော့ ငါ့ညီအတွက် ကလေးစားချေချင်တဲ့စိတ်တွေ မရှိခဲ့တာ ငါ ကျိန်ဆိုရဲပါတယ်”

ဖော်ကြီး က ခေါင်းတညိတ်ညိတ် ..။

“သူ့ရဲ့ဓာနနဲ့ ယောက်ျားတွေကို လူမထင်တဲ့စိတ်ကလေး ပျောက်စေချင်တဲ့စိတ်ပဲ ငါ ရှိတယ်လေ၊ ပြီးတော့ မသေခင် ... ဘဝ မကူးခင် ငါ ဖြေရှင်းပေးချင်ခဲ့တယ်၊ လူတစ်ယောက်ရဲ့ နောက်ဆုံး ကြိုးစားမှုပေါ့၊ ငါ ဖော်ကြီး ဆီက သူ့အကြောင်းတွေ သိခဲ့တယ်၊ ဖေဖေတို့ကလည်း စေ့စပ်ပွဲဖျက်တဲ့သတင်းကို သိပ်မကြာခင်ကမှ ဖုံးဖိမထားချင်လို့ ပြောလိုက်ရတယ်။ ငါ့ရောဂါကြောင့်လို့တော့ မပြောဘူးပေါ့ကွာ ..၊

ငါနဲ့ နှင်းဆီချို ဓာတ်လမ်းထဲ ထပ်ဝင်လာတာက မိုးသူဇာ ပေါ့၊ သူတို့ ပြဿနာဖြစ်ကြတယ်၊ ပြီးတော့ .. ငါနဲ့ပတ်သက်ပြီး မနာလို စိတ်တွေ၊ အငြိုးတွေ၊ ကလဲ့စားတွေ၊ အမုန်းတရားတွေ များလာတော့ ငါ့ကြောင့် လောင်တဲ့မီး ငါငြိမ်းမှ ဖြစ်မှာလို့ ငါတွေးပြီး နောက်ဆုံးအချိန်အထိ ငါတိုက်ပွဲဝင် ဖြေရှင်းချင်တာ ဒါပါပဲ ..၊ တစ်ခုတော့ ရှိတယ် သူငယ်ချင်း ..”

“ပြောပါ”



www.burmeseclassic.com

www.burmeseclassic.com



အာခေါင်ခြောက်သလို အောင်ကောင်း ပြောမိပါသည်။

"ငါ အခုဖြစ်နေတဲ့ရောဂါအကြောင်း သူတို့ကို မပြောမိစေဖို့ ငါ့ကို ကတိပေးပါလို့ .. ငါ့ကို ကတိပေးကြပါ"

စကားလည်းဆုံးရော ဟန်ဆောင်ထားသမျှ ချုပ်ထိန်းမှုတွေ ပျောက်ဆုံးကာ ကိုချို မျက်ရည်ကျလာပါသည်။

အေးကျော် က ကိုချို မျက်ရည်ကျတော့ စိတ်မထိန်းနိုင်တော့ဘဲ ကိုချို ကို ဖက်ပြီး ရှိုက်ကြီးတငင်ငိုတော့ သူရ က ငိုသံကြီးနဲ့ နှစ်သိမ့်ပါသည်။

"မင်း .. ငိုတော့ ဒီကောင် ပိုဆိုးမှာပေါ့ အေးကျော် ရာ .."

အောင်ကောင်း က ကိုချို မမြင်အောင် တစ်ဖက်ကိုလှည့်၍ မျက်ရည်ကျကာ မရှိုက်မိအောင် နှုတ်ခမ်းကိုက်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိပါသည်။

ဇော်ကြီး က အားလုံးကိုကြည့်ရင်း ဝမ်းနည်းလာခဲ့ပါသည်။

အပြင်မှာ မိုးကမရွာ ..၊

ဒါပေမယ့် အုပ်မှိုင်းနေပါသည်။





"အလို .. ဘုရား .. ဘုရား .."

အောင်ကောင်း က မျက်လုံးအပြူးသားနဲ့ ဘုရားတ,သည်။

ကိုချို အောင်ကောင်း ကြည့်ရာကို လှည့်ကြည့်တော့ မယုံနိုင်အောင် ဖြစ်မိပါသည်။

"ဘုရား .. ဘုရား .. ကောင်းကင်လည်း ကြည့်ဦး။ နေနှစ်စင်း လနှစ်စင်းများ ထွက်နေသလား မသိဘူး"

ကျွန်တော် ကိုယ့်မျက်လုံးကိုယ် မယုံကြည်နိုင်စွာ ငေးကြည့်နေမိပါသည်။ ကျွန်တော် ထိုင်နေရာ သတ္တ တို့ ဆိုင်တစ်ဆိုင်လုံး အခုမြင်ကွင်းကို ပါးစပ်အဟောင်းသားနဲ့ အံ့သြတကြီး ငေးကြည့်နေကြပါသည်။ ဆိုင်ထဲကို အပြုံးနဲ့ လက်ချင်းတွဲပြီး ဝင်လာသူတွေက သူဇော်နဲ့ နှင်းဆီ ..။ သူတို့ရဲ့နောက်မှာ သူတို့ရဲ့ အပေါင်းအသင်းတွေ ..။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးက ကျွန်တော့်ကိုကြည့်ပြီး သဘောကျနေပုံရကာ ကျွန်တော့်ရှေ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ကြပါသည်။

"ဘာတွေ တအံ့တသြ ဖြစ်နေတာလဲ ကိုချို ရဲ့ .."

နှင်းဆီ ရဲ့စကားကြောင့် သူဇာ ကပါ ...

"အေးလေ ... ပါးစပ်အဟောင်းသားနဲ့ လူတွေကို မမြင်ဖူးတာကျနေတာပဲ"

"ဘယ်လိုက ဘယ်လို .."

မိုးသီ နဲ့ အပေါင်းအပါတွေက အသီးသီး ဝင်ထိုင်ကြပြီး အခုလို ပြောပါသည်။

"မှားတာသိလို့ အချင်းချင်း ပြန်တောင်းပန်ကြပြီး ပြဿနာက ပြေလည်သွားကြပြီလေ၊ ဒါပေတောင် သူတို့နှစ်ယောက်က မနေ့ကတည်းက ကိုချို့ ကို သိစေချင်နေတာ၊ မနည်း တားထားရတာ.. ဒီနေ့ အားလုံး အံ့အားသင့်သွားအောင်လို့လေ"

"တကယ် မယုံနိုင်စရာပဲ၊ အခုမှ ကျွန်တော် ရင်အေးရတာ၊ မြောက်ကိုရိုးယားနဲ့ တောင်ကိုရီးယား ပြန်ပေါင်းစည်းရင်တောင် ဒီလောက် အံ့သြစရာကောင်းမှာ မဟုတ်ဘူးဗျာ"

ကိုချို့ စကားကြောင့် အားလုံး ရယ်ကြပါသည်။ သတ္တု က





မယောင်မလည်နဲ့ အနားရောက်လာကာ ...

"အစ်မတို့ ဘာမှာကြမလဲ"

သူဇာ က နှင်းဆီ ကို မျက်စိမှိတ်ပြတော့ နှင်းဆီ က သဘောပေါက်စွာ ပြိုင်တူ အော်လိုက်ကြပါသည်။

"ထမင်းပေါင်း"

"အောင်မယ်လေးဗျ"

သတ္တု တကယ် အမှန်တကယ် လန့်သွားခဲ့ပါသည်။ ဘေးဝိုင်းက လူတွေတောင် ဝိုင်းရယ်ကြတဲ့အထိပါ။

နောက်နောင်ကာလတွေမှာ ကိုချို နဲ့ သူတို့နှစ်ယောက် တတွဲတွဲ အမြဲတွေ့ကြသလို ကိုချို နဲ့ အဖြေထုတ်မယ့်မိန်းကလေးဟာ ဘယ်သူလဲ သိချင်နေကြပါသည်။

ပြီးတော့ နှင်းဆီ နဲ့ သူဇာ က အခုမှ ငယ်ပေါင်းကြီးဖော်တွေလို သံယောဇဉ်တွေ ပိုပိုလာခဲ့ပါသည်။ ဘယ်လောက်ထိလဲဆိုရင် တစ်ယောက်အိမ်တစ်ယောက် ဝင်ထွက်သွားလာကြသလို သူဇာ နှင်းဆီပန်းခူးရင် နှင်းဆီ ကပါ ဝိုင်းကူညီတဲ့အထိပါ။

မိုးသီ နဲ့ အေးသန္တာက သူတို့နှစ်ယောက်ကို အခုလိုပြောတဲ့အထိပါ။



www.burmeseclassic.com

www.burmeseclassic.com



"အစတုန်းကတော့ စနစ်တံနဲ့ မီးနဲ့ တွေ့တာကျနေတာပဲ၊ စောင်းလိုက်ချိတ်လိုက်ကြတာ"

"အေးဟာယ် .. အခုတျတော့ ငါတို့ကိုတောင် အရေးမလုပ်တော့ဘူး၊ တစ်အူတည်းဆင်းတဲ့ ညီအစ်မတွေကျနေတာပဲ"

"သူဇာ .. ပြောလိုက်လေ"

နှင်းဆီ စကားကြောင့် သူဇာ က နှင်းဆီ ကိုမှီပြီး အခုလို ပြောပါသည်။

"ငါ့အမေက နှင်းဆီ ကို မွေးစားလိုက်သလို နှင်းဆီ မာမီကလည်း ငါ့ကို သမီးရင်းလို သဘောထားတာပဲဟာ၊ ညီအစ်မငေါ်ဟဲ့.. နင်တို့ ဘာမှ မနာလိုကြနဲ့ .. နော် .. နှင်းဆီ"

"အေးလေ"

ဒီမြင်ကွင်းကို တပြုံးပြုံး နဲ့ ငေးကြည့်နေတာက ကိုချို ..၊

ကိုချို့ ကို ကြည့်ပြီး နီးကပ်လာတဲ့ခေါ် သံတွေအတွက် ရင်နင့်ရသူက သူရ တို့ အုပ်စုပါ။

လူရွေးခေါ်တဲ့ သေမင်းအတွက် သူတို့ အခံရခက်လှပါသည်။





"နင့်အကြံ ဒါ အကုန်ပဲလား ..၊ နင့်လောက် အောက်တမ်းကျ ယုတ်မာတဲ့လူ မရှိဘူး နင့်အပေါ် သံယောဇဉ်ဖြစ်မိတဲ့ ငါ့သံယောဇဉ် အတွက် ငါ ရှက်တယ်ဟဲ့"

နှင်းဆီ ရဲ့အသံက ကျားနာတစ်ကောင်လို နာကျင်မှုတွေ အပြည့် ..၊ သန္တာ ရော မိုးသီ ရော ဘာတွေဖြစ်ကုန်းမှန်း မသိတော့။

"ကာလိမ်ကာကျစ်ကများ လူပါးဝလို့ .. နင့်လို ဗလောင်းဗလဲ ပြောတတ်တဲ့ မိန်းမမျိုး ငါ မတွေ့ဖူးဘူး၊ အောက်တမ်းကျတဲ့ဟာမ"

"နေကြပါဦးဟယ် ရုတ်တရက်ကြီး ဘာတွေ ဖြစ်ကြတာလဲ"

မိုးသီ နဲ့ သန္တာ တို့ သူဇာ ခြံမှာ မနေ့ကတည်းက သူတို့နဲ့ ချိန်းထားတာကြောင့် မိုးသီ က သန္တာ့ အိမ်ကို ဝင်ခေါ်ပြီး သူဇာ့ခြံ ဝင်ရုံပဲရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ သူတို့ရှေ့ကတင် ကားနဲ့ အပြင်းမောင်းဝင်လာပြီး အခုလို ဖြစ်ကုန်ကြတာပါ။

နှင်းဆီ က မျက်လုံးတွေမှိုရဲကာ ဒေါသကြောင့် ခက်ထန်နေရင်း သူဇာ့ ကို အံကြိတ်ကြည့်ရင်း ...

"ငါ မနက်က ကိုချို ဖုန်းဆက်လို့ တစ်နေရာမှာ တွေ့ကြတယ်၊ ကိုချို က ဒီဓာတ်ပုံတွေ စာတိုက်ကတစ်ဆင့် သူ့ဆီ ရောက်လာတယ်တဲ့၊ တောက် ..."

နှင်းဆီ က သူမလက်ထဲက အသင့်ပါလာတဲ့ ဓာတ်ပုံတွေနှင့် သူဇာ့ ကို ပစ်ပေါက်ပါသည်။

သူဇာ ကိုယ်တိုင်တောင် အံ့သြရပါသည်။

အဲဒီဓာတ်ပုံတွေက တစ်နေ့က နှစ်ယောက်သား ကျောင်းမှာ တစ်ခုခုစားကြရင်း နှင်းဆီ က သူမကို ထုတ်ပြခဲ့ကာ ...

"နှင်ပဲ သိမ်းထားလိုက်ပါ သူဇာ ရယ် .. ဒါမှမဟုတ် စုတ်ဖြဲရင် စုတ်ဖြဲလိုက်ဟာ"

ဓာတ်ပုံတွေကိုယူကြည့်တော့ ပါတီပွဲတစ်ခုမှာ နှင်းဆီ နဲ့ လူတစ်ယောက် မူးရူးပြီး တွဲရိုက်ထားတဲ့ပုံတွေ၊ အဲဒီတုန်းက သူမတောင် ပြောခဲ့ပါသေးသည်။





"နင့်ဘာသာ နင် ဖြဲလိုက်ပေါ့ဟာ"

နှင်းဆီ က အဲဒီတုန်းက ရယ်ပြီး အခုလို ပြောပါသည်။

"အဲဒီနေ့က သူငယ်ချင်းတစ်ယောက်ရဲ့မွေးနေ့မှာ ငါ့ကို ဖျော်ရည်ထဲ အရက်ထည့်ပြီး ငါ့ကို လိမ်တိုက်ထားတာဟ .. နင့်ကို ငါ ပြချင်လို့ တမင်ယူခဲ့တာ"

နှင်းဆီ စကားကြောင့် သူမက ရယ်ရယ်မောမောနဲ့ ...

"ဘာလဲ .. နင် ကိုချို မြင်မှာ စိုးရိမ်လို့ မဟုတ်ဘူးလား"

သူဇာ အံ့သြရပါသည်။ ဒီဓာတ်ပုံတွေကို သူမအိတ်ထဲ သူမ ကိုယ်တိုင် ထည့်လိုက်တာ ပါ။ ဘယ်လိုက ဘယ်လို ...

"ဒါ .. ငါ လုပ်တာမဟုတ်ဘူး နှင်းဆီ .. ဒါ ... ငါ့ဆီက ကျပျောက်သွားတာ ဖြစ်နိုင်သလို နင် ကလိမ်ကကျစ်နဲ့ ပြန်ယူပြီး ကိုချို နဲ့ ငါ့အကြားမှာ ကုန်းချောတဲ့သူဖြစ်အောင် လုပ်နိုင်တာပဲ"

"ဘာ!... နင် ..."

သူဇာ ကိုယ်တိုင်လည်း မနေ့က ကျောင်းကအပြန်မှာ ကြားလိုက်ရတဲ့သတင်းကြောင့် နှင်းဆီ အပေါ် ဒေါသဖြစ်လို့မဆုံးပါ။

"အေး .. နင်ရော ဘာတူးလဲ နှင်းဆီ .. နင် ပွကြီးတို့ကို ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ မျက်မှောင်ကြုတ်ပြီး သူဇော့ ကို ကြည့်ပါသည်။

"ငါက အရှက်မရှိဘဲ နှင်နဲ့ ကိုချို ဖြစ်နေတာကို ကြားက ဖြတ်ခုတ်ဖို့ ကြိုးစားနေတာဆိုပြီး သတင်းဖြန့်ထားတာလေ"

"ငါ... ဘာမှ မပြောဘူး၊ နှင် မစွပ်စွဲနဲ့ သူဇော... ငါ ပြောပါတယ်လို့ ဘာအကြောင်းပြမလဲ၊ နှင့်ရဲ့ ကလိမ်ကကျစ်မှုတွေ ဘူးပေါ်သလိုပေါ်လို့ မဟုတ်မတမ်းရားတွေ လာစွတ်မစွဲနဲ့ နှင့်လို ကောင်မမျိုးက အဲဒါနဲ့ပဲ တန်တယ်"

"ဖြန်း .."

ရုတ်တရက် အလစ်အငိုက်ရိုက်ခံရလို့ သူဇာ ထူပူသွားပြီး ရှက်စိတ်နဲ့ ...

"ခြော် .. နှင့်လိုပဲ ငါကလည်း ..."

"ဖြန်း .."

"တော် .. ကြ .. တော့ .."

တားမြစ်သံနဲ့အတူ သူမတို့နှစ်ယောက်ကြားကို ရောက်လာသူက ကိုချို နဲ့ သူရ ..၊

မယုံနိုင်သလို မျက်ဝန်းတွေနဲ့ သူမတို့ကို တစ်လှည့်စီ ကြည့်ပြီး...





"ခြော် ... လက်စသပ်တော့ မင်းတို့နှစ်ယောက်ရဲ့ သံယောဇဉ်က ရွှေရည်စိမ်သံယောဇဉ်လို ငါ့ရဲ့ခင်တွယ်မှု .. စာနာ နားလည်တဲ့ သံယောဇဉ်တွေကိုမှမထောက် မင်းတို့က ကိုယ့်ကိုယ်ကို ချစ်တဲ့စိတ်နဲ့ ကောက်ကျစ်နေကြဖို့ပဲ တစ်ချိန်လုံး တွေးနေကြတဲ့ မိန်းမတွေကိုး..၊ ဒါ.. ဖြစ်နိုင်လား .. မဖြစ်နိုင်လား စဉ်းစားကြရဲ့လား၊ အေး.. ဒီနေ့ကစပြီး မင်းတို့နှစ်ယောက်အနားက ငါ ဝေးဝေးနေပါရစေ .. သွားမယ် သူရ"

သူရ ကိုခေါ်ပြီး ကျွန်တော် နာကျင်စွာ လှည့်ထွက်ခဲ့ပါသည်။

ရိုက်ငိုသံတွေ ... တွေဝေစွာ ငေးငိုင်မှုတွေကို ကျောခိုင်းခဲ့ပါသည်။ နောင်ဘဝရှိရင် ဒီလိုမိန်းမမျိုးတွေ နဲ့ သူ မဆုံတွေ့ချင်တော့ပါ၊ ရင်းနှီးစစ်မှန်တဲ့ သံယောဇဉ်မျိုး ဒီမိန်းမတွေမှာ ဘယ်အချိန်မှ ပေါက်ဖွားလာကြတော့မလဲ ..။

သူ့ဝိညာဉ်ရဲ့ နောက်ဆုံးအချိန်အထိ သိချင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေကြာလာတော့ နှင်းဆီ နဲ့ သူဇာ .. အတူပျော်ရွှင်ခဲ့တာတွေကို မြင်ယောင်မိရင်း အာဃာတတွေ ကျေပျက် လျော့နည်းလာပါသည်။

တစ်ခုတစ်ယောက်ရဲ့ ပယောဂလို့လည်း သံသယ ဖြစ်ချင်လာပါသည်။ အဲဒီနေ့ကစပြီး ကျောင်းမှာ ကိုချို နဲ့ သူရ ကို မတွေ့ရတော့ပါ။ အောင်ကောင်း နဲ့ အေးကျော် က ကျောင်းမှာ တစ်လှည့်စီ တွေ့ရသလို ရုံဖန်ရုံခါ ပျောက်သွားတတ်ကြပါသည်။

လမ်းမှာတွေ့ရင် နှင်းဆီ နဲ့ပဲဖြစ်ဖြစ် သူဇာ နဲ့ပဲဖြစ်ဖြစ် မျက်နှာချင်းမဆိုင်ဘဲ နောက်ကြောင်းလှည့် ရှောင်ပြေးတတ်ကြပါသည်။

မိုးသီ နဲ့ နန်းယု ကလည်း ကိုချို နဲ့ ပတ်သက်ပြီး စကားမစပ်အောင် နေပါသည်။





သူတို့လိုပဲ အေးသန္တာ နဲ့ ဖြူဖြူ ကလည်း သူဇာ ရှေ့မှာ ကိုချို နာမည် မပါမိအောင် နေခဲ့ကြပါသည်။

ဒီလိုနဲ့ တစ်လကျော်ကျော်အချိန်မှာ သန္တာ နဲ့ ဖြူဖြူ အိမ်ကို လာခေါ်ပါသည်။

ဘာအကြောင်းနဲ့ ဘယ်ကိုသွားမလဲမေးတော့ သန္တာ တို့က မပြောပါ။ သူဇာ ဘုမသိဘမသိနဲ့ လိုက်ပါလာခဲ့ရပါသည်။

သန္တာ တို့နဲ့အတူ သန္တာ မောင်းလာတဲ့ကားပေါ်က ဆင်းတော့ အေးချမ်းတိတ်ဆိတ်တဲ့ နေရာလေးတစ်ခုပါ။

သူမတို့အရင် ကားနှစ်စီးနဲ့ လူတစ်အုပ် ကြိုရောက်နေပါသည်။

"ဟင်!..."

ကားပေါ်ကဆင်းဆင်းချင်း တွေ့လိုက်ရသူက နှင်းဆီ ..၊ နှင်းဆီ နဲ့ သူမ အပြန်အလှန် ငေးကြည့်မိပါသည်။ ထူးခြားတာက အရင်လို အမုန်းအာဃာတတွေ ရှိမနေကြတော့ခြင်းရယ်ပါ။

သူမ သူတို့နားရောက်တော့ အောင်ကောင်း၊ အေးကျော် နဲ့ သူရ အပါအဝင် လူတစ်ယောက်ရဲ့ ဝတ်ပုံစားပုံတွေကို သတိပြုမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်တိရှပ်လက်တို နဲ့ ကိုချို ဝတ်တတ်တဲ့ အရောင်မှိုင်း မှိုင်းပုဆိုးကိုယ်ဆီကို ဝတ်ဆင်လို့ ထူးခြားမှုတစ်ခုကို တွေ့ရသည်။

"ကဲ .. ကိုဇော်ကြီး ခင်ဗျားပဲ ပြောလိုက်ဗျာ"

ဇော်ကြီး ဆိုတဲ့သူက ခေါင်းညိတ်ပြပါသည်။

"မနှင်းဆီ နဲ့ သူဇာ ကို အထင်မှား သံသယပွားအောင်လုပ်ခဲ့တဲ့ တရားခံအစစ်က မြတ်ဇော်အောင် ဆိုရင် .. အံ့သြသွားမလား"

"ရှင်!..."

"ဟင်!..."

သူမတို့နှစ်ယောက် တကယ် အံ့သြသွားရင်း ဇော်ကြီး ဆိုသူကို ငေးကြည့်မိကြပါသည်။

"ဟုတ်ပါတယ် ခင်ဗျားတို့ အံ့သြမယ်ဆိုရင်လည်း မမှားပါဘူး။ ဒီကောင်က နှင်းဆီ သူ့ကိုပစ်သွားတာ ကိုချို ကြောင့်ဆိုပြီး အငြိုး အတေး ထားတာ ..၊ ကိုချို က ခင်ဗျားတို့နှစ်ယောက်ရဲ့ပြဿနာကို စုံစမ်းတယ် ..၊

အဲဒီအချိန် သူ ကျွန်းမာရေးမကောင်းတော့ ကျွန်တော်တို့ အားလုံးကို အကူအညီတောင်းတယ်၊ တစ်နေ့တော့ .. သူရ က အမှတ်မထင် စားပွဲထိုးလေး သတ္တ ဆီက သတင်းတစ်ခု ရတယ်။





အဲဒါက .. နှင်းဆီ ပေးလိုက်တဲ့ ဓာတ်ပုံထည့်ထားတဲ့ စက္ကူအိတ်ကို နှင်းဆီ နဲ့ သူဇာ အပေါ်အပါးသွားတုန်း မြတ်ဇော်အောင် အလစ် အငိုက် ရိုက်ယူသွားတာ သတ္တ တွေ့လိုက်တယ်တဲ့ ..၊

မြတ်ဇော်အောင် နဲ့ နှင်းဆီ တွဲသွားတွဲလာ တွေ့ဖူးထားတော့ သတ္တ က မြတ်ဇော်အောင် နောက်ပြောင်တာပဲလား ဟိုလိုလို ဒီလို လို တွေးမိပြီး မေ့နေတာပေါ့၊ အဲဒီကိစ္စကိုသိလိုက်ရတော့ ကျွန်တော် နဲ့ သူရ တို့ မြတ်ဇော်အောင် ကို ထိုးကြိတ်ပြီးမေးတော့ ဓာတ်ပုံတွေ ကို စာတိုက်ကတစ်ဆင့် ကိုချို ဆီ ပို့လိုက်တာလည်း သူပဲ၊ ပွဲကြီး တို့အုပ်စုကို သတင်းလွှင့်တာလည်း သူ ပဲ ဖြစ်နေတယ်လေ ..၊ ဒါ အမှန်တရားတွေပါ၊ မယုံရင် မြတ်ဇော်အောင် ကို မေးနိုင်ပါတယ်"

ဇော်ကြီး ရှင်းပြတော့ သူဇာ ရှိုက်ကြီးတငင်ငိုရင်း နှင်းဆီ ကို ပြေးဖက်သည်။

နှင်းဆီ ကိုယ်တိုင် မျက်ရည်တွေနဲ့ အပြန်အလှန်ဖက်ပြီး သူဇာ့ ကို တောင်းပန်ရှာပါသည်။

"ငါ့ကို ခွင့်လွှတ်ပါဟာ .. ငါ မှားသွားတယ် သူဇာ"

"မဟုတ်ဘူး .. ငါ မှားတာပါ၊ ငါတို့ကိုက သံသယတွေနဲ့ ပူ လောင်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျန်တဲ့သူတွေက သူတို့ကိုကြည့်ပြီး စိတ်မကောင်း ဖြစ်မိပါသည်။

"ကိုချို ရော ကိုဇော်ကြီး၊ သူရ .. ကိုချို ဘယ်မှာလဲ"

သူဇော့ အမေးကြောင့် နှင်းဆီ သူတို့အားလုံးကို ချော်လင့်တကြီး ငေးကြည့်ပါသည်။

သူရ က အဝေးကို ငေးကြည့်နေပါသည်။ သူရ ရဲ့ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျလာပါသည်။

"နှင်းတို့နဲ့ မတွေ့ခင်ကတည်းက.ကိုချို က သေမိန့်အကျခံရတဲ့ ရောဂါသည်ပါဟာ .."

"ရှင်!..."

နှစ်ယောက်သား ပါးစပ်အဟောင်းသားနဲ့ သူရ ကို ကြည့်လိုက်၊ အောင်ကောင်း တို့ကို ကြည့်လိုက် ဖြစ်နေရှာပါသည်။

သူရ ဒီ အမျိုးသမီးနှစ်ယောက်ကို တည့်တည့်ကြည့်ပြီး ပြောနိုင်စွမ်း မရှိပါ ..။

"ကိုချို က လူကောင်းမီးယား ရောဂါသည်ပါဟာ..၊ နှင်းတို့နှစ်ယောက်ကလွဲရင် သူရဲ့ ရောဂါကို ငါတို့အားလုံး သိပြီးလို့ ပြန်လာခဲ့တာလေ ..၊ ဘာဖြစ်လို့လဲဆိုတော့ ကိုချို့ ဆန္ဒလေ၊ သူက နှင်းတို့





နှစ်ယောက်ကို ပြေလည်စေချင်တယ်၊ ဘယ်လောက် ပြေလည်စေချင်လဲဆိုရင် သူ ဘယ်သူ့ကို ချစ်မိသလဲဆိုတာတောင် သူ အဖြေမထုတ်ခဲ့ဖူးတဲ့၊ ရော့ .. သူမသေခင်မှာ နှင်းတို့နှစ်ယောက် ဆုံစည်းချိန်မှာပေးဖို့ အသံသွင်းထားတဲ့ ကက်ဆက်ခွေ .."

သူရ က ကားဘောနပ်ပေါ်မှာ အသံဖမ်း ရီကော်တာလေးကို ချထားပေးခဲ့ပြီး အဝေးကို ရှောင်ထွက်ပေးတော့ အားလုံးက အလိုက်တသိနဲ့ ရှောင်ဖယ်ပေးကြပါသည်။

ငိုကြွေးသံတွေဟာ တိုင်တည်သစ္စာပြုခြင်းလို့ အဓိပ္ပာယ်ရရင် ကိုချို ရောက်ရာနေရာက ကျေနပ်မှာပါ။

တုန်ရီနေတဲ့ လက်တစ်စုံက အသံဖမ်းစက်လေးရဲ့ခလုတ်ကို နှိပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအသံတွေဟာ နောက်ဆုံး နှုတ်ဆက်ခြင်းလို့ အမည် သတ်မှတ်ချင်လည်း ဖြစ်ပါတယ် ...၊

ကျွန်တော့်ဆန္ဒ မပြည့်ခဲ့ဖူးလေ၊ လူတစ်ယောက် နောက်ဆုံးအချိန်ကို ရင်နာနာနဲ့ ဖြတ်လျှောက်နေတဲ့ ကာလမှာ ပန်းလေးနှစ်ပွင့်နဲ့ ဆုံစည်းခဲ့တယ် ...၊

အဲဒီပန်းလေးနှစ်ပွင့်က ကိုယ့်ရှုးကို ကိုယ် ပြန်ဖွင့်ထုတ်၊ ကိုယ့်အဆိပ် ကိုယ်မှီနေတဲ့သူတွေပါ။

ကျွန်တော် သံယောဇဉ်တရားနဲ့ အဲဒီအဆိပ်ကို ဖယ်ပေးချင်ခဲ့ပါတယ်၊ ကျွန်တော့်ဆန္ဒတွေ ပြည့်နိုင်မယ်အသီနဲ့ ကျွန်တော့်နောက်ဆုံးအချိန်ကို မကြောက်ခဲ့ပါဘူး..၊

ဒါပေမယ့် အလင်းရောင်မှေးမှေးလေး ဖြစ်နေချိန်မှာ ကျွန်တော် မျှော်လင့်ထားတဲ့ သံယောဇဉ်တရားတွေ





ဟာ အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်လို ကျွန်တော့်ကို ရစ်ပတ်ပေါက်သတ်ဖို့ ကြံစည်နေပြီလေ ..၊

ကိုယ့်အသက်ကို သေမင်းကို ပေးလိုက်ရလို့ ဝမ်းနည်းတာထက် ကျွန်တော် မကြိုးစားနိုင်တတ်ခဲ့တဲ့ နှင်းဆီ နဲ့ သူဇာ တို့ရဲ့ ပြေလည်တဲ့ ပေါင်းစည်းမှုကို မပြုလုပ်နိုင်ခဲ့တာ ကျွန်တော်ကိုယ်ကျွန်တော် ဝမ်းနည်းလို့ မဆုံးနိုင်ခဲ့ပါဘူး ...၊

ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ် ..၊

နောင်ဘဝရှိရင် .. နောက်ထပ် ကြိုးစားခွင့်ရှိရင် ကျွန်တော် ပြန်လာခဲ့ချင်ပါတယ်။ ဝမ်းနည်းခြင်းတွေနဲ့ နှုတ်ဆက်လိုက်ပါတယ်"

ကက်ဆက်ထဲက မော်တာလည်သံသာ ကြားနေရပါသည်။

တိတ်ဆိတ်ငြိမ်သက်ခြင်းက ကိုချို့ ဝိညာဉ်လိုလို တည်တံ့နေသည်။ ရှိုက်သံတွေက ပြန်လည် နှုတ်ဆက်သံတွေလား ..။



www.burmeseclassic.com

www.burmeseclassic.com



နောက် နှစ်တွေကြာလာတော့ သေးငယ်တဲ့ သစ်ပင်တွေ ကြီးထွားလာခဲ့ပါတယ်။ အရွယ်တွေရလာတယ် .. ပြောင်းလဲမှုတွေ ဖြစ်တည် လာပါတယ် ..။

ဒါပေမယ့် မပြောင်းလဲတာက နှင်းဆီ နဲ့ သူဇာပါ။ အိမ်ထောင် လည်း မပြု၊ စီးပွားရေးတွေ ဦးစီးဦးဆောင်လုပ်ပြီး နေ့စဉ်မပျက် ညီအစ်အရင်းလို ချစ်ကြည်စွာ အတူနေထိုင်ကြသတဲ့။

တစ်ခု ရှိပါသေးတယ်။ ကိုချို ရဲ့မွေးနေ့ရောက်တိုင်း ဘုရား အတူတက် ကောင်းမှုကုသိုလ်တွေလုပ်ပြီး သူရ နဲ့ မိုးသီတို့ လက် ထပ်ပြီး အတူနေတဲ့အိမ်ကို အပတ်တိုင်း လာလေ့ရှိပါသည်။

ပြီးတော့ သူတို့နှစ်ယောက်ရဲ့ရင်သွေးကို သူတို့ ချော့မြူ အတူ ဆော့လေ့ ရှိပါသည်။





နှင်းဆီ နဲ့ သူဇာ တို့ရဲ့ အချစ်တုံးလေးဆိုရင်လည်း မမှားဖူးပေါ့။

ကလေးက ကိုချို့ လို နှာတံထိပ်ဖျား မှဲ့သေးသေးလေး ပါရှိသလို သိတတ် စကား ပြောတတ်စက နှင်းဆီ နဲ့ သူဇာ ကို ခြင်မြင်ချင်း 'နှင်းချို'၊ 'သူကြာ'လို့ ရုတ်တရက် ခေါ်တာကြောင့်လည်း ဖြစ်မှာပါ။

အဲဒီကလေးရဲ့နာမည်က 'သူချို'တဲ့လေ ..။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ယုံလား

ငုံထားတဲ့အငေးပိတွေ မှားနေပြီ…

ကြုံလာရင် အသည်းခွဲပြမယ်…။

ဘဝ၏ ဒီနှင်းခါ

ရွှေအသင်္ချေစာပေ


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဝိုးတဝါးပတ်ပျိုး

BURMESE CLASSIC .com



www.burmeseclassic.com